# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၀၉)


# ရေကြီးရေလျှံမှုနှင့် သောက်သုံးရေရှားပါးမှုကို ကာကွယ်ဖြည့်ဆည်းနိုင်ရန် ရခိုင်ပြည်နယ်အတွင်း လျှိုပိတ်ဆည်ပေါင်း ၁၁ ခု တည်ဆောက်ပေးခဲ့

**စစ်တွေ ဩဂုတ် ၄**

ရခိုင်ပြည်နယ်အတွင်း မိုးရာသီရေကြီး ရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် နွေရာသီရေရှားပါးမှုကို ဖြည့်ဆည်းဆောက်ရွက်နိုင်ရန် လျှိုပိတ်ဆည်များ တည်ဆောက်လျက်ရှိရာ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်ကျေးရွာအနီးရှိ ယိုးတရုပ်လျှိုပိတ်ဆည်ကို ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်အတွင်း တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

"ပြည်နယ်အတွင်းမှာ မိုးရာသီ ရေကြီးရေလျှံမှု ကာကွယ်ရေးနဲ့ နွေရာသီ သောက်သုံးရေ ရရှိရေးအတွက် လျှိုပိတ်ဆည်တွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေငန်တားတာနဲ့ ရေတံခါး တည်ဆောက်ခြင်း၊ ရေချိုချောင်း ပိတ်လုပ်ငန်းတွေ ဆောက်ရွက်တဲ့အပြင် တာတမံတွေ ကြံ့ခိုင်ဖို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်" ဟု ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြောသည်။

ယိုးတရုပ် လျှိုပိတ်ဆည်သည် ယိုးတရုပ်ကျေးရွာ အနောက်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး မြေသားရေလှောင်တမံတစ်ခုဖြစ်သည်။ ပျမ်းမျှစီးဝင်ရေ ဂါလန် ၁၁၆ သန်းရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဂါလန် ၆၉ ဒသမ ၁၀ သန်းနှင့် အသုံးပြုနိုင်သော ရေလှောင်ပမာဏမှာ ဂါလန် ၆၄ ဒသမ ၆၈ သန်းရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ◆



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်ကျေးရွာအနီးရှိ ယိုးတရုပ်လျှိုပိတ်ဆည်ကို တွေ့ရစဉ်။


**တိတ်ဆိတ်သွားတဲ့ မိသားစုစကားဝိုင်းတွေ** — ဆောင်းပါး — စာ » ၆

**တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများ တိုးတက်ဖြစ်ထွန်းမှုရှိရန် အမေရိကန် မျှော်လင့်** — နိုင်ငံတကာသတင်း — စာ » ၁၄

**သက်တမ်းကုန်ဆုံးသွားသော နျူကလီးယား လက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်** — နိုင်ငံတကာရေးရာ — စာ » ၁၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အာဖရိကဝက်အပြင်းဖျားရောဂါဆိုင်ရာ စစ်ဆေးဆောင်ရွက်မည့်လုပ်ငန်း ရှင်းလင်းဆွေးနွေး

**လယ်ဝေး သြဂုတ် ၄**

အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Pioneer Aerodrome ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နေပြည်တော်ဦးစီးမှူး ဒေါက်တာစံထွန်းဝေက အမှာစကားပြောကြားပြီး တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာ မင်းသိမ်းမော်နှင့် ဦးစီးအရာရှိ ဒေါက်တာ အောင်ထွန်းတို့က အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားလျက်ရှိသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နမူနာကောက်ယူခြင်းလုပ်ငန်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကာ လက်တွေ့သရုပ်ပြဆောင်ရွက်သည်။



ဆက်လက်၍ Pioneer Aerodrome Service Co. Ltd နှင့် သက်ဆိုင်ရာဌာနများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား အသေးစိတ်မေးမြန်းဆွေးနွေးရာ ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အာဖရိက ဝက်အပြင်းဖျားရောဂါသည် အိမ်မွေးဝက်များနှင့် တောဝက်များတွင်ဖြစ်ပွားပြီး ရောဂါကြိုတင်ကာကွယ်ဆေးမရှိကြောင်း၊ ရောဂါဖြစ်သောဝက်မှ ဝက်အချင်းချင်း ကူးစက်ခြင်းဖြစ်ပြီး လူသို့မကူးစက်နိုင်ကြောင်း၊ ဇီဝလုံခြုံမှုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ မွေးမြူရေးခြံကို သန့်ရှင်းစွာထားခြင်း၊ အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်တို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

မြန်မာ့အလင်း

# ပြည်သူလူထုကို ဆက်ဆံရာတွင်

ဌာနဆိုင်ရာအဖွဲ့အစည်းများ ပြည်သူနှင့်ဆက်ဆံသည့်အခါ ကောင်းကောင်းမွန်မွန်ဆက်ဆံရန်၊ ချိုချိုသာသာပြောဆိုရန်၊ ပြည်သူကို ပြည်သူလိုဆက်ဆံကြရန်၊ မိမိတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သမ္မတကြီးက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံသည့်အခါတိုင်းတွင် လမ်းညွှန်မှာကြားသည်ကို သတိပြုမိသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေကြသည့် အင်အားစုများဖြစ်ကြပြီး ပြည်သူများအတွက်လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေကြရသူများ ဖြစ်ကြသည်။ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်သည် ဝန်ထမ်းများနှင့် နိုင်ငံ၏ အရေးကြီးလှသည့် ဆက်စပ်မှုကို ညွှန်းဆိုနေခြင်းပင်ဖြစ်ပြီး ဝန်ထမ်းသည် အစိုးရနှင့် ပြည်သူတို့အကြားတွင် အရေးပါသည့်နေရာ၌ ရှိနေသူများဖြစ်သည့်အလျောက် ဝန်ထမ်းများ တာဝန်မကျေပွန်ခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေးညံ့ဖျင်းခြင်း၊ ပြည်သူအပေါ် ဆက်ဆံပုံဆိုးရွားခြင်းတို့က အစိုးရအပေါ် ပြည်သူလူထုက အကဲဖြတ်ရာတွင် အနုတ်လက္ခဏာသဘောကို ဆောင်စေသည်။

နိုင်ငံကို ပြုပြင်ပြောင်းလဲရာတွင် ဝန်ထမ်းအဖွဲ့အစည်းများအတွင်း ယခင်ကတည်းက စွဲမြဲတည်ရှိနေသည့် အမူအကျင့်ဆိုးများက ပြည်သူလူထု၏အပြောင်းအလဲအတွက် မျှော်လင့်ချက်များကို မေးမှိန်သွားစေပြီး "ဒီမိုး၊ ဒီလေ၊ ဒီလူတွေ" အဖြစ်သာ ရှုမြင်သွားစေသည်။ ဌာနဆိုင်ရာ ဝန်ထမ်းဆိုးတချို့၏ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှု၊ ပြည်သူများအတွက် ဆောင်ရွက်ပေးရသည့် ကိစ္စများတွင် နည်းအမျိုးမျိုးဖြင့် အချိန်ဆွဲ၊ လက်လွှဲကာ ပညာပြနေမှု၊ အဂတိတရားလိုက်စားမှုတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများတွင်လည်း မကြာခဏတွေ့မြင်သိရှိနေကြရသကဲ့သို့ လာဘ်ပေးလာဘ်ယူမှုများကြောင့် အရေးယူခံကြရသည်များကိုလည်း သတင်းများတွင် မကြာခဏဆိုသလိုပင် ထင်ရှားစွာတွေ့ရှိကြရသည်။

ဝန်ထမ်းကောင်းတစ်ဦး၏ ဂုဏ်သိက္ခာသည် ၎င်းထမ်းဆောင်ရသည့် အလုပ်အပေါ် တာဝန်ကျေပွန်မှုပင်ဖြစ်ပြီး ပြည်သူအပေါ် စေတနာထားသည့် ဝန်ထမ်းကောင်းတို့၏ ဂုဏ်သတင်းမွှေးပျံ့မှုများ၊ ပြည်သူတို့၏ လေးစားချစ်ခင်မှုများကိုလည်း သတင်းများ၊ လူမှုကွန်ရက်များတွင် မကြာမကြာ တွေ့မြင်ကြရသည်။ ယင်းသို့သော ဝန်ထမ်းကောင်းများကို လေ့လာပါက အကျင့်စာရိတ္တပိုင်းတွင် မိမိကိုယ်တိုင် စံနမူနာယူနိုင်သူများ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် လောဘ၊ ဒေါသ၊ အတ္တစိတ်တို့အပေါ် ထိန်းကွပ်နိုင်ပြီး မိမိအလုပ်အပေါ် ဂုဏ်ယူနိုင်ကြသူများ၊ စိတ်ရှည်သည်းခံစာနာထောက်ထားတတ်သူများ၊ ဝန်ထမ်းဘဝ၏ ပြဿနာအခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး အလုပ်တာဝန်ကို မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်နိုင်သူများ၊ ဆင်ခြင်တုံတရားနှင့်ပြည့်စုံပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် မှန်ကန်သူများဆိုသည့် ဂုဏ်ရည်များနှင့်ပြည့်စုံကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဝန်ထမ်းဟူသည် တာဝန်ချိန်မှလွဲလျှင် ပြည်သူထဲက ပြည်သူပင်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ကျေပွန်ခြင်း၊ ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းတို့ကို ကျင့်သုံးကြရပြီး နိုင်ငံသားပြည်သူတစ်ဦးအနေဖြင့်လည်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာနေကြရစမြဲဖြစ်သည်။ ဝန်ထမ်းဘဝတွင် ချမ်းသာခြင်းကို မျှော်မှန်းခြင်းထက် တာဝန်ကျေပွန်ခြင်းနှင့် ဂုဏ်သိက္ခာမြင့်မားခြင်းတို့ကို မျှော်မှန်းခြင်းကသာ လက်တွေ့ဘဝနှင့် ဆီလျော်ကိုက်ညီမည်ဖြစ်သည်။ ဝန်ထမ်းတိုင်း လုပ်ငန်းကျွမ်းကျင် တာဝန်ကျေပွန်ကာ ပြည်သူအပေါ် စေတနာထား၍ ဝန်ဆောင်မှုများပြည့်ဝစွာပေးခြင်းဖြင့် မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ။ ။

## မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာတွင် ဆေးဝါးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆောင်ရွက်

**မြင်းမူ သြဂုတ် ၄**

မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာ၌ ပြီးခဲ့သည့်လအတွင်း ကလေးငယ် သုံးဦး သေဆုံးမှုဖြစ်ပြီးနောက် သွေးလွန်တုပ်ကွေးရောဂါကြောင့်ဟု ပြောဆိုမှုများ ဖြစ်ပေါ်နေသဖြင့် သြဂုတ် ၄ ရက်က လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီခိုင်နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ကျေးရွာပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောပြီး ဆေးဝါးကုသပေးခဲ့သည်။

"သွေးလွန်တုပ်ကွေးတော့ မဟုတ်ဘူးဗျ။ ရွာသားတွေက သွေးလွန်တုပ်ကွေးဆိုပြီးစိုးရိမ်နေကြလို့ ကျွန်တော်တို့က သွားပြီးတော့ ဆေးဝါးကုသပေးရင်းနဲ့ အဲဒီရောဂါဟာ သွေးလွန်တုပ်ကွေးကြောင့် သေတာမဟုတ်ဘူးဆိုတာ သွားရှင်းပြပြီး အားပေးတာပါ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်က ပြောသည်။

"ရွာသားတွေက ကလေးတွေဖျားတာကို သွေးလွန်တုပ်ကွေးဆိုပြီး စိုးရိမ်ကြလို့ ခြင်ဆေးတွေလည်း ဖျန်းပေးတယ် ။ အဘိတ်ဆေးတွေလည်း ခပ်တယ်။ ဆေးဝါးကုသမှုတွေလည်း တောက်လျှောက်လုပ်တယ်။ တိုက်နယ်ဆေးရုံက လက်ထောက်ဆရာဝန်တစ်ယောက်ကို အဲဒီမှာ တစ်ပတ်ဆယ်ရက်လောက် နေ့စဉ် တာဝန်ပေးပြီး လိုအပ်တဲ့ဆေးဝါးကုသမှု လုပ်နေတယ်။ တကယ်တမ်းတော့ သိပ်ပြီးစိုးရိမ်စရာမရှိဘူး " ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၀၇၇

### ထင်သာမြင်သာ ပြုပြင်စရာ

## ကျောင်းကုန်း မြို့မဈေးကြီး သားငါးတန်းမှ စွန့်ပစ်ပစ္စည်းများ ရှင်းလင်းဖယ်ရှားပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီး၏ သားငါးတန်းမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ဖော့ပုံးအခွံများ မြင်မကောင်းအောင် ပြန့်ကျဲနေသည်။

အဆိုပါ သားငါးတန်းဘေးတစ်ဖက်တွင် ကုန်စိမ်းသည်များစွန့်ပစ်သည့် အမှိုက်များမှာလည်း မရှင်းလင်းနိုင်ဘဲ စုပုံနေသည်မှာ နှစ်ချီကြာနေပြီဖြစ်သည်။

ယခုမိုးရာသီအချိန်တွင် ဒါးကမြစ်ရေမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ ရေစီးနှင့်မျောပါသွားပါက မြစ်ချောင်းအတွင်း အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးနိုင်ရန် ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနား (၂၀၁၉) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**တောင်ကြီး ဩဂုတ် ၄**

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနား (၂၀၁၉) ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အရေးကြီးသော အချက်ဖြစ်**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့အခမ်းအနားသည် မြို့ပြ၊ ကျေးလက်တောရွာများနှင့် ခက်ခဲဒေသများတွင် နေထိုင်ကြသည့် မိခင်များ၊ နိုင်ငံတော်၏ အနာဂတ်ဖြစ်သော ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ၏ အာဟာရပြည့်ဝဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးကြီးကြောင်း၊ ဘက်စုံအာဟာရ ပြည့်ဝမှုသည် ပြည်သူများ၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရေးအတွက်သာမက ဉာဏစွမ်းအား ပြည့်ဝမြင့်မားရေးအတွက် အရေးကြီးသော အချက်ဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ မလုပ်ဆောင်ပါက ကျန်းမာရေး၊ ပညာရေး၊ အားကစားနှင့် လူမှုစီးပွား စသည်ဖြင့် ကဏ္ဍစုံတွင် နောက်ကျကျန်ခဲ့မည်ဖြစ်ပြီး လာမည့်နှစ်များတွင် ဆိုးကျိုးများကို ခံစားရမည်ဖြစ်ကြောင်း။

အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများသည် ကဏ္ဍပေါင်းစုံပါဝင်သည့် ကွင်းဆက်လုပ်ငန်းကြီးဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းမှ လုပ်ဆောင်၍မရဘဲ ကဏ္ဍအလိုက်၊ လုပ်ငန်းတာဝန်များအလိုက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဝန်ကြီးချုပ်များနှင့် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှုဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ လူမှုဝန်ထမ်း၊ စိုက်ပျိုးမွေးမြူရေး စသည့်ကဏ္ဍအသီးသီးတွင် တာဝန်ရှိသူများက တက်ကြွစွာဖြင့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့တို့ အပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုကဲ့သို့ အာဟာရ ဖွံ့ဖြိုးမှု ရက်သတ္တပတ်များ ကာလအတွင်းသာမက အမြဲမပြတ် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် အာဟာရကျွမ်းကျင်မှုဆိုင်ရာတို့ကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနား (၂၀၁၉) တွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင် - အေဆေးနှင့် သန်ချဆေးများတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ တိုက်ကျွေးခဲ့ပြီး ငါးနှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသား၊ ကျောင်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် အားဖြည့်ဆန်များ ဖြန့်ဝေခြင်းနှင့် အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုပြခန်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

နေပြည်တော် ဩဂုတ် ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (နေပြည်တော်) တို့ ပူးပေါင်း၍ ကလေး မိဘများ၊ ပြုစုစောင့်ရှောက်သူများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ သုခစိုးဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်ဆွေးနွေးသည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကလေးသူငယ်များ၏ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ပြည်သူများနှင့် ပူးပေါင်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေတို့ဖြင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက် မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေကို အပြည့်အဝ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပြီး အထူးသဖြင့် မိဘများ၊ မိသားစုဝင်များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားတွင် ဆွေးနွေးစဉ်။** သတင်းစဉ်

**ရေးဆွဲချမှတ်ထား**

လူမှုဝန်ထမ်းဦးစီးဌာနက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပရဟိတဂေဟာ၊ သင်တန်းကျောင်းများ၌ ပြုစုစောင့်ရှောက်ရန် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို ဂေဟာများတွင် လက်တွေ့ဆောင်ရွက်နေကြသူများပါဝင်၍ ပညာရှင်များနှင့်အတူ ရေးဆွဲချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်များသည် မွေးဖွားခြင်း မှတ်ပုံတင်ခွင့်ရရှိသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေနှင့် ညီမှသာရရှိမည်ဖြစ်ကြောင်း။

ဥပဒေအသစ်တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များ ပါဝင်ပြီး အမျိုးသမီးထု ဘေးကင်းလုံခြုံမှုရှိရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ (မူကြမ်း) ကို ရေးဆွဲပြီးဖြစ်ကြောင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်၌ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တရားဥပဒေစိုးမိုးမှုရရှိအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့်အတူ ပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးဟောပြော**

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းဉက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲများအကြောင်းနှင့် မလိုချင်သော ကိုယ်ဝန်ရခြင်းမှ အရေးပေါ်သားဆက်ခြားနည်းဖြင့် ကာကွယ်ခြင်းဆိုင်ရာ ပညာပေးဟောပြောခြင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒုရဲမှူးသူဇာလွင်က သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုကာကွယ်ရေးအကြောင်း ဟောပြောခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်နွေမိုးအေးက အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု တားဆီးရေးအကြောင်း ဟောပြောခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အကြမ်းဖက်ခြင်းဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

**အသိပညာပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာရှိ ဥယျာဉ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ပြုစုစောင့်ရှောက်ရန် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို အသိပညာပေး ဆွေးနွေးခြင်းနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးငယ်များခံစားရရှိရမည့် အကောင်းဆုံးအကျိုးစီးပွားနှင့် စပ်လျဉ်း၍ အသိပညာပေးပြောကြားပြီး ကလေးငယ်များကို ကျောင်းသုံးစာအုပ်၊ အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးဝေကြသည်။

**သတင်းစဉ်**

# ကျွန်းနှင့်သစ်မာကို နှစ်စဉ်တောထွက်ပမာဏ၏ ၅၀ ရာခိုင်နှုန်း လျှော့ချပြီး သစ်ထုတ်မှုနှင့် ကုန်ကျစရိတ်ကိုက်ညီစေရန်သာ သစ်ထုတ်သွားမည်

**နေပြည်တော် ဩဂုတ် ၄**

၂၀၁၉-၂၀၂၀ ပြည့်နှစ် သစ်ထုတ်ရာသီတွင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်ပေးထားသော ကျွန်းနှင့်သစ်မာကို နှစ်စဉ်တောထွက်ပမာဏ၏ ၅၀ ရာခိုင်နှုန်း လျှော့ချပြီး သစ်ထုတ်မှုနှင့် ကုန်ကျစရိတ်ကိုက်ညီစေရန်သာ သစ်ထုတ်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တော်ဝင်ခန်းမ၌ ကျင်းပသည့် မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

**ပြန်လည်စိုက်ပျိုးရန်လို**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သဘာဝတောများမှ သစ်ထုတ်မှုကို တတ်နိုင်သမျှ လျှော့ချဆောင်ရွက်မည်ဖြစ်ပြီး စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့ရှိ နှစ် (၃၀) နှင့်အထက် သက်ကြီးသစ်တောစိုက်ခင်းများမှ သစ်များကို သစ်တောဦးစီးဌာန၏ ပင်ထောင်ရိုက်ခွင့်ပြုထားသည့်အတိုင်း ခုတ်လှဲသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာနှင့် တစ်အုပ်တစ်မစိုက်ခင်းများမှ ကျွန်းနှင့် သစ်မာပင်ကျပ်များကို အမြန်ဆုံးပြီးစီးအောင် ခုတ်လှဲဆောင်ရွက်ရန်နှင့် ခုတ်လှဲထွက်ရှိလာသည့် ကျွန်းနှင့် သစ်မာပင်ကျပ် မျော၊ တိုင်၊ သစ်လုံးများကို အမြန်ဆုံးရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်၊ သစ်ထုတ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် တောတွင်းပင်ထောင်ကျန်များ ထိခိုက်ပျက်စီးမှုမရှိအောင် ဆောင်ရွက်ရန်၊ သစ်ထုတ်လမ်းများမှတစ်ဆင့် တရားမဝင်သစ်ခိုးထုတ်ခြင်းမရှိအောင် သစ်ထုတ်လမ်းဟောင်းများကို လုပ်ငန်းဆောင်ရွက်ပြီးပါက စနစ်တကျဖျက်သိမ်းရန်နှင့် သစ်ထုတ်ပြီးဒေသများအတွင်း ခုတ်လှဲသည့် အပင်၏သုံးဆကို သဘာဝတော တန်ဖိုးမြှင့်သစ်တောစိုက်ခင်းအဖြစ် ပြန်လည်စိုက်ပျိုးရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏မူဝါဒအရ သစ်ထုတ်ခြင်းများလျှော့ချခဲ့ရာ သစ်ထုတ်ရေးဆင်များနှင့် ဆင်ဝန်ထမ်းမိသားစုများ ရေရှည်အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် ပြည်သူလူထုအား အသိပညာပေး အပန်းဖြေနိုင်ရန်အတွက် ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်းစခန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရန်၊ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးတွင် လိုအပ်သောကုသခြင်း၊ ကာကွယ်ခြင်း၊ သုတေသနပြုလုပ်မှုများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ဆင်စားကျက်များနှင့် နေရင်းဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သစ်ထုတ်ရေးတာဝန်ခံများက ၂၀၁၈-၂၀၁၉ ခုနှစ် သစ်ထုတ်လုပ်နိုင်မှု၊ သစ်ဆိပ်သို့ ရောက်ရှိ၊ သိုလှောင်၊ ရောင်းချနိုင်မှုနှင့် သစ်ဆိပ်လက်ကျန်ပမာဏ၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ခင်းစိုက်ပျိုးနိုင်မှု၊ ထုတ်လုပ်ရေးအတွက် ယာဉ်၊ ယန္တရားနှင့် စက်သုံးဆီသုံးစွဲမှုများ၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ် သစ်ထုတ်ရာသီတွင်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှစ်စဉ်တောထွက်ပမာဏ သတ်မှတ်ခြင်းနှင့် သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းများနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ရှုထောင့်မှ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဆွေးနွေးမေးမြန်း**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန် (၂) မဂ္ဂရာမင်းသားကြီး မောင်ပျိုးလမ်းရှိ Yangon Gems and Jewellery Sales Center ၌ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည် ထုတ်လုပ်ရောင်းချနေမှု၊ ဈေးကွက်ရရှိမှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ယိုးတရုပ်လျှိုပိတ်ဆည် တည်ဆောက်ပေးခြင်းဖြင့် အိမ်ထောင်စု ၁၂၅၃ စု၊ လူဦးရေ ၅၀၇၈ ဦးခန့်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ခြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်သုံးရေရရှိခြင်းနှင့် မိုးရာသီ ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ဦးကျော်နိုင်ဦးက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ်သည် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၂၀၀ ခန့် ရွာသွန်းသော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် နွေရာသီရောက်တိုင်း မြို့နယ်များတွင် ရေတွင်းရေကန်များ ခန်းခြောက်ပြီး ရေရှားပါးမှုဒဏ်ကို နှစ်စဉ်ကြုံတွေ့ခံစားနေရသည့်အပြင် မိုးရာသီတွင် အချို့နေရာများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ၎င်းအခက်အခဲများကို အတတ်နိုင်ဆုံး ကာကွယ်ဖြည့်ဆည်းနိုင်ရန် လျှိုပိတ်ဆည်များ တည်ဆောက်ပေးလျက်ရှိသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ မိုးရာသီရေကြီးရေလျှံမှု ကာကွယ်နိုင်ရေး၊ နွေရာသီ သောက်သုံးရေရရှိရေးအတွက် လျှိုပိတ်ဆည်ပေါင်း ၁၁ ခု တည်ဆောက်ပေးခဲ့ပြီး ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်ကျေးရွာအနီး ယိုးတရုပ်လျှိုပိတ်ဆည်သည် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**ဟန်မင်း**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၅ ဒသမ ၁၁ လက်မ၊ တောင်ကုတ် မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ စစ်တွေမြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပုတာအိုမြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ဂွမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပါမောက္ခချုပ်များကော်မတီ အတွေ့အကြုံရှင်းလင်းပွဲ တက်ရောက်

မန္တလေး ဩဂုတ် ၄

**အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ပါမောက္ခချုပ်များကော်မတီက ကျင်းပသည့် အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်သည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ပါမောက္ခချုပ်များကော်မတီက ကျင်းပသည့် အတွေ့အကြုံရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၁ ရာစုတွင် မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများတွင် လူမှုသဟဇာတဖြစ်မှုနှင့် ယုံကြည်မှုတို့သည် အရေးကြီးသကဲ့သို့ Artificial Intelligence နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့၏ အကျိုးဆက်ကြောင့် အရည်အသွေးရှိသော ပညာရေးဖြင့် တစ်သက်တာသင်ယူရန်နှင့် ကျွမ်းကျင်မှုစွမ်းရည်ရှိရန် အရေးကြီးကြောင်း၊ OECD မှထုတ်ဝေသော Trends Shaping Education 2019 အစီရင်ခံစာတွင် အာရှဒေသ သို့မဟုတ် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးသည့် နိုင်ငံများအဖြစ်သို့ ဦးတည်ဖွံ့ဖြိုးတိုးတက်လာနေကြောင်း၊ ထို့ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း၊ ဒီမိုကရေစီ၊ လုံခြုံရေး၊ သက်ကြီးဦးရေတိုးပွားလာခြင်း၊ ၂၁ ရာစုယဉ်ကျေးမှု စသည်တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော အရည်အသွေးရှိသည့် ပညာရေးစနစ် ဖြစ်ထွန်းလာရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်နှင့် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးတို့က အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က "Teaching for Tomorrow" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ဦးကျော်စွာစိုးက "Effect of Digitalization on Higher Education" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရတနာပုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်က "Internationalization of Higher Education" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးက "University link for Industry Engagement" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးနည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက "Comprehensive University" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ကြည့်ရှင်က "Internal Quality Assurance" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "Research Capacity Building in Universities" ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**လုပ်ငန်းအစီအစဉ်များ ချမှတ်**

ယင်းနောက် အုပ်စုငယ်များခွဲ၍ ခေါင်းစဉ်အလိုက်ဆွေးနွေးကြပြီး အဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးမှုရလဒ်များကို တင်ပြရာ အတွေ့အကြုံရှင်းလင်းပွဲ တက်ရောက်လာကြသူများက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရန် ဆွေးနွေးညှိနှိုင်း




ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ (၈)ကြိမ်မြောက် ဝန်ကြီးများအဆင့် ကြားဖြတ်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၄**

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP)၏ (၈) ကြိမ်မြောက် ဝန်ကြီးများအဆင့် ကြားဖြတ်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**ဈေးကွက်ဖွင့်လှစ်ရေး ဆွေးနွေးညှိနှိုင်း**

အဆိုပါအစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး သဘောတူစာချုပ်၏ ဈေးကွက်ဖွင့်လှစ်ရေး ဆွေးနွေးညှိနှိုင်းမှု (Market Access Negotiation) အား ၁၀၀ ရာခိုင်နှုန်းနှင့် စာချုပ်၏ အဓိကအရေးပါသည့်အခန်းများ၏ စာသားညှိနှိုင်းမှု (Text–based Negotiation) ကို နိုဝင်ဘာအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟူချွန်ဟွာ တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး သဘာပတိအဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူလျက်ရှိသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Jurin Laksanawisit က ဆောင်ရွက်ခဲ့သည်။

> "မြန်မာနိုင်ငံက RCEP တွင် ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသော ဈေးကွက်သို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန် ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည့်အပြင် အဆိုပါ စာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်း ပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်ဝင်ရောက်နိုင်မည်ဖြစ်"

**ကမ္ဘာ့နိုင်ငံအသီးသီး စောင့်ကြည့်လေ့လာ**

RCEP သည် ကမ္ဘာ့လူဦးရေ၏ ၄၇ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ကမ္ဘာ့အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၄၂ ရာခိုင်နှုန်းရှိသည့်အတွက် ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူစာချုပ် ဖြစ်လာမည်ဖြစ်ရာ အဆိုပါစာချုပ်ဆွေးနွေးညှိနှိုင်းမှုများ၏ တိုးတက်မှုအခြေအနေကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစား စောင့်ကြည့်လေ့လာလျက်ရှိကြသည်။

၂၀၁၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက RCEP ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ချမှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆွေးနွေးညှိနှိုင်းမှုကို စတင်ခဲ့ရာ ယနေ့အထိ ထိပ်သီးအစည်းအဝေး နှစ်ကြိမ်၊ RCEP ဝန်ကြီးများ အစည်းအဝေး ခြောက်ကြိမ်၊ RCEP ဝန်ကြီးများ ကြားဖြတ်အစည်းအဝေး ရှစ်ကြိမ်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့များ အစည်းအဝေး (၂၇)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်**

RCEP ကို လက်ရှိအာဆီယံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်များထက် ပိုမိုခေတ်မီပြီးပြည့်စုံ၍ အရည်အသွေးမြင့်မားကာ အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်တစ်ခုဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံက RCEP တွင် ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသော ဈေးကွက်သို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန် ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည့်အပြင် အဆိုပါ စာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်း ပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

## ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ထီးချိုင့် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ထီးချိုင့်မြို့နယ် မြတောင်စံပြကျေးရွာ(ထီးချိုင့်ကြံဇုန်) မြတောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အမှာစကားပြောကြားပြီး ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဦး၊ ကသာခရိုင် ကြံစိုက်ပျိုးသူများအသင်း(ကသာဇုန်) ဥက္ကဋ္ဌ ဦးဖိုးသောင်း၊ ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း(ထီးချိုင့်ဇုန်) ဥက္ကဋ္ဌ ဦးအေးမောင်၊ ရောရွှေလီကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးချိုတူး၊ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ဝင်းထွန်း၊ ရွှေဖုန်းကုမ္ပဏီ ဒါရိုက်တာ ဦးဗိုလ်ရီ၊ ရွှေဘိုခရိုင် စက်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးမြင့်၊ မြန်မာနိုင်ငံသားများ ဘဏ်မန်နေဂျာ ဒေါ်အေးမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်တို့က ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆွေးနွေးမှုများအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(မြန်/ဆက်)**

---

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကျင်းပ





**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ကျောင်းကုန်းမြို့နယ် ချောင်ကြီးကျေးရွာ အဘယာရာမကျောင်းဓမ္မာရုံ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး(**အပေါ်ပုံ**) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ထပ်ဆင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ စာသင်ကျောင်းနှင့် ရေနုတ်မြောင်းတူးဖော်မှု အခြေအနေများ တင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ဧရာဝတီတိုင်းဒေသကြီးမှာ တိုက်နယ်ဆေးရုံ လေးခုရှိပါတယ်။ အဆောက်အဦပဲ ရှိပါသေးတယ်။ ဖွဲ့စည်းပုံကျရေး ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ လမ်းကိစ္စ၊ ရေမြောင်းကိစ္စတွေ တင်ပြတာလည်း တွေ့ရပါတယ်။ ဘဏ္ဍာရေးအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# တိတ်ဆိတ်သွားတဲ့ မိသားစုကားဝိုင်းတွေ

ခင်မောင်ဌေး (ပညာရေး)

**နည်းပညာထွန်းကားလာလို့ လူတွေရဲ့ နေထိုင်မှုအဆင့်အတန်း တစ်မုဟုတ်ချင်း တိုးတက်လာတာကိုတော့ မငြင်းနိုင်ပါဘူး။ ပြတင်းတံခါးတွေအားလုံး ဖွင့်ထားရင် လေကောင်းလေသန့်ရတာ မှန်ပေမယ့် လေနဲ့အတူ ပါလာတဲ့ဖုန်မှုန့်အမှိုက်သရိုက်တွေကိုလည်း သတိထားရှင်းလင်းဖယ်ရှားနိုင်ဖို့ လိုတယ်ဆိုတာကလည်း မှတ်သားစရာပါ။**

တစ်ချိန်က ဟန်းဖုန်းတစ်လုံးကို ကိုင်နိုင်ဖို့ဆိုတာ အိပ်မက်တစ်ခုပါ။ သိန်းလေးငါးဆယ်အထိ ရှိခဲ့တယ်။ ဒီကနေ့ လမ်းဘေးမှာ အလကားနီးနီးရနေတဲ့ ဆင်းကတ်တစ်ကတ် တန်ဖိုးဟာ တစ်ချိန်က အဲဒီလောက်တန်ဖိုးရှိခဲ့တာ။ ခုတော့လည်း အော်ပရေတာတွေလည်း အပြိုင်အဆိုင်ပေါ်လာကြပြီ။ ဖုန်းဘေနဲ့ ပတ်သက်ပြီး အသံအမျိုးမျိုးကြားနေရပေမယ့် နည်းပညာရဲ့ ပရိယာယ်ကို ဘယ်ဥပဒေကမှ မထိန်းချုပ်နိုင်သေးပါဘူး။ ဒါကြောင့်လည်း ဒီကနေ့ ဖုန်းဘေထည့်လိုက်ပေမယ့် ပြောတောင် ကောင်းကောင်းမပြောရသေးဘူး။ ဖုန်းဘေဖြည့်ဖို့ တောင်းဆိုနေကြလို့ အော်နေသူတွေလည်း အသံတောင် မထွက်နိုင်သေးပါဘူး။ ဖုန်းဘေတွေ အလွန်အကျူးဖြတ်နေမှုတွေဟာ လွှတ်တော်စင်မြင့်လည်းရောက်နေပါပြီ။ ထူးမလာသေးပါဘူး။

### တောရော မြို့ပါမကျန် သုံးလာနေကြ

ခက်တာက မြန်မာပြည်သူအများစုဟာ ဟန်းဖုန်းနဲ့ ယဉ်ပါးလာတဲ့ကာလက သိပ်ကြာသေးတာမှ မဟုတ်တာ။ ခုက ဟန်းဖုန်းပျံ့နှံ့မှုကလည်း တောရော မြို့ပါအတော်ကလေးသုံးလာကြတာကိုး။ ဒါတောင်ဖုန်းတစ်လုံးကို ကွန်ပျူတာလို ကောင်းကောင်းအသုံးချတတ်သေးတာ မဟုတ်ဘူး။ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဖို့ စာတိုစာရှည်ပို့ဖို့ ဓာတ်ပုံလေးတွေတင်ဖို့ ဒီလောက်ပါပဲ။ တွင်တွင်ကျယ်ကျယ် သုံးတတ်သူကအနည်းစုပဲ ရှိပါတယ်။ ဒါပေမယ့်အံ့သြစရာကောင်းတာက ဖုန်းသုံးတဲ့နေရာမှာတော့ စံတင်လောက်ပါတယ်။ စားဖို့မရှိရင်နေ ဖုန်းဘေတော့ အပြတ်မခံဘူး။ နောက်တစ်ချက်ကဖုန်းသုံးတဲ့နေရာမှာ လူကြီးတွေသာမကဘဲ ကလေးတွေကိုပါ ချစ်စနိုးနဲ့ ဝယ်ပေးလာကြတယ်။ ခုဆိုကလေးဆိုပြီး အထင်သေးလို့တောင် မရဘူး။ ခုခေတ်မှာ ခေတ်စားနေတဲ့ ဂိမ်းတွေကို ကလေးတွေက ကျွမ်းကျင်အဆင့်တွေ ဖြစ်နေတာ တွေ့ရတယ်။

တချို့ကလေးတွေများဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ဂိမ်းစွဲသွားတာရှိတယ်။ တချို့ အာရုံကြောထိသွားတယ်။ တချို့မျက်လုံးထိခိုက်သွားတယ်။ နုနယ်လှတဲ့ ကလေးအရွယ်နဲ့ မမျှအောင် အချိန်ကုန်ခံအာရုံစိုက်မှုတွေကြောင့် တချို့ဆို ထမင်းမေ့ဟင်းမေ့ဖြစ်ပြီး အစာအိမ်ရောဂါဖြစ်လိုဖြစ်။ လူရုပ်နဲ့တောင် မတူတော့ဘူး။ အင်း ..... သူတို့က ပြောသေး၊ ဒီဂိမ်းကစားရင် ရပ်မရဘူးတဲ့.....။

တစ်နေ့ကတော့သတင်းတစ်ခု။ ဇွန် ၁၂ ရက်က နေ့စဉ်ထုတ်သတင်းစာတစ်စောင်မှာပါ။ တရုတ်နိုင်ငံ ကျန်စုပြည်နယ် မြို့တော် နန်ကျင်းရဲ့ မြေအောက်ရထားဘူတာမှာ ၁၀ နှစ်သားလေး တစ်ယောက်ရောက်နေတာကို တရုတ်ရဲက သတိထားမိသွား ပါတယ်တဲ့။ စုံစမ်းကြည့်လိုက်တော့ မိဘနှစ်ပါးက တယ်လီဖုန်းကိုပဲ ငုံ့ကြည့်ဂိမ်းကစားနေလို့ စိတ်ပျက်ပြီး အိမ်က ထွက်လာပါသတဲ့။

ဒီလိုပါပဲ လူမှုကွန်ရက်မှာလည်း မကြာခဏတွေ့နေရပါတယ်။ ကလေးငယ်ဟာ ဖုန်းပွတ်နေတဲ့မိခင်ကို ကြည့်ပြီး အိပ်ငိုက်နေတာ။ တစ်အိမ်လုံးရှိသမျှ မိသားစုတွေ ဖုန်းပွတ်နေကြလို့ တစ်အိမ်လုံး တိတ်ဆိတ်သွားပုံတွေ။ မိသားစုအတွင်းမှာ ချစ်ခင်မြတ်နိုးဖွယ်ရာ မိသားစုကားဝိုင်းလေးတွေ ပျောက်ကွယ်သွားပုံတွေ။



**မိသားစုတစ်ခုမှာ လူတိုင်းဖုန်းကိုင်နိုင်တဲ့ အချိန်ကစပြီး ရင်းနှီးမှု၊ ချစ်ကျွမ်းဝင်မှု၊ စည်းလုံးမှုတွေ ပြိုကွဲလာနေသလိုပါပဲ။ ဖုန်းကိုယ်စီနဲ့ ကိုယ့်အခန်းကိုယ်မှာ။ ကလေးတွေကလည်း ဂိမ်းတွေနဲ့၊ မိဘတွေကလည်း ဖုန်းတစ်လုံးနဲ့တင်လိုက်ရတဲ့ သာကြောင်း၊ မာကြောင်း ကိုယ်ကောင်းကြောင်း၊ သူများမကောင်းကြောင်း ရံဖန်ရံခါမိသားစုအိမ်တွင်းရေးတွေတောင် ပေါက်ကွဲလွင့်စင်ထွက်လာကြတယ်။**

### အဆိုးအကောင်းဆိုသည်မှာ ဒွန်တွဲနေ

တကယ်တော့ ဘယ်အရာမဆို အကျိုးအကြောင်း၊ အဆိုးအကောင်းဆိုတာ ဒွန်တွဲလွန်ဆွဲနေကြတာပါပဲ။ အဲဒါကို ဉာဏ်ပညာအမြော်အမြင်နဲ့ ယှဉ်တွဲပြီး ဝေဖန်သုံးသပ်ကျင့်ကြံနိုင်ကြဖို့ လိုပါတယ်။ တချို့အရာတွေမှာ ရှေ့ကလူကြီးတွေ ကိုယ်တိုင်က စံနမူနာမကောင်းခဲ့ကြတဲ့အတွက် နောက်မျိုးဆက်တွေအထိ သင်ခန်းစာအယူလွဲခဲ့ကြတာတွေလည်း မနည်းလှပါဘူး။ ဆိုလိုတာကတော့ အိမ်တစ်အိမ်မိသားစုတစ်ခုကို ကြည့်ရင် ကိုပဲ မိနဲ့ဘဟာ အခရာအကျဆုံးပါ။ မိဘနှစ်ပါးရဲ့ စီမံကွပ်ကဲမှု၊ ဦးစီးဦးဆောင်ပြုမှုအောက်မှာပဲ ကြီးပြင်းခဲ့ကြရတာပါ။

ခုချိန်မှာတော့ မိသားစုအတွင်းမှာ လူခြောက်ဦးရှိရင် ဟန်းဖုန်း ခြောက်လုံးရှိနေပါပြီ။ တစ်တန်း၊ နှစ်တန်းကလေးတောင် ချစ်စနိုးနဲ့ ဝယ်ပေးထားကြပါတယ်။ ခေတ်ကလေးတွေက အတတ် မြန်တယ်။ အခုဆို ကလေးငယ်ကျောင်းသားအရွယ်က စပြီး လူငယ်တွေကြားထဲမှာ ဂိမ်းကစားတာဟာ အလွန်အကျူးဖြစ်နေပါပြီ။ ၂၀၁၆ ခုနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ "2016 Myanmar Global School Health Survey (GSHS)" အရကျောင်းသားကျောင်းသူ ခြောက်ဦးမှာ တစ်ဦးဟာ ဗီဒီယိုကြည့်တာနဲ့ ဂိမ်းကစားတာစတဲ့ Screen Time အသုံးပြုချိန် ပိုများလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က နေပြည်တော်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနမှာ ကျင်းပတဲ့ ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲမှာ ကျောင်းသားကျောင်းသူတွေကြားထဲမှာ ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပပျောက်ရေးလုပ်ဆောင်သွားဖို့ လိုအပ်တယ်လို့ ပြောကြားသွားတာ တွေ့ရပါတယ်။

### မိသားစုစည်းလုံးမှုပြိုကွဲလာ

ဆိုရရင် မိသားစုတစ်ခုမှာ လူတိုင်းဖုန်းကိုင်နိုင်တဲ့ အချိန်ကစပြီး ရင်းနှီးမှု၊ ချစ်ကျွမ်းဝင်မှု၊ စည်းလုံးမှုတွေ ပြိုကွဲလာနေသလိုပါပဲ။ ဖုန်းကိုယ်စီနဲ့ ကိုယ့်အခန်းကိုယ်မှာ။ ကလေးတွေကလည်း ဂိမ်းတွေနဲ့၊ မိဘတွေကလည်း ဖုန်းတစ်လုံးနဲ့ တင်လိုက်ရတဲ့ သာကြောင်း မာကြောင်း၊ ကိုယ်ကောင်းကြောင်း၊ သူများမကောင်းကြောင်း၊ ရံဖန်ရံခါမိသားစုအိမ်တွင်းရေး တွေတောင် ပေါက်ကွဲလွင့်စဉ်ထွက်လာကြတယ်။ တချို့တွေဆိုရင် တင်သင့် မတင်သင့်တောင် မစဉ်းစားနိုင်ကြတော့ဘူးလားမသိ။ Sexy ဆန်တဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ ထင်ပေါ်ကျော်ကြားမှုအတွက် စင်တင်လာကြတာကို တွေ့နေကြရတယ်။ ကာယကံရှင်ရဲ့ မိဘတွေဘယ်လိုစိတ်တွေနဲ့ ကြည့်ရဲကြပါလိမ့်လို့ တွေးနေမိတယ်။ တချို့တော့လည်း ဖုန်းနဲ့ မျက်နှာလေးငါးဆယ်မိနစ်တောင် ခွာမနေနိုင်ကြတော့ဘူး။ တင်လာသမျှ မှန်သလား မှားနေသလား မသိနိုင်တော့။ ထင်ရာမြင်ရာ Comment တွေနဲ့ လုံးချာလည်နေတော့တာပါပဲ။ တချို့ကြပြန်တော့လည်း ပုဂ္ဂိုလ်ရေးတွေ အမနာပပြောကြရေးကြနဲ့။ တချို့ကြတော့လည်း မည်းမည်းမြင်သမျှလိုက် ဆဲရေးတိုင်းထွာနေလိုက်ကြတာ။ လူမှုကွန်ရက်ပေါ်မှာ ကမ္ဘာ့ဆဲရေးတိုင်းထွာမှု အကြမ်းဆုံးနိုင်ငံအဖြစ် ဂင်းနစ်စံချိန်ဝင်လောက်ပါတယ်။ အဲဒီလိုပေါက်ကရ ခြောက်ဆယ်တွေနဲ့ အချိန်တွေဖြုန်းတီးနေလိုက်ကြတာ။ လင်မှန်းသားမှန်းမသိ၊ ဇနီးမယားသမီးသားလည်းမေ့၊ တဖြည်းဖြည်းနဲ့ ငို့ဘသမားတွေ ဖြစ်မှန်းမသိဖြစ်လာကြတယ်။ အထီးကျန်ဖြစ်မှန်းမသိ ဖြစ်လာကြတယ်။ မိသားစုရဲ့ နွေးထွေးချစ်စရာကောင်းတဲ့ ပျော်ရွှင်စရာအချိန်လေးတွေ ဆိတ်သုဉ်းကွယ်ပျောက်လာတော့တယ်။ ကုန်ကုန်ပြောရရင် အိမ်လာလည်တဲ့ သားနဲ့ ချွေးမတောင် စကားများများ ပြောခွင့်မရဘူး။ ဖုန်းကိုယ်စီနဲ့ အလုပ်ရှုပ်နေကြလေရဲ့။

### လေကောင်းလေသန့်နှင့်အတူ အမှိုက်များဝင်လာ

တကယ်တော့ နည်းပညာဖွံ့ဖြိုးတိုးတက်လာလို့ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးဟာ အနိုင်းအဆမဲ့ တိုးတက်လာခဲ့တာပါ။ ဒါပေမယ့် လူတစ်ဦးချင်းစီရဲ့ အသုံးချနိုင်မှုတန်ဖိုးက မတူကြပါဘူး။ တချို့က မှန်မှန်ကန်ကန် အသုံးချတတ်တယ်။ တချို့က အလွန်အကျူးသုံးစွဲတာ အရူးအမူး စွဲလမ်းသွားတာတွေကြောင့် ကျန်းမာရေးသာမကလူမှုရေး စီပွားရေးတွေပါ ထိပါးကုန်တာလည်း ဒုနဲ့ ဒေးပါ။ပြောရရင် ...

တစ်ချိန်က မိသားစုထမင်းဝိုင်းကလေးဆို စိုစိုပြည်ပြည်။ စုံမှစားကြ။ ဟင်းရည်လုသောက်ကြ။ တစ်ယောက်အသားတုံးကိုတစ်ယောက်က ဖဲ့စားကြ။ လက်ရည်တစ်ပြင် မစီးပေမယ့် လက်ဆုံစားနိုင်ခဲ့ကြတယ်။ ဝိုင်းဖွဲ့ရယ်မောကြ။ စကားလက်ဆုံပြောမကုန်ခဲ့ကြဘူးပေါ့။ ခုတော့တစ်ယောက်က ဘယ်အချိန် စားသွားမှန်းမသိ။ ဖုန်းတွေနဲ့ အလုပ်ရှုပ်နေလို့ ခူးပြီး၊ ခပ်ပြီးတောင် ထမင်းဝိုင်း မရောက်ကြသေးဘူး။ ဂိမ်းက ဖြတ်လို့မရသေးလို့တဲ့... ။ Post တင်တာမပြီးသေးလို့တဲ့။ ကဲ ... ။

တကယ်တော့ လေကောင်းလေသန့်နဲ့အတူ ဝင်ရောက်လာတဲ့ အမှိုက်သရိုက်တွေပါပဲ။ အဲဒီအမှိုက်သရိုက်တွေဟာ ရောဂါဘယတွေကိုလည်း သယ်ဆောင်လာတယ်။ မိသားစုချစ်ခင်ရိုင်းပင်းမှုတွေကိုလည်း ညစ်နွမ်းဖျော့တော့စေတယ်။ စုစည်းမှုကိုလည်း ပြေလျော့စေပါတယ်။ သုံးတတ်ရင်ဆေး မသုံးတတ်ရင်တော့ ဘေးပါပဲ။ အသိခေါက်ခက်အဝင်နက်လှတဲ့ လူ့သဘော၊ လူ့မနောကိုတော့ အသိဉာဏ်ပညာအမြော်အမြင်ဆိုတဲ့ ချွန်းနဲ့ပဲ ထိန်းချုပ်နိုင်ပါလိမ့်မယ်လို့သာ ... ။ ။

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ ကျေးရွာများသို့ ကွင်းဆင်းဟောပြော

**စဉ့်ကူး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် မြို့နယ်အတွင်းကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကာ ကျေးရွာပြည်သူများအား ဥပဒေဆိုင်ရာဗဟုသုတများ တိုးပွားစေရန်နှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နတ်တောင်ကျေးရွာနှင့် ပင်လယ်ကြီးကျေးရွာတို့တွင် အသိပညာပေးဟောပြောကြသည်။

"ဒီလိုအဖွဲ့အစည်းမျိုး ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အခုလို ဥပဒေအသိပညာပေးဟောပြောပွဲတွေကို မကြာခဏ လာရောက်ဟောပြောစေချင်ပါတယ်။ ကွင်းဆင်းလာရောက် ဟောပြောတဲ့အတွက် ကျေးရွာပြည်သူတွေ၊ ကျောင်းသား ကျောင်းသူ လူငယ်တွေ ပြစ်မှုနှင့်ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာတွေ စုံလင်စွာသိရှိရလို့ ရာဇဝတ်မှုကျူးလွန်မှုတွေ၊ လူကုန်ကူးမှု လျော့နည်းကျဆင်းလာနိုင်ပြီး မကောင်းမှုတို့မှ ရှောင်ကြဉ်လာနိုင်ကြမှာ ဖြစ်တယ်။ ဆင်းရဲနွမ်းပါးသူတွေကို အခမဲ့ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံနိုင်ခွင့်ရှိလာတဲ့အတွက် ပြစ်မှုကျူးလွန်ခံရတာကြောင့် နစ်နာမှုတွေကိုလည်း ထောက်ကူပေးနိုင်မှာဖြစ်ပါတယ်။ အခုလိုလာရောက်ဟောပြောတဲ့ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ကျေးဇူးတင်ရှိပါတယ် " ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ထားအိစံနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ဝင်းမောင်(စဉ့်ကူး)**

## တောင်ငူမြို့နယ်၌ လူဦးရေစာရင်းကောက်ယူမှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့် ပြီးစီး

**တောင်ငူ ဩဂုတ် ၄**

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူမှု လုပ်ငန်းအစည်းအဝေးကို ယမန်နေ့က တောင်ငူမြို့ ၁၁ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်မိရပ်ဖ ဦးကျော်လှ (သမာဓိ)က လူဦးရေစာရင်းမှန်မှန်ကန်ကန် ရရှိနိုင်ရေးနှင့် ပတ်သက်ပြီး အမှာစကားပြောကြားကာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက လူဦးရေစာရင်းနှင့် အချက်အလက်ကောက်ယူရရှိမှုများကို ရှင်းလင်းပြောကြားသည်။

တောင်ငူမြို့ (၁၁)ရပ်ကွက်တွင် အိမ်ထောင်စုပေါင်း ၁၄၀၀ ကျော် လူဦးရေ ၅၀၀၀ ကျော်ရှိကာ ၅၀ ရာခိုင်နှုန်းခန့် စာရင်းကောက်ယူရရှိပြီးဖြစ်ကြောင်း သိရသည်။

တောင်ငူမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုရှိ၍ အိမ်ထောင်စုပေါင်း ၄၉၀၀၀ ကျော်နှင့် လူဦးရေ ၂၄၀၀၀၀ ခန့်ရှိပြီး လူဦးရေစာရင်းနှင့် အချက်အလက်ကောက်ယူရေးအဖွဲ့ပေါင်း ၂၀၀ ကျော်တို့က ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ဝ၄၈

# တောင်ကုတ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**တောင်ကုတ် ဩဂုတ် ၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်မှန်ဉီးအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် ဝန်ကြီးများနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျောက်တောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် မိမိတို့အတွက် ပညာရေးသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ ပညာတတ်များပြားခြင်းသည်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးကြီးပြီး မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါ်များလာရန်၊ ပညာအရည်အသွေး ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ များပြားလာရန် ဦးစားပေးဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျောင်းများအဆင့် တိုးမြှင့်ရေးနှင့် ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်း အနေဖြင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်သည်နှင့်အမျှ ယခင်နှစ်များထက် အောင်ချက်ရာခိုင်နှုန်း မြင့်မားလာအောင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်ပညာရေးမှူး တို့က ပြည်နယ်၏ ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။






ယင်းနောက် ကျောင်းအကျိုးတော်ဆောင် ဦးကျောက်တောင်က ကျောင်း အဆင့် တိုးမြှင့်ဖွင့်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တောင်ကုတ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းကို ၁၉၈၁ ခုနှစ် ဇွန် ၂ ရက်တွင် မူလတန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ထို့နောက် အခြေခံပညာ အထက်တန်း ကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့ ဂူတာရပ်ကွက်နှင့် ကံပိုင်ရပ်ကွက်အကြား ကံပိုင်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း အတွက် ထောက်ပံ့ငွေကျပ် ၃၆ သိန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

**တင်မောင်လွင်၊ တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ-ကံထွန်း**



# ဇေယျာသီရိမြို့နယ်၌ မျိုးစပါး စိုက်နည်းစနစ်ဖြင့် စိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာ တောင်သူ ဦးတင်သိန်း၏ လယ်မြေ ၁၅ ဧကတွင် ရောမင်းမျိုးစပါးစိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် စိုက်နည်းစနစ်များအား ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်က ပြုလုပ်သည်။

အဆိုပါပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကံဝင်းက တောင်သူများအား ကွင်းသရုပ်ပြရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသုတေသ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ကောက်စိုက်စက်ဖြင့် မျိုးစေ့ထုပ်စိုက်ခင်းများ စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများ၊ မြေပြင်သည်မှ ရိတ်သိမ်းထုပ်ပိုးသည်အထိ စက်မှုလယ်ယာကဏ္ဍများ ရေရှည်ဆောင်ရွက်သွားစေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဦးက ကောက်စိုက်စက် အသုံးပြုစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းမှာ ထုတ်လုပ်မှုစရိတ်သက်သာစေပြီး အရည် အသွေးကောင်းမွန်ကာ ဘေးအန္တရာယ်ကင်းသော သီးနှံ ထုတ်ကုန်များ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ကျော်ကြီး**

# ကတိုက်ရေလှောင်တမံ အရေးပေါ်ကြိုတင်စီမံခန့်ခွဲမှု စီမံချက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်သူများအားရှင်းလင်း

**ပေါင် ဩဂုတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ကျိုးပေါက်ပျက်စီးမှု မဖြစ်ပေါ်ရေး သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ဖြစ်ပေါ်ပါက တမံအောက်ဘက်နေ ပြည်သူများ အသက်အိုးအိမ်ထိခိုက်မှု လျော့ပါးသက်သာစေရေး ကြိုတင်စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် ကတိုက်ရေလှောင်တမံ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ထုတ်ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများအား ဩဂုတ် ၁ ရက်တွင် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံ၌ တွေ့ဆုံရှင်းလင်းသည်။

အခမ်းအနားတွင် တည်ဆောက်ရေး(၆) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦးမြင့်သောင်းက “အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ရေးဆွဲဆောင်ရွက်ရသည့် အကြောင်းအရာများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အခြားဖွံ့ဖြိုးပြီး နိုင်ငံများတွင် အရေးပေါ်အခြေအနေများနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်မည့် အခြေအနေများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ကတိုက်တမံ၏ အရေးပေါ်အခြေအနေ၊ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်တွင် ပါဝင်သော အရေးပေါ်အခြေအနေအဆင့် ၁၊ ၂၊ ၃ သတ်မှတ်ထားခြင်းတို့အား ရှင်းလင်းသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သောင်းက အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အဆင့်အလိုက် ဒေသနေပြည်သူများ သိရှိနိုင်ရန် ကျေးရွာအုပ်စုနားတွင် စိုက်ထူရမည့် စိမ်း၊ ဝါ၊ နီ အလံသုံးမျိုးအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။ ထို့နောက် ကတိုက်ရေလှောင်တမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ဆိုင်ရာ လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(ပေါင်)**




# ဂျပန်သံရုံး၏ အကူအညီဖြင့် ပြုစုပျိုးထောင်ပေးသော ကော်ဖီပျိုးပင်များနှင့် မက္ကဒေးမီးယားပျိုးပင်များ ရောင်းအားကောင်းနေ

**လိုင်လင်းပီ ဩဂုတ် ၄**

ချင်းပြည်နယ် မင်းတပ်ခရိုင် လိုင်လင်းပီမြို့၌ ဂျပန်သံရုံး၏ Terra People Association အဖွဲ့အစည်းမှ ပျိုးထောင်ပေးသည့် ကော်ဖီနှင့် မက္ကဒေးမီးယားပျိုးပင်များ ရောင်းအားကောင်းလျက်ရှိသည်။

“အများဆုံးပျိုးတာကတော့ ကော်ဖီဖြစ်ပါတယ်။ ပျိုးပင်တစ်ပင်ကို ကျပ် ၂၅၀ နှုန်းနဲ့ ရောင်းချပေးနေပါတယ်။ ကော်ဖီက ပျိုးပင်သက်တမ်း အနည်းဆုံးတစ်နှစ်ပြည့်မှ စိုက်လို့ရတာဆိုတော့ အချိန်ယူရတယ်၊ အခုချိန်မှာ တဖြည်းဖြည်းနဲ့ ဝယ်လိုအားများလာလို့ ပျိုးပင်မလောက်တဲ့အချိန်တွေလည်းရှိတယ်။ လက်ရှိအချိန်ထိ ပျိုးပင် ၂၀၀၀ ကျော် ရောင်းချပေးနေရပြီ။ မက္ကဒေးမီးယားပင်တွေကိုတော့ နည်းနည်းပဲ ပျိုးဖြစ်တယ်။ လူသိနည်းနေသေးတာကြောင့်လည်း ပါတယ်။ သူက သီးစားပင်မျိုးဖြစ်တယ်။ ဈေးလည်းကောင်းတယ်။ အဲဒီပျိုးပင်တွေကို တစ်ပင် ကျပ် ၂၀၀၀ နဲ့ ရောင်းချပေးနေတယ်”ဟု အဆိုပါအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအဖွဲ့အစည်းမှာလည်း အဆိုပါပျိုးပင်များကို မြေငါးကေအထိ စိုက်ပျိုးလျက်ရှိပြီး အဆိုပါပျိုးပင်များအတွက် မျိုးစေ့များကို ပြင်ဦးလွင်ဘက်မှ မှာယူနေရကြောင်းနှင့် ကော်ဖီကြိတ်စက်လည်း မှာထားလျက်ရှိခြင်းတို့ကြောင့် အဆိုပါဒေသမှ ထွက်ရှိလာမည့်ကော်ဖီများကို ကုန်ချောအဆင့်ထိထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါအဖွဲ့အစည်းမှ ဒေသခံတောင်သူများကို အလျဉ်းသင့်သလို စိုက်ပျိုးရေးနည်းပညာများ သင်ကြားပို့ချပေးလျက်ရှိကြောင်းနှင့် ယင်းအဖွဲ့အစည်းမှ ထောက်ပံ့မှုဖြင့် လိုင်လင်းပီမြို့တွင် တည်ဆောက်နေသည့် စိုက်ပျိုးရေးသင်တန်းကျောင်း ဆောက်လုပ်မှုမှာလည်း ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးတော့မည်ဖြစ်သည့်အတွက် အဆိုပါဒေသရှိတောင်သူများအား စိုက်ပျိုးရေးနည်းပညာများနှင့် ပျိုးပင်များကို စနစ်တကျသင်ကြား ပို့ချ/ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် ဇာတ်ရုံများနည်းပါးခြင်းကြောင့် မိုးရာသီကာလတွင် အနုပညာသမားများ အခက်အခဲဖြစ်

**ရန်ကုန် ဩဂုတ် ၄**
မြန်မာနိုင်ငံတွင် ဇာတ်ရုံများနည်းပါးခြင်းကြောင့် မိုးရာသီကာလတွင် အနုပညာသမားများအတွက် အခက်အခဲဖြစ်ရကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းက ပြောကြားသည်။

"ကျွန်တော်တို့ ကပြဖျော်ဖြေဖို့အတွက် မိုးရာသီအရောက်မှာ ဇာတ်ရုံတွေ မရှိတာဟာ အနုပညာသမားတွေရဲ့ဘဝကို အခက်အခဲဖြစ်စေတယ်။ အကယ်၍ မြို့တိုင်း၊ ရွာတိုင်းမှာသာ မိုးလုံလေလုံကပြနိုင်တဲ့ ဇာတ်ရုံမျိုးတွေရှိမယ်ဆိုရင် အနုပညာရှင်တွေ၊ ဇာတ်သမားတွေရဲ့ အခွင့်အလမ်းတွေ ပိုပြီး အဆင်ပြေလာနိုင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

**ဇာတ်အဖွဲ့ဖျော်ဖြေမှု အလွန်နည်းပါး**

နိုင်ငံတကာအဆင့်မီ ဇာတ်ရုံများ မရှိသည့်အတွက် မြန်မာ့ဇာတ်သဘင်အဖွဲ့များအနေဖြင့် မိုးတွင်းကာလကို ပွဲနားကာလအဖြစ်သတ်မှတ်ပြီး တီးလုံးတိုက်ခြင်း၊ လူသစ်လူဟောင်းပြောင်းရွှေ့ခြင်းများကိုသာ ပြုလုပ်ကြလေ့ရှိကြောင်း သိရသည်။ သို့သော် ရုံဇာတ်အနေဖြင့် ကပြဖျော်ဖြေလျက်ရှိသော တင်မောင်ဆန်းမင်းဝင်းဇာတ်မှာ မိုးရာသီပွဲတော်ဟူ၍ ရုပ်သံမှ ထုတ်လွှင့်ခြင်းမျိုးလည်းရှိကြောင်း သိရသည်။ မိုးရာသီကာလတွင် မိုးလုံလေလုံဇာတ်ရုံရှိသော မြို့များနှင့် ဘုရားပွဲတော်အချို့တွင် ဇာတ်အဖွဲ့ဖျော်ဖြေမှုများရှိသော်လည်း အလွန်နည်းပါးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးမြို့များတွင်သာ အမျိုးသားဇာတ်ရုံများရှိပြီး နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံ၊ အသံစနစ်နှင့် မီးစနစ်ကောင်းမွန်သောဇာတ်ရုံများ လိုအပ်လျက်ရှိကြောင်း သိရသည်။ မြန်မာ့ဇာတ်သဘင်အဖွဲ့များအနေဖြင့် အမြို့မြို့အနယ်နယ်သို့ လှည့်လည်ဖျော်ဖြေရာတွင် ဘုန်းကြီးကျောင်း၊ ရွာ၊ မြစ်ဆိပ်တို့ကို ကျောခိုင်းဖျော်ဖြေမှုများ ပြုလုပ်ကြရသဖြင့် အမြင်မတင့်တယ်ကြောင်း မြန်မာ့ဇာတ်သဘင်လောကသားများက ပြောကြားသည်။ မြန်မာ့ဇာတ်သဘင်အဖွဲ့များ အနေဖြင့် ဆောင်းရာသီကာလသည် ပွဲကပြဖျော်ဖြေမှု အများဆုံးအချိန် ဖြစ်သည်။ ဇာတ်အဖွဲ့များအနေဖြင့် မကွေးတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇာတ်အဖွဲ့ပေါင်း ၄၀ ခန့်စီရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဇာတ်အဖွဲ့ကြီးများမှာ ရုံဇာတ်အဓိက ကပြလေ့ရှိပြီး အဖွဲ့ပေါင်း ၂၀ ခန့်ရှိကြောင်း သိရသည်။ ထို့ပြင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ဇာတ်အဖွဲ့ပေါင်းများစွာရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့ဇာတ်အဖွဲ့ပေါင်း ၂၀၀ နီးပါးရှိကြောင်း သိရသည်။

မြန်မာ့ဇာတ်အဖွဲ့များ၌ ဇာတ်အဖွဲ့တစ်ဖွဲ့လျှင် ခေါင်းဆောင်မင်းသား အပါအဝင် လူဦးရေ ၄၀ ခန့်ဖြင့် ဖွဲ့စည်းထားကြပြီး ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်ကဲ့သို့ ဇာတ်ကြီးများတွင် လူဦးရေ ၈၀ ခန့်အထိ ဖွဲ့စည်းပါဝင်ကြောင်း သိရသည်။

**ဈေးလျှော့ချကာ ကပြ**

ရုံဇာတ်များ ကပြဖျော်ဖြေရာတွင် ကန်ထရိုက်နှင့်ဈေးညှိကာ ကပြခြင်းများရှိပြီး ရုံဇာတ်တစ်ဇာတ်ကို ဗလာပွဲအနေဖြင့် ကပြမည်ဆိုပါက ညကြေးအနေဖြင့် အနိမ့်ဆုံး ငွေကျပ်သိန်း ၈၀ မှ အမြင့်ဆုံး ငွေကျပ်သိန်း ၁၀၀ ခန့်အထိ ရှိကြောင်း သိရသည်။ ရုံဇာတ်ကြီးအပြင် အောင်မြင်နေသည့် ဗလာဇာတ်အဖွဲ့များရှိပြီး ဗလာဇာတ်အဖွဲ့များ၏ တစ်ညညကြေးမှာ ငွေကျပ်သိန်း ၄၀ ခန့်ရှိကြောင်း သိရသည်။ ရာသီချိန်ပေါ်လိုက်၍ ဈေးအတက် အကျရှိပြီး မိုးရာသီကာလတွင် ပွဲပါးသောရာသီဖြစ်သည့်အတွက် ဈေးလျှော့ချကာ ကပြခြင်းမျိုးလည်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၁၂ ရာသီပွဲတော်များ ရှိသော်လည်း ပွဲဖြစ်ရုံ ကျင်းပသည့် ပွဲများပေါ်များလာကာ ယခင်ကကဲ့သို့ ပွဲတော်ကျင်းပနိုင်ခြင်းများမရှိတော့ဘဲ တဖြည်းဖြည်း လျော့နည်းလာကြောင်း မြန်မာ့ဇာတ်သဘင်လောကသားများထံမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တနင်္သာရီမြို့နယ်အတွင်းရှိ ပဝ-မြေပြား ကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့်လမ်း ပျက်စီးနေသောကြောင့် ဒေသခံများ သွားလာရေးအခက်တွေ့

**တနင်္သာရီ ဩဂုတ် ၄**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ ပဝ-မြေပြား ကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် ဆိုင်ကယ်တစ်စီးသာ သွားလာနေရသော မြေသားလမ်းမှာ မိုးရာသီတွင် လမ်းများဆိုးရွားစွာ ပျက်စီးနေသောကြောင့် ယင်းကျေးရွာများမှ ဒေသခံပြည်သူများ သွားလာရေးတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ သိရသည်။

တနင်္သာရီမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံး ကျေးရွာတစ်ရွာဖြစ်သော မြေပြားကျေးရွာနှင့် အနီးဝန်းကျင်းရှိ ကျေးရွာနှစ်ရွာတို့သည် လယ်သစ်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ကုန်းလမ်းဆက်သွယ်ရေး မရှိသောကြောင့် ရေလမ်းခရီးတစ်ခုတည်းကိုသာ အဓိကထား သွားလာနေရသော ကျေးရွာဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး စသည့်ကဏ္ဍများတွင် များစွာအခက်အခဲတွေ့ နေရကြောင်း သိရသည်။

ယင်းမြေပြားကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာနှစ်ရွာတို့သည် မြိတ်-တနင်္သာရီ ပြည်ထောင်စုကားလမ်းမကြီး နံဘေး ဇဝဲကျေးရွာမှ ၁၅ မိနစ်ခန့် ပြင်ဝန်းလှေဆိပ်ကို ဆိုင်ကယ်ဖြင့် သွားပြီး ပြင်ဝန်းကျေးရွာ လှေဆိပ်မှတနင်္သာရီ မြစ်ကြောင်းတစ်လျှောက်နှင့် မြစ်လက်တက်တစ်ခုအတွင်းသို့ စက်လှေငယ်ဖြင့် နှစ်နာရီကျော်ခန့်စီးမှ ရွာလှေဆိပ်သို့ ရောက်ရှိပြီး ဒီရေကျချိန်တွင် သွားလာ၍ မရကြောင်းနှင့် ဆိုင်ကယ်ဖြင့် သွားမည်ဆိုပါက ပဝကျေးရွာမှ ခြောက်မိုင်ခန့်ရှိပြီး ဒေသခံများ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော်လည်း မိုးရာသီတွင် လမ်းပျက်စီးနေသောကြောင့် သွားလာ၍ မရကြောင်း မြေပြားကျေးရွာသားများထံမှ သိရသည်။



ပဝ-မြေပြားကျေးရွာချင်းဆက်လမ်း။

မြေပြားကျေးရွာတွင် အိမ်ခြေ ၁၅၀ ခန့်နှင့် လူဦးရေ ၃၀၀ ကျော် နေထိုင်လျက်ရှိပြီး ဘုန်းကြီးကျောင်း၊ ကျေးရွာဆေးပေးခန်း စသည်တို့ကို ကိုယ့်အားကိုယ်ကိုးပြီး နေထိုင်နေကြကြောင်း မြေပြားကျေးရွာ ရာအိမ်မှူး ဦးမျိုးဦး၏ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ဆီမှာ နေမကောင်းရင်တောင် ဆေးခန်းပြဖို့ ဆေးဆရာတစ်ယောက်မှ မရှိဘူး။ ဆေးဝယ်ထားပေမယ့်လည်း နေမကောင်းဖြစ်မှ ထုတ်သောက်ရတော့ မထိရောက်ဘူး။ တစ်ခါတလေ ဆေးက ရက်ကျော်နေတာ ကြုံရတယ်။ အရေးပေါ်လူနာဆိုရင် မိုးတွင်းမှာ ဆေးရုံဆေးခန်းပြဖို့ သွားမယ်ဆို ကုန်းလမ်းက ဆိုင်ကယ်နဲ့ သွားမရဘူး။ ရေလမ်းကသွားမယ်ဆိုရင်လည်း ရေအတက်အကျကြည့်ပြီး ရေတက်ချိန်မှ သွားလို့ရပါတယ်။ ချောင်းထဲမှာ ရေကျနေချိန်ဆိုရင် ဘယ်နေရာကမှ သွားလို့မရဘူး။ တစ်ခုခုဖြစ်ရင် အသက်မဆုံးသင့်ဘဲ ဆုံးရှုံးခဲ့ရတာလည်း ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ကြောင့် မြေပြားကျေးရွာနှင့် အနီးစပ်ဆုံးဖြစ်သည့် တနင်္သာရီမြို့နယ် ပဝကျေးရွာသို့ ရာသီမရွေးသွားလာနိုင်စေရန်အတွက် လမ်းဖောက်လုပ်ပေးရန် တာဝန်ရှိသူများအား တင်ပြထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# တွန်းဇံမြို့၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**တွန်းဇံ ဩဂုတ် ၄**
ချင်းပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့မှ ဥပဒေအသိပညာပေးဟောပြောခြင်းကို ဇူလိုင်လ နောက်ဆုံးပတ်က တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံ၊ အဖွဲ့ခေါင်းဆောင် ဦးဟရန်အုပ်နော၊ အဖွဲ့ဝင် ဦးနိန်ရှုန်တွေ့ာလ်၊ ခရိုင်တရားသူကြီး ဦးတင်မြ၊ ခရိုင်ဥပဒေအရာရှိ ဦးဆွေဦး၊ ရဲမှူး စိုးမြင့်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်တို့က ဥပဒေအကြောင်းအရာများ ပညာပေးဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၄**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ရွှေပြည်သာမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ရွှေပြည်သာ**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ဩဂုတ် ၂ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၄၀)မှ ဒုရဲမှူးစိုးနိုင်၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်အယ်နီတာစိုး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ- တောင်တွင်းကြီး)၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ဦးဝင်းနောင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် အင်းစိန်မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က မူးယစ်ဆေးဝါးများ၏ အန္တရာယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူနေမှုဘဝ ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်များကို ဆရာဆရာမ၊ ကျောင်းသားကျောင်းသူ ၂၀၀ ကျော်တို့အား အသိပညာပေးဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြား ခဲ့ကြကြောင်း သိရသည်။ **ဉာဏ်လင်း**

**ပေါင်**
သထုံခရိုင်ပေါင်မြို့နယ်တွင် ဩဂုတ် ၃ ရက်က "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အထက(နတ်ကြီးချောင်)ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီချိုက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းကိုကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကိုကို၊ ပြည်နယ်ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းအေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ကြည်နှင့် မြို့နယ်အား/ကာဦးစီးမှူး ဒေါ်အေးသီတာအောင်တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြေကြားပေးသည်။ **ကိုဟိန်း(ပေါင်)**

## ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက် ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူ ပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ် / အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသား ဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

# ဩဂုတ် ၁၁ ရက်မှစ၍ ဘုန်းကြီးလမ်းရှောင်ယာဉ်လိုင်းအချို့ လမ်းကြောင်းပြောင်းပြေးဆွဲမည်

**ရန်ကုန် ဩဂုတ် ၄**

မြစ်ကူးကြိုးတံတား(ဒလ)၏ ရန်ကုန်ဘက်ခြမ်း ပင်မချဉ်းကပ်တံတား တည်ဆောက်ခြင်းကို ဩဂုတ်လအတွင်း ဘုန်းကြီးလမ်း၌ စတင်မှုနှင့်အတူ ဘုန်းကြီးလမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသော လိုင်းကားများသည် ဩဂုတ် ၁၁ ရက်မှစ၍ လမ်းကြောင်းပြောင်းပြေးဆွဲမည်ဟု ခေတ်သစ်ဘုရင့်နောင်အများပိုင်ယာဉ်လိုင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းထံမှ သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများစတင်မည့် ဩဂုတ် ၁၀ ရက် ည ၉ နာရီမှစ၍ လိုင်းကားများသွားလာခွင့်မရှိဟု သိရသည်။ မော်တင်ကမ်းနားဂိတ်ဖျားမှတ်တိုင်တွင် ခရီးစဉ်ဆုံးသော မြို့ပြင်သွား YBS ၂၁၊ ၃၅ နှင့် ၃၉ ယာဉ်လိုင်းများတွင် ၂၁ နှင့် ၃၉ ယာဉ်လမ်းကြောင်း၏ ဂိတ်ဖျားမော်တင်မှတ်တိုင်နှင့် နောက်ဆုံးမှတ်တိုင် ဘုန်းကြီးလမ်းစံပြတို့အကြား ပြေးဆွဲသည့်လမ်းကြောင်းသာ ပြောင်းလဲမှုရှိသည်။

ထောက်ကြန့်၊ မြောက်ဥက္ကလာ၊ ပြည်လမ်းလမ်းကြောင်းအတိုင်း မော်တင်အထိ ပြေးဆွဲနေသော ၃၅ ယာဉ်လိုင်းမှာမူ စံပြမှတ်တိုင်သို့ အသွားအပြန်ခရီးစဉ်များတွင် မရောက်တော့ဘဲ ဗိုလ်ချုပ်လမ်းရှိ ဘုန်းကြီးလမ်းဝန်းကျင်မှတ်တိုင်များတွင် သွားရောက်စီးနင်းရမည်ဟု သိရသည်။

၃၅ လိုင်းကားသည် ပြည်လမ်းအတိုင်းလာကာ ဘုန်းကြီးလမ်းထိပ် အနီးဝဲဘက် ဗိုလ်ချုပ်လမ်းဘက်သို့ချိုးဝင်ပြီး လမ်းမတော်လမ်း၊ ကမ်းနားလမ်းတို့မှ မော်တင်ဂိတ်ဖျားမှတ်တိုင်သို့ ရောက်ရှိမည်။ အပြန်ခရီးတွင်မူ ကမ်းနားလမ်းအတိုင်း အနောက်ဘက်သွားကာ ဝါးတန်းလမ်းအတွင်းကွေ့ဝင်ပြီး ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့ဘက်သို့သွား၍ ပြည်လမ်းအတိုင်း မြို့ပြင်သို့ပြန်သွားမည်ဟု ဦးဇော်မင်းထံမှ သိရသည်။

၂၁ နှင့် ၃၉ လိုင်းကားများမှာ စံပြမှတ်တိုင်အလွန် ယာဘက် အနော်ရထာလမ်းအတိုင်း အနောက်ဘက်သို့ ကျုံးကြီးသို့သွားကာ ကမ်းနားလမ်း မော်တင်ဂိတ်ဖျားမှတ်တိုင်သို့ရောက်ရှိမည်။ မြို့ပြင်သို့အပြန်ခရီးတွင်မူ မော်တင်ဂိတ်ဖျားမှတ်တိုင်မှ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်းအတိုင်းသွားကာ ဘုန်းကြီးလမ်းစံပြမှတ်တိုင်မှတစ်ဆင့် မြို့ပြင်သို့မောင်းနှင်မည်ဟု သိရသည်။

အနော်ရထာလမ်းနှင့် ကမ်းနားလမ်းပိုင်းတို့အကြားရှိ ဘုန်းကြီးလမ်း၌ တံတားတည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့် ခုနစ်လဝန်းကျင်အတွင်း အဆိုပါလမ်းကြောင်းအတိုင်း ပြေးဆွဲမည်ဖြစ်သည်။

မြစ်ကူးကြိုးတံတား (ဒလ)စီမံကိန်းသည် ၂၀၁၉ ခုနှစ် ဇွန်လကုန်မှစတင်ကာ ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ရေးကာလ ၄၁ လ ကြာမည်ဟု သိရသည်။ တံတားတည်ဆောက်ပြီးစီး၍ အသုံးပြုနိုင်မည့်အချိန်တွင် ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြင်ကွင်းများ ထူးခြားစွာပြောင်းလဲလာနိုင်သည်။

ယင်းလမ်းများတွင် ယခုကာလမြင်တွေ့နေရသော ကမ်းနားလမ်း ညဈေးတန်းရှေ့ မော်တင်မှတ်တိုင်နေရာရှိ မြို့ပြင်သွားယာဉ်လိုင်းအချို့၏ ဂိတ်ဖျားနေရာတွင် လိုင်းကားအချို့ ရထားတွဲတန်းအသွင် လမ်းဘေးယာဉ်ကြောတွင် စီတန်းရပ်ထားခြင်းမျိုး မမြင်တွေ့နိုင်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။



ရန်ကုန်မြို့ ကမ်းနားလမ်း မော်တင်ထိပ်ကို တွေ့ရစဉ်။

**ခင်ဆိုင်**

---

သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်းကိုဆိုသည်

### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊

-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

#### ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။

- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။

-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။

-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။

-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။

-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက်မေးမြန်းပါ။

#### ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူတစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




### ဖြစ်ပွားသည်ကို သံသယရှိ / သိရှိပါက / လက်ခံရရှိပါက / မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး / အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- အစိုးရကျန်းမာရေးဌာန / ဆေးရုံသို့ သွားရန်၊
- သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။

# ဩဂုတ် ၃ ရက်အထိ အိမ်ထောင်စု ၄၁၉ စု၊ လူဦးရေ ၂၀၀၀ ကျော် ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း၌ တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံခဲ့ရာ ယမန်နေ့အထိ အိမ်ထောင်စု ၄၁၉ စု၊ လူဦးရေ ၂၀၀၀ ကျော် ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး၌ ကျောက်ကြီး၊ ရွှေကျင်မြို့နယ်များတွင် အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၂၅၄ ဦးနှင့် ကရင်ပြည်နယ်၌ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်မြို့နယ်များတွင် အိမ်ထောင်စု ၃၆၈ စု၊ လူဦးရေ ၁၇၄၇ ဦး စုစုပေါင်းအိမ်ထောင်စု ၄၁၉ စုနှင့် လူဦးရေ ၂၀၀၁ ဦးတို့သည် ယာယီ ရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်း ငွေကျပ် ၂၁၉၃ သိန်းကျော် ထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အတူ ဩဂုတ်လအတွင်း ဖြစ်ပွားသည့် ရေဘေးများအတွက်လည်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေဘေးရှောင်နေရာများ ပိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အချို့နေရာများ၌ ရေဘေးရှောင်ပြည်သူများ ကျန်ရှိနေသေးကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**



ရေဘေးသင့်ပြည်သူများအား ဖိုက်ဘာစက်လှေဖြင့် ပြောင်းရွှေ့ပေးစဉ်။ ဓာတ်ပုံ-ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

# မြို့နယ်များ၌ မိုးအဆက်မပြတ်ရွာသွန်း၍ လေပြင်းများတိုက်ခတ်မှုကြောင့် ရေကြီးမှုနှင့် နေအိမ်အဆောက်အအုံများ ပျက်စီးမှုဖြစ်

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ဩဂုတ် ၃ ရက်ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဘိုကလေးမြို့နယ် ကျုံခရိုင်ကျေးရွာ အမကကျောင်းဘေးရှိသစ်ပင်လဲကျရာမှ ကျောင်းဆောင်၏အမိုးများ ပျက်စီးခြင်း၊ ကိုင်းတောကျေးရွာနေ ဦးမြင့်အေး၏ နေအိမ်အနီးရှိ သစ်ပင်လဲကျရာမှ နေအိမ်ပျက်စီးခြင်းနှင့် နေအိမ်နေကျောင်းသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ကျွန်းသာယာ အမကကျောင်း အမိုးလန်ပျက်စီးခြင်း၊ ရွှေဘိုစုကျေးရွာနေဒေါ်နယ်၏ နေအိမ်တဲပေါ်သို့ သစ်ပင်လဲကျပျက်စီးခြင်းနှင့် အမှတ် ၈ ရပ်ကွက် ၇ လမ်းနေ ဦးအောင်သိန်း၏နေအိမ်ပေါ်သို့ သစ်ပင်လဲကျ၍ ပျက်စီးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် တူးမြောင်းကျေးရွာတွင် လူနေအိမ် ငါးလုံးအမိုးလန်ကာ၊ ရေလဲကျေးရွာတွင် လူနေအိမ်တစ်လုံး၊ လှည်းဆိပ်ကျေးရွာတွင် လူနေအိမ်နှစ်လုံး သစ်ပင်ပိ၍ ပြိုကျပျက်စီးခဲ့ပြီး ကျောက်တိုင်ကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် အင်္ဂလာတောင်ကျေးရွာတို့တွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်နေအိမ် ခုနစ်လုံး၊ ပြိုကျ ပျက်စီးအိမ်သုံးလုံး စုစုပေါင်းလူနေအိမ် ၁၀ လုံး ပျက်စီးခဲ့ပြီး လေဘေးသင့်မိသားစုဝင်များအား သက်ဆိုင်ရာက သွားရောက်ကူညီနေရာချထားပေးကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

**ချောင်းသာ**

ပုသိမ်-ချောင်းသာကားလမ်းပေါ်ရှိမိုင်တိုင် ၃၃/၇ နှင့် ၃၃/၃ အကြားတွင်ဩဂုတ် ၂ ရက် ညပိုင်းက တိုက်ခတ်ခဲ့သောလေပြင်းကြောင့် လမ်းဘေးရှိသစ်ပင်နှစ်ပင်လဲကျကာ ချောင်းသာမြို့လျှပ်စစ်ဓာတ်ခွဲရုံမှ ဥတို၊ ဆိပ်ကြီးနှင့် ခြောက်ကောင်ကျေးရွာများသို့ သွယ်တန်းထားသော ဓာတ်တိုင်သုံးတိုင်ခန့် ပျက်စီးသွားခဲ့သည်။

ထို့ကြောင့် ယမန်နေ့ နေ့လယ်ပိုင်းတွင် ချောင်းသာမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ချောင်းသာလျှပ်စစ်ဓာတ်ခွဲရုံမှ တာဝန်ရှိသူများ သွားရောက်၍ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ရှင်းလင်းကြောင်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**

**ကျိုက်မရော**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ အတ္တရံမြစ်ရေတိုးလာသဖြင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ကမ်းနားလမ်းနှင့် ရှင်စောပုရပ်ကွက် ၁ ရှိ နေအိမ်အချို့တွင် ရေများစတင်ဝင်ရောက်နေပြီဖြစ်သည်။

အဆိုပါရပ်ကွက်ရှိအိမ်များမှ အချို့နေအိမ်များ ကုန်းမြင့်ရာနေရာများသို့ ပစ္စည်းများ စတင်ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။ ယခုရက်ပိုင်းအတွင်း လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်သဖြင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီက ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြင်ဆင်ထားကြောင်း၊ ပြည်သူများစိုးရိမ်မှုမလွန်ကဲကြစေရန် အသိပညာပေးဟောပြောပွဲများနှင့် ရေဘေးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ကြိုတင်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး ( ပြန်/ ဆက်)**

**ဒေးဒရဲ**

ဒေးဒရဲမြို့နယ်တွင် ယမန်နေ့ညနေ ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဒေးဒရဲမြို့နယ် တမာတကောကျေးရွာအုပ်စုရှိ အလကစာသင်ကျောင်းတစ်ကျောင်း၊ ကုလားကုန်းတန်းကျေးရွာအုပ်စုတွင် နေအိမ်တစ်လုံး အမိုးလန်ခြင်း၊ သစ်ပင်လဲကျမှုကြောင့် အိမ်တစ်လုံးနှင့် စပါးဂိုဒေါင်တစ်လုံး ပျက်စီးခဲ့သည်။

အလားတူ တိုးကျေးရွာအုပ်စုတွင် သစ်ပင်လဲကျမှုကြောင့် နေအိမ်နှစ်လုံး၊ ဂိုဒေါင်တစ်လုံးနှင့် တိုးကျေးရွာ (အထက)ရှိ မီးစက်ရုံတစ်ရုံ အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်မြင့်ခိုင် (ပြန်/ဆက်)**




ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇမိမြစ်ရေလျှံကာ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူသွားကားလမ်း ရေကျော်နေသည်ကို တွေ့ရစဉ်။

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူကားလမ်းပေါ်ရှိ တံတားပေါ်သို့ရေလျှံပြီး သွားလာမှုခက်ခဲလျက်ရှိသည်။

အဆိုပါတံတားမှာ ကြာအင်းဆိပ်ကြီးမြို့မှ မိုင်တိုင်နှစ်မိုင်ကျော် ချောင်းဝကျေးရွာအထွက် ချောင်းကူးတံတားဖြစ်ပြီး ရေလျှံမှုကြောင့် တံတားပေါ်သို့ ယာဉ်ငယ်များနှင့် ဆိုင်ကယ်များဖြတ်သန်းသွားလာမှု ခက်ခဲလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

**ရေကြည်**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ငါးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရွှေညောင်ပင်ရပ်ကွက်တွင် သစ်ပင်လဲကျရာ နေအိမ်တစ်လုံး ပျက်စီးခြင်း၊ ကညင်ငူကျေးရွာတွင် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခြင်းနှင့် နှောကုန်းကျေးရွာတွင် ဦးနေလင်းအောင် (၃၅ နှစ်)၏ နေအိမ်ပြိုကျခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**



မြိတ်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျပိမိ၍ ပျက်စီးသွားသည့်နေအိမ်အား တွေ့ရစဉ်။ ဓာတ်ပုံ- ခိုင်ထူး(မြိတ်)



အတ္တရံမြစ်ရေ မြင့်တက်၍ ကျိုက်မရောမြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

# အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာတွင် ဆဋ္ဌမအကြိမ်မြောက် ပဲလှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး ဩဂုတ် ၄**
စတော့ဟုမ်းငြိမ်းချမ်းရေးဆုရ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာ ပဓာနနာယကချုပ်ဆရာတော် ဒေါက်တာ အရှင်သောဘိတ ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC) ကျောင်းတိုက်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ပဲလှူဒါန်းခြင်း အလှူတော်အခမ်းအနားအား ဩဂုတ်၃ ရက်မှ စတင်ကာ ကျင်းပလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးနှင့် မင်းကွန်းဒေသအတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့အား တစ်ပါးလျှင် ပဲနှစ်ပြည်နှုန်းဖြင့် လှူဒါန်းခြင်းဖြစ်ကာ ဩဂုတ် ၃ ရက်က ပထမနေ့အဖြစ် IBEC ကျောင်းတွင် သံဃာတော်အပါး ၅၀၀ ကျော်တို့ကို စတင်လောင်းလှူခဲ့ပြီး ယနေ့ ပဲအလှူတော် ဒုတိယနေ့တွင်လည်း စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးရှိ ကျောင်းပေါင်း ၆၅၈ ကျောင်းမှ သုဓမ္မာဂိုဏ်းဝင် သံဃာတော်ပေါင်း ၆၀၁၇ ပါးတို့အား ပဲလောင်းလှူခဲ့ပြီး သံဃနာယကဆရာတော်ကြီးများထံမှ ရေစက်ချအနုမောဒနာတရားများ နာယူခဲ့ကြောင်း သိရသည်။

ထို့အပြင် ဩဂုတ် ၅ ရက်တွင် ရွှေကျင်ဂိုဏ်းဝင်သံဃာတော်တို့အား ပဲလောင်းလှူခြင်း၊ ဩဂုတ် ၆ ရက်တွင် သီလရှင်ဆရာကြီးများအား ပဲလောင်းလှူခြင်းနှင့် ဩဂုတ် ၇ ရက်တွင် မင်းကွန်းဒေသရှိ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ပဲလောင်းလှူခြင်းတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲကို မြတ်ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် သာသနာ့တာဝန်များ ထမ်းဆောင်နေကြသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး ဆရာလေးများ၊ သူတော်စင်များ ဆွမ်းကွမ်းအလို့ငှာ မခက်ခဲစေရန် ရည်ရွယ်၍ IBEC ဆရာတော်ဦးဆောင်ကာ ဒါယကာ ဒါယိကာမများ၏ မတည်မှုတို့ဖြင့် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းမှုပြုလုပ်ရခြင်းဖြစ်ကြောင်း IBEC သတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



သံဃာတော်များအား ပဲလောင်းလှူဒါန်းစဉ်။

# ဘားအံမြို့မှ ကျောင်းသားတစ်ဦး ကမ္ဘောဇပြည်ပ ပညာသင်ဆုရရှိ

**ရန်ကုန် ဩဂုတ် ၄**
ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ပေးအပ်ချီးမြှင့်သည့် ပြည်ပပညာတော်သင်ဆု KBZ - UWCSEA Scholarship ကို ကရင်ပြည်နယ် ဘားအံမြို့မှ ကျောင်းသား စောဝီရက ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုရရှိသူသည် စင်ကာပူနိုင်ငံ United World College of South East Asia တွင် International Baccalaureate Program အား နှစ်နှစ်တက်ရောက်သင်ကြားခွင့် ရရှိမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင်လည်း ကချင်ပြည်နယ်မှ မဒယ်ဘရာက KBZ - UWCSEA Scholarship ကို ရရှိခဲ့သည်။

"ကျွန်တော်က Artificial Intelligence Engineer (AI Engineer) တစ်ဦးဖြစ်ချင်တာပါ။ အခုပညာသင်ဆုရတော့ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ နယ်ကလူငယ်တစ်ယောက်အတွက် ကြိုးစားမှုအရာထင်ခဲ့ပြီး ဆက်ပြီးလည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ တစ်ချိန်မှာ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်"ဟု စောဝီရက ပြောသည်။

ပညာသင်ခွင့်ရသည့် UWCSEA ကျောင်းသည် ကမ္ဘာအနှံ့တွင် ကျောင်းပေါင်း ၁၉ ကျောင်းဖွင့်လှစ်ထားသည့် United World Colleges (UWC) ၏ ကျောင်းခွဲတစ်ခုဖြစ်ပြီး တောင်အာဖရိကနိုင်ငံသမ္မတနှင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် နယ်လ်ဆင်မင်ဒဲလားနှင့် ဝေလမင်းသား ချားစ်တို့ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့သောကျောင်းဖြစ်သည်။

ကမ္ဘောဇပညာသင်ဆုကို မြန်မာနိုင်ငံတစ်ဝန်းဒေသစုံမှ ကျောင်းသား ကျောင်းသူများကို ဘာသာရပ်မျိုးစုံ၊ ပြည်တွင်းပြည်ပမှ ကျောင်းများ၊ ကောလိပ်များနှင့် သက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပညာသင်နိုင်ရန် ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ပေးအပ်လျက်ရှိပြီး လက်ရှိအချိန်အထိ မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀ ခန့်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ၁၀၀ ၊ Parami Institute တွင် လေးဦး၊ Precollegiate Program တွင် ခြောက်ဦး၊ United World College of South East Asia တွင် နှစ်ဦး၊ Myanmar Metropolitan College တွင် နှစ်ဦးတို့ကို ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ ပေးအပ်ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**



**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၄ ရက်က ကိုးရွာသပြေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ ပတ္တာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်လင်းထက်က အသိပညာပေး ဟောပြောစဉ်။**

ကျော်လှိုင်သင်း (နေပြည်တော်)

# Wisdom House စာအုပ်တိုက် (၁၃)နှစ်ပြည့် အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၄**
Pro 1 Global Home Center Myanmar နှင့် Wisdom House တို့ ပူးပေါင်းစီစဉ်သည့် Wisdom House စာအုပ်တိုက် (၁၃)နှစ်ပြည့် အထိမ်းအမှတ် လူငယ်နှင့် ပရော်ဖက်ရှင် ဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ ကြည်မင်းက လူငယ်နှင့် ပတ်သက်သည့် ရွေးချယ်ခွင့်များ၊ လူငယ်များကြီးပွားရန် အားဖြည့်လမ်းညွှန်စာပေများ၊ ဘဝအားမာန်ရအောင် ဖြည့်ဆည်းပေးရေး၊ လမ်းမှန်ရွေးတတ်စေရန် လမ်းညွှန်ပေးမည့် စာပေများ ရေးသားရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆရာကြည်ရွှန်းက အလုပ်လုပ်ရသည့်အခါတွင် ပရော်ဖက်ရှင်နယ်ဆိုသည့် အသက်မွေးဝမ်းကျောင်းဖြင့် လုပ်ရမှု၊ အလုပ်ကိုရွေးချယ်သည့်အခါ ကိုယ်နှင့် သင့်လျော်၊ မှန်ကန်သည်ဆိုပါက ကြီးပွားအောင်မြင်မှု၊ လူများသည် ရောက်ရှိသည့်ဘဝတွင် ပျော်ရွှင်စိတ်ချမ်းသာစွာဖြင့် ကိုယ့်အသက်မွေးဝမ်းကျောင်းကို လုပ်ကိုင်ပါက အောင်မြင်နိုင်မှု စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေါက်တာတင်မမစိုး က မိမိတို့ရလာသည့် အလုပ်အကိုင်ကို လုပ်ငန်းခွင်တွင် အောင်မြင်ပျော်ရွှင်အောင် မည်ကဲ့သို့ လုပ်ကိုင်ရမည်၊ လုပ်ငန်းခွင်တွင် အောင်မြင်ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ရန်၊ လုပ်ငန်းခွင်တွင်ရှိသည့် လူများနှင့် အဆင်ပြေအောင် နေထိုင်တတ်ရန်၊ သဘောထားမတူညီမှုများရှိပါက တူညီသည့် သဘောထားများဖြင့် ကိုင်တွယ်ဖြေရှင်းတတ်ရန် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒေါက်တာဖြိုးသီဟက အလုပ်လုပ်ကြမည်ဆိုလျှင် ကျွမ်းကျင်မှု ရှိရန်၊ မလုပ်သင့်မလုပ်ထိုက်သည့် အရာများ၊ စိတ်ခံစားချက်များ ထိန်းရန်၊ လုပ်ငန်းခွင်တွင် ထိခိုက်စေမည့် အပြုအမူများဆင်ခြင်ရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရာတွင် ပရော်ဖက်ရှင်နယ်ဆန်ရန်၊ ပရော်ဖက်ရှင်ပီပီသသလုပ်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်မည် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။




**Wisdom House စာအုပ်တိုက် (၁၃)နှစ်ပြည့် အထိမ်းအမှတ် လူငယ်နှင့် ပရော်ဖက်ရှင် ဟောပြောဆွေးနွေးပွဲတွင် စာရေးဆရာကြည်မင်း ဆွေးနွေးစဉ်။**

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းကြပြီး Wisdom House စာအုပ်တိုက် အထွေထွေမန်နေဂျာ ဦးမင်းကျော် (စာရေးဆရာအေးကျော်မင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်း-ဉမ္မာသန့်**
**ဓာတ်ပုံ- ရဲထွဋ်**

# အမြန်လမ်း လမ်းမကြီး(၁၆/၃)မိုင်အနီး တွေ့ရှိခဲ့သည့် စားကျက်လွန်တောဆင်ရိုင်းနှစ်ကောင်ကို မြောက်ဇာမဏီ တိရစ္ဆာန်ဘေးမဲ့တောသို့ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၄**
မြန်မာ့သစ်လုပ်ငန်းမှ အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (EERU) သည် ယမန်နေ့က အမြန်လမ်းမကြီး (၁၆/၃)မိုင်အနီး အကျဉ်းဦးစီးဌာန၏ သီဟိုဠ်ခြံအတွင်း တွေ့ရှိခဲ့သည့် စားကျက်လွန် တောဆင်ရိုင်းနှစ်ကောင်ကို မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးပြီး မြောက်ဇာမဏီတိရစ္ဆာန်ဘေးမဲ့တောသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန့်မှန်းအသက် ခြောက်နှစ်နှင့် ခုနစ်နှစ်ခန့်ရှိ တောဆင်ရိုင်း အမနှစ်ကောင်ကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ပြီး မော်တော်ယာဉ်ဖြင့် မြောက်ဇာမဏီ တိရစ္ဆာန်ဘေးမဲ့တောအတွင်း ပို့ဆောင်ခဲ့ကာ တောဆင်ရိုင်းနှစ်ကောင်၏အခြေအနေကို နယ်မြေခံ သစ်တောဝန်ထမ်းများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

တောဆင်ရိုင်းများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (EERU) ကို သစ်ထုတ်ရေးဌာနမှ ဝန်ထမ်းများ၊ ဆင်ဆေးကုများ၊ ဆင်ဝန်ထမ်းများနှင့် ကျွမ်းကျင်ကွန်ဂျီဆင်များဖြင့် ဖွဲ့စည်းထားပြီး ဆင်နှင့်လူ ပဋိပက္ခမဖြစ်စေရေး ပညာပေးဆောင်ရွက်ခြင်း၊ တောဆင်များ ဆင်မုဆိုး အန္တရာယ်မှ သတ်ဖြတ်ခံရမှုမရှိစေရန် လှည့်လည်ကြည့်ရှုစောင့်ရှောက်ခြင်း၊ တောဆင်များ စားကျက်မလွန်အောင် ထိန်းသိမ်းခြင်းနှင့် စားကျက်လွန် တောဆင်များ မူလစားကျက်သို့ပြန်လည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးအနေဖြင့် အရေးပေါ်ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ (EERU) ၁၁ ဖွဲ့ ဖွဲ့စည်းထားပြီး ပြည်သူလူထုနှင့် တောဆင်များ ဘေးအန္တရာယ်ကင်းဝေးစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့သစ်လုပ်ငန်းမှ သိရသည်။

**မျိုးသူဟိန်း**

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်း

**နေပြည်တော် ဩဂုတ် ၄**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

# အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ထူးချွန်အားကစားသမား ၁၀၀၀ ကျော်မွေးထုတ်ပေးခဲ့

**ရန်ကုန် ဩဂုတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်း နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၂ ရက်နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း ဆုရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက် ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌများက ဝန်ကြီးဌာန ဥက္ကဋ္ဌဖလားနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ အိုလံပစ်နေ့နှင့် ကျောင်းပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ကြပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ဝန်ထမ်းများအားဝတ်စုံများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါအားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကို ၁၉၉၂ ခုနှစ် ဇူလိုင် ၂၇ ရက်က ဖွင့်လှစ်ခဲ့ပြီး အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကို ၁၉၉၇ ခုနှစ် ဩဂုတ်တွင်စတင်ဖွင့်လှစ်ခဲ့၍ ယနေ့အထိ မြန်မာ့လက်ရွေးစင်အားကစားသမား အမျိုးသား ၂၉၀၊ အမျိုးသမီး ၂၇၆ ဦးနှင့် လူငယ်လက်ရွေးစင်အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၁၈၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အေးကေလင်း**

# ဇူလိုင်အတွက် MNL တစ်လတာ အကောင်းဆုံးဆုများ ချီးမြှင့်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက ချီးမြှင့်သည့် ၂၀၁၉ MNL အမှတ်ပေးပြိုင်ပွဲ၏ ဇူလိုင်လအတွက် တစ်လတာ အကောင်းဆုံးဆုများ ရွေးချယ်ခဲ့ရာ ရန်ကုန်အသင်း ယာယီနည်းပြချုပ် ဦးတင်မောင်ထွန်းနှင့် မကွေးအသင်း တိုက်စစ်မှူး ဇင်မင်းထွန်းတို့ ရရှိခဲ့သည်။



အကောင်းဆုံးနည်းပြဆုရ ဦးတင်မောင်ထွန်း (ရန်ကုန်) ဆုလက်ခံရယူနေစဉ်။

ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန်အသင်းသည် ဇူလိုင်လက ယှဉ်ပြိုင်ခဲ့သည့် လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ပြီး ရှုံးပွဲမရှိ၊ ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သောကြောင့် ဦးတင်မောင်ထွန်းက အကောင်းဆုံးနည်းပြဆု ရရှိခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လတွင် သုံးပွဲနိုင်၊ တစ်ပွဲကျသည့် အသင်းသုံးသင်းရှိခဲ့ပြီး ဦးတင်မောင်ထွန်းသည် ရောဝတီအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ မကွေးအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးတို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ ဦးတင်မောင်ထွန်းကို ဩဂုတ် ၄ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပသည့် Chinland နှင့် ရန်ကုန်အသင်းပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်းရရှိခဲ့သည်။ အကောင်းဆုံးကစားသမားဆုရ ဇင်မင်းထွန်းသည် ဇူလိုင်လအတွင်း ကစားသည့် လေးပွဲစလုံး ဂိုးသွင်းနိုင်သည့်အပြင် ငါးဂိုးအထိ သွင်းယူကာ ပြိုင်ဘက် ကစားသမားများထက် စွမ်းဆောင်ရည်သိသိသာသာ ကောင်းမွန်ခဲ့သောကြောင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ အကောင်းဆုံးကစားသမားဆုရ ဇင်မင်းထွန်းကိုဩဂုတ် ၃ ရက်က ပုသိမ်ကွင်း၌ ကျင်းပသည့် ရောဝတီ-မကွေးပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့်ဆုကြေး တစ်သိန်းခွဲရရှိခဲ့သည်။

ယခုရာသီတွင် လအလိုက် အကောင်းဆုံးဆုများကို ဇန်နဝါရီတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)နှင့် ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဖေဖော်ဝါရီ/မတ်တွင် ဦးငွေထွန်း (ဟံသာဝတီ)နှင့် လှိုင်းဘိုဘို (ရတနာပုံ)၊ ဧပြီတွင် ဦးအောင်ကျော်မိုး (ရတနာပုံ)နှင့် ဆယ်လာ (ရန်ကုန်)၊ မေ/ဇွန်တွင် ဦးအောင်နိုင် (ရှမ်းယူနိုက်တက်) နှင့် အဘူကာကာ (ရခိုင်)၊ ဇူလိုင်တွင် ဦးတင်မောင်ထွန်း (ရန်ကုန်)နှင့် ဇင်မင်းထွန်း(မကွေး)တို့က ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# အာဆီယံ ယူ - ၁၈ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းထွက်ခွာ

**ရန်ကုန် ဩဂုတ် ၄**

ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၈ အသင်းသည် ယနေ့နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။



အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၈ အသင်းနည်းပြနှင့် ကစားသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ -MFF

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ- ၁၈အသင်းတွင် **အုပ်ချုပ်သူအဖြစ်** ဦးရဲဝင်းအောင်၊ **နည်းပြချုပ်အဖြစ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြများအဖြစ်**-ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြအဖြစ်** ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး-** နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း-** သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမူး၊ ကောင်းခန့်ကျော် (၁)၊ **အလယ်တန်း-** ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရန်ကျော်စိုး၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ **ရှေ့တန်း-** လမင်းထွေး၊ ညီညီ၊ စောကျော်အဲနှင့် ဩဘာခတို့ ပါဝင်ကြသည်။ မြန်မာ ယူ- ၁၈ အသင်းသည် ယင်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ ဂျပန်ခရီးစဉ်သို့ ခေါ်ဆောင်သွားသည့် ကစားသမား ၂၅ ဦးအနက် မျိုးကိုကိုလင်း၊ ကောင်းဇင်မိုး၊ ရဲထက်အောင်တို့ ချန်လှပ်ခံခဲ့ရပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ပဏာမလူစာရင်းတွင် ရွေးချယ်ခံထားရသည့် ဟိန်းထက်အောင်ကို အားဖြည့်ရွေးချယ်ခဲ့သည်။

၂၀၁၉ အာဆီယံ ယူ- ၁၈ ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၈ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၂ ရက်တွင် ဘရူနိုင်းအသင်း၊ ဩဂုတ် ၁၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*○ ကျောဖုံးမှ*

ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် မထိရောက်ခဲ့ဘဲ ဒုတိယပိုင်းအစမှာ ဂိုးပြန်ရခဲ့သည်။ မိနစ် ၅၀ တွင် နောက်ခံလူ ဝီလျံက ထောင့်ကန်ဘောကို ခေါင်းတိုက်ကာ ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး ၇၁ မိနစ်တွင် ရှမ်းနောက်ခံလူ ဝီလျံလက်ထိသောကြောင့် ရရှိသည့် ပယ်နယ်တီကို ဝင်းနိုင်စိုးက ကန်သွင်းခဲ့၍ ရတနာပုံအသင်း ဒုတိယဂိုးထပ်ရခဲ့သည်။ ရတနာပုံအသင်း၏ ဦးဆောင်မှုမှာ ငါးမိနစ်သာကြာခဲ့ပြီး ၇၆ မိနစ်တွင် အီမန်နျူရယ်က ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၈၀ တွင် နန္ဒကျော်က အနိုင်ဂိုးသွင်းယူခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် အိမ်ကွင်းနိုင်ပွဲကြောင့် တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားပြီး ဇွဲကပင်အသင်းမှာမူ ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ Southern အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် ကောင်းစည်သူ၊ မိနစ် ၅၀ တွင် ရှိုင်းသူရ၊ ၉၀+၆ မိနစ်တွင် မျိုးဝေလင်းတို့က သွင်းယူခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးကို ၉၀+၅ မိနစ်တွင် သိန်းတန်က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် ရန်ကုန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် မထင်မှတ်ဘဲ သရေကျခဲ့သောကြောင့် ရှမ်း၊ ရောဝတီတို့နှင့် တစ်မှတ်သာကွာဟတော့ပြီး လက်ကျန်ပွဲများမှာ ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။ ၂၉ မိနစ်တွင် Chinland အသင်း နောက်ခံလူ အောင်ဟိန်းကျော် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး ၉၀+၂ မိနစ်တွင် ဘာဘာတန်ဒီက Chinland အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲချိန် ၁၃ မိနစ်တွင် ပွဲရပ်နားခဲ့ရကာ မိနစ် ၅၀ ကျော် ရပ်နားပြီးမှ ပြန်လည်စတင်နိုင်ခဲ့သည်။

ပွဲစဉ် (၁၉)အပြီးတွင် ရန်ကုန်အသင်းက ၃၈ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းက ၃၇ မှတ်စီ၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ ရတနာပုံအသင်းက ၂၆ မှတ်၊ စစ်ကိုင်းအသင်းက ၂၄ မှတ်၊ မကွေးအသင်းက ၂၀ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ်၊ Chinland အသင်းက ၁၃ မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### မွိုက်စ်ဆီကိန်းကို အဲဗာတန်အသင်းခေါ်ယူ

အဲဗာတန်အသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ၁၉ နှစ်အရွယ် အီတလီတိုက်စစ်ကစားသမား မွိုက်ဆီကိန်းကို ငါးနှစ်စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် အဲဗာတန်အသင်း၏ ငါးဦးမြောက်ခေါ်ယူမှုဖြစ်ပြီး ထိုကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ ဂျူဗင်တပ်စ်အသင်းအတွက် ၂၁ ပွဲတွင် ရှစ်ဂိုးသွင်းယူပေးထားနိုင်ကြောင်းလည်း သိရသည်။

### ဒေးဗစ်နီရက်ဇ်ကို ကမ်းလှမ်းမှုပြုလိုက်သည့် မန်ယူ

မန်ယူအသင်းသည် အိုင်းယက်စ်အသင်းမှ အသက် ၂၂ နှစ်အရွယ် ဘရာဇီး တိုက်စစ်ကစားသမား ဒေးဗစ်နီရက်ဇ်ကို ပေါင် ၄၆ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း ပေါ်တူဂီအခြေစိုက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### ဘာစီလိုနာအသင်း ဖီပိုကို ခေါ်ယူ

ဘာစီလိုနာအသင်းသည် အသက် ၂၂ နှစ်အရွယ် စပိန် ယူ - ၂၁ ခံစစ်ကစားသမား ဂျူနီယာ ဖီပိုကို ငါးနှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် ရီးရဲဘက်တစ်အသင်းအတွက် ၂၉ ပွဲ ပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

### ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့သွားသည့် ဘိုတန်

ကွင်းလယ်ကစားသမားဘိုတန်သည် ဆက်ဆူအိုလိုအသင်းမှ ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ဘာစီလိုနာအသင်း၌ အငှားကစားခဲ့သူဖြစ်ကြောင်းလည်း သိရသည်။

### ဟာသာဘာလင် အသင်းသို့ လူကီဘာကီယိုကို ရောင်းချ

ဝက်ဖို့ဒ်အသင်းသည် လူကီဘာကီယိုကို ပေါင်သန်း ၂၀ ဖြင့် ဟာသာဘာလင်အသင်းသို့ ရောင်းချလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် (၂၁ နှစ်) အရွယ် ဘယ်လ်ဂျီယံကစားသမားသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် အန်ဒါလက်ချ် အသင်းမှ ဝက်ဖို့ဒ်အသင်းသို့ ရောက်ရှိလာသူဖြစ်ကာ ပြီးခဲ့သည့်ရာသီတွင် ဘွန်ဒက်စ်လီဂါကလပ် ဖော်ကျူနာ ဒက်စ်ဆဲလ်ဒေါ့ဖ်အသင်းသို့ အငှားချထားခဲ့ပြီး ဖော်ကျူနာဒက်စ်ဆဲလ်ဒေါ့ဖ်အသင်းတွင် ၃၄ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၄ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

### အင်္ဂလန်ဘောလုံးရာသီအဖွင့် ကွန်မြူနတီဒိုင်း မန်စီးတီးအသင်း ဆွတ်ခူး

အင်္ဂလန်ဘောလုံးရာသီအဖွင့် ကွန်မြူနတီဒိုင်းကို ဩဂုတ် ၄ ရက်က လီဗာပူးနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက အနိုင်ရရှိခဲ့သည်။ ဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် စတာလင်းက မန်စီးတီးအတွက် ဦးဆောင်ဂိုး သွင်းယူပေးပြီး လီဗာပူးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၇ မိနစ်တွင် မာတစ်က သွင်းယူပေးခဲ့သည်။ ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် မန်စီးတီးအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုပွဲကို ပရိသတ် ခုနစ်သောင်း ခုနစ်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ဇော်**

# မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီ မိနစ်၅၀ တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် စိမ်းလဲ့ကန်သာစိုက်ပျိုးခြံ အနီးတွင် လမ်းလျှောက်လာသူ စိုင်းဟန်အောင်၏ ခရီးဆောင် ကျောပိုးအိတ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ငွေကျပ် ၆၅၀၀၀၊ ရွှေနားကွင်းတစ်ရံနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော- သာစည်ကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ သက်နိုင်၏ ခရီးဆောင်လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ရတနာလမ်းသွယ် (၄)လမ်း၌ သန်းမောင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မူးယစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ နံနက် ၉ နာရီခွဲက တာချီလိတ်မြို့နယ် တာချီလိတ်- မိုင်းဟဲသွားကားလမ်းတွင် လီဂျာမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



**စိုင်းဟန်အောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

## မြန်မာ့ရုပ်မြင်သံကြား

၅-၈-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၉း၁၀ - မြို့ပြဟင်းလင်းပြင်များ
- ၁၀း၃၅ - ဂုဏ်ယူဝင့်ကြွားတို့ လယ်သမား "လီလီပန်းရဲ့ပွဲကိုင်ရှင်"
- ၁၁း၅၅ - သက်ငယ်မှဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၃း၁၅ - SMM 3rd Asian "Asia World Foundation"Men'sU23 Volleyball Championship Live Broadcast (မြန်မာနှင့် ဩစတြေးလျ)

**ညပိုင်း**

- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - FDA စကားဝိုင်း "အစားအသောက်တို့၏ အမှတ်တံဆိပ်သတ်မှတ်ချက်များအကြောင်း သိကောင်းစရာ"
- "SMM 3rd Asian" Asia World Foundation" Men's U23 Volleyball Championship ပြိုင်ပွဲ အစီအစဉ်

## ဖားကန့်မြို့နယ်၌ မြေစာပုံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် ဩဂုတ် ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မော်ကျေးရွာရှိ လုပ်ငန်းရပ်နားထားသော ကုမ္ပဏီလုပ်ကွက်တစ်ခု၌ ဩဂုတ် ၃ ရက် ည ၆ နာရီ ၄၅ မိနစ်က အမြင့်ပေ ၃၀၀ ခန့်မှ မြေစာများ ရုတ်တရက်ပြိုကျလာပြီး ရေလှိုင်းများ ရိုက်ခတ်မှုကြောင့် မျက်နှာချင်းဆိုင် ကမ်းပါးယံတွင် ရေမဆေးကျောက်ရှာဖွေနေသူ နမ့်မော်ကျေးရွာနေ သန်းစိုး(၂၅ နှစ်) ပါလေးဦးမှာ အောက်ခြေရေကန်အတွင်းသို့ မြေစာများနှင့်အတူ မျောပါသွားခဲ့သည်။

အဆိုပါ မြေစာများနှင့် မျောပါသွားသူလေးဦးအနက် သန်းစိုးအပါအဝင် သုံးဦးအား ရေကန်အတွင်းမှ ဆယ်ယူနိုင်ခဲ့သော်လည်း အမျိုးသားတစ်ဦးမှာ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဧရာဝတီတံတား (ရတနာပုံ ) ပေါ်မှ ခုန်ချခဲ့သည့် အမျိုးသား၏အလောင်း ပြန်လည်တွေ့ရှိ

**စစ်ကိုင်း ဩဂုတ် ၄**

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့သို့ ဆက်သွယ်ထားသည့် ဧရာဝတီတံတား (ရတနာပုံ) ပေါ်မှ ဧရာဝတီမြစ်အတွင်း ခုန်ချသေဆုံးသွားခဲ့သည့် အမျိုးသား၏ ရုပ်အလောင်းကို ယနေ့မွန်းလွဲ ၂ နာရီခန့်က စစ်ကိုင်းမြို့ မြေဝတီဆိပ်ကမ်းတွင် တွေ့ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)မှ သိရသည်။

ဧရာဝတီမြစ်အတွင်း ခုန်ချသေဆုံးသူမှာ စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကုန်းရွာနေ ကိုပြည့်ဟိန်းထက် (၂၃ နှစ်) ဖြစ်ပြီး ၎င်းသည် ဧရာဝတီတံတား (ရတနာပုံ ) စစ်ကိုင်းဘက်ခြမ်းမှ ဩဂုတ် ၂ ရက် ညနေ ၅ နာရီက ဧရာဝတီမြစ်အတွင်း ခုန်ချခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (စစ်ကိုင်း)မှ အတွင်းရေးမှူး ကိုစိုးမင်းဦးက ပြောသည်။

တွေ့ရှိရသည့် အလောင်းအား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) နှင့်အိုးဘိုရပ် Rescue အဖွဲ့တို့ပူးပေါင်း၍ စစ်ကိုင်းမြို့ကမ်းနားလမ်း တာဝါတိုင်ဆိပ်ကမ်းသို့ လှေဖြင့်သယ်ယူခဲ့ကာ ထိုရေဆိပ်မှတစ်ဆင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီးသို့ ကားဖြင့် ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ခိုင်ဇေယျ**

## မြောင်းမြ၌ ကလေးငယ်တစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံး

**မြောင်းမြ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကုန်းသာကျေးရွာတောင်ပိုင်း ဓမ္မာရာမ ဘုန်းတော်ကြီးကျောင်းအနောက်ဘက်ရှိ ရေတွင်းထဲတွင် သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက်၈ နာရီက အဘွားဖြစ်သူဒေါ်မြင့်ဝင်း(၆၀ နှစ်)က ၎င်း၏ သုံးနှစ်အရွယ် မြေးဖြစ်သူအား အိမ်တွင် မတွေ့သဖြင့် ပတ်ဝန်းကျင်ကို အကူအညီတောင်း၍ လိုက်လံရှာဖွေရာ ရေတွင်းထဲ၌ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်၍ ကလေးငယ်၏ အဒေါ်ဖြစ်သူ မအေးအေးလှိုင်ကို ခေါ်ယူစစ်ဆေးရာ ယနေ့နံနက် ၈ နာရီက ကလေးငယ်ကို မိခင်ဖြစ်သူထံပို့ပေးမည်ဟုပြောဆိုကာ ခေါ်သွားပြီး ရေတွင်းပေါင်ပေါ်မှ ရေတွင်းထဲသို့ပစ်ချလိုက်မည်ဟု စနောက်ပြောဆိုရာမှ ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

သေဆုံးသူ ကလေးငယ် မဝင့်ဝါချို (၃ နှစ်)၏ ရုပ်အလောင်းကို မြောင်းမြပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြပြီး ကုန်းသာကျေးရွာနေသူ မအေးအေးလှိုင် (၂၉ နှစ်) အား မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ရွှေကူမြို့နယ်၌ ဝက်စာအိုးကျိုချက်ရာမှ နေအိမ်မီးလောင်

**ရွှေကူ ဩဂုတ် ၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့လှမြို့၌ ဩဂုတ် ၃ ရက် ညနေပိုင်းက ဝက်စာအိုးကျိုချက်ရာမှ နေအိမ်မီးလောင်ခဲ့ကြောင်း မြို့လှနယ်မြေမီးသတ်စခန်းမှ သိရသည်။

ဩဂုတ် ၃ ရက် ညနေ ၆ နာရီက ရွှေကူမြို့နယ် မြို့လှမြို့နေ အောင်ကြည်လင်း (၂၉ နှစ်)သည် နေအိမ်တွင် ထင်းမီးဖိုဖြင့် ဝက်စာအိုးကျိုချက်ရာမှ မီးဖိုဘေးထရံသို့ မီးကူးစက်လောင်ခဲ့သဖြင့် မြို့လှနယ်မြေမီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့လှနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ မီးလောင်မှုဖြစ်စဉ်ကြောင့် အောင်ကြည်လင်းအား မြို့လှနယ်မြေ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မင်းလှ၌ ယာဉ်တစ်စီးတိမ်းမှောက်၍ နှစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**မင်းလှ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တူးအိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၃/၅) နှင့် (၁၀၃/၆)အကြားတွင် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ယာဉ်တစ်စီးလမ်းချော်ပြီး တိမ်းမှောက်ရာ ကျောင်းသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးကြောင်း သိရသည်။

ရန်ကုန် - ပြည်ကားလမ်းမကြီးအတိုင်း ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်း ဇော်လွင်မောင်းနှင်လာသော 6G/---- ဆူဇူကီးစူပါကယ်ရီယာဉ်မှာ လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်အား ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်ပါ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ မောင်ဟန်ဇင်ထက် (၁၃ နှစ်)နှင့်ဒေါ်သောင်းကြည် (၆၀ နှစ်)တို့မှာနေရာ၌ ပွဲချင်းပြီးသေဆုံးပြီး ခြောက်ဦးမှာပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်လွင်အား မင်းလှမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## မိုးညှင်းမြို့နယ် နန်းမားဘူတာယာ့ဒ်ဝင်းနယ်မြေတွင် အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

**မိုးညှင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားဘူတာယာ့ဒ်ဝင်းနယ်မြေတွင် ယမန်နေ့က အမျိုးသားတစ်ဦးရထားကြိတ်ခံရ၍ သေဆုံးသွားကြောင်း သိရသည်။

မိုးညှင်းမြို့မှထွက်ခွာလာသည့် အမှတ် ၄၃ အဆန်ရထားသည် ယမန်နေ့ ည ၉ နာရီခွဲက နန်းမားကျေးရွာဘူတာသို့ ဆိုက်ရောက်ရန် ဘူတာယာ့ဒ်ဝင်းသို့ ဝင်ရောက်စဉ် ရထားသံလမ်းပေါ်၌ အိပ်ပျော်နေသည့်လူတစ်ဦး ရထားကြိတ်မိသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ နေရာသို့ နန်းမားအုပ်ချုပ်ရေးမှူးအဖွဲ့ သွားရောက်စစ်ဆေးရာ ရထားကြိတ်ခံရသူမှာ နန်းမားကျေးရွာ လက်ဖက်ရည်ဆိုင်တွင် မုန့်အကြော်ဆရာအဖြစ် လုပ်ကိုင်နေသော ကူးထန်းရွာ မကွေးမြို့နယ် မကွေး ၁၁ လမ်းနေသူ ရဲကိုကို (၂၇နှစ်) ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နန်းမားနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်ထားကြောင်းသိရသည်။

**၀၇၈**

## သွင်းကုန်ကြေညာလွှာနှင့် ကိုက်ညီမှုမရှိသော ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ ကုန် ၃၇၆ စီး၊ သွင်းကုန် ၂၁၅ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။






အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂ ဒသမ ၂၀၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၉၆ သန်း စုစုပေါင်း တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ ဒသမ ၃၉၆ သန်း ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Foton (၂၂) ဘီး ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိသော Aluminiun Frame ၁၀၀၀၀) ကီလိုဂရမ်၊ Gypsum Celing Boarg ၈၀၀၀ ကီလိုဂရမ်နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၈၀၀ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများ တိုးတက်ဖြစ်ထွန်းမှုရှိရန် အမေရိကန် မျှော်လင့်



အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကိုတွေ့ရစဉ်။

**ဝါရှင်တန် ဩဂုတ် ၄**

အာဖဂန်နစ္စတန်၌ ၁၈ နှစ်ကြာအောင်ဖြစ်ပွားခဲ့သည့် စစ်ပွဲအဆုံးသတ်စေရေး ကြိုးပမ်းသည့်အနေဖြင့် ဩဂုတ် ၃ ရက်တွင် အမေရိကန်နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်ခဲ့ရာ ဆွေးနွေးပွဲများ အောင်မြင်မှုရရှိမည်ဟု အမေရိကန်က မျှော်လင့်လျက်ရှိကြောင်းသိရသည်။

၂၀၀၁ ခုနှစ်က အာဖဂန်နစ္စတန်သို့ ကျူးကျော်ခဲ့ပြီး တာလီဘန်အဖွဲ့ကို ဖြုတ်ချခဲ့သည့် အမေရိကန်သည် အာဖဂန်၌ ချထားသည့် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ပြန်လည်ရုပ်သိမ်းရန် ဆန္ဒရှိနေသည်။ အမေရိကန်သည် တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အာဖဂန် ရွေးကောက်ပွဲများ မကျင်းပမီ လာမည့်စက်တင်ဘာ ၁ ရက်တွင် လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ထားသည်။ အာဖဂန်ရွေးကောက်ပွဲကို လာမည့် စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး အမေရိကန် သမ္မတရွေးကောက်ပွဲကို ၂၀၂၀ပြည့်နှစ်တွင် ကျင်းပမည်ဖြစ်သည်။

စကားပြောဆိုဆွေးနွေးမှုများ လုပ်ဆောင်နေဆဲဖြစ်ပြီး တိုးတက်ဖြစ်ထွန်းမှုများရှိခဲ့သည်ဟု သမ္မတထရမ့်က ဩဂုတ် ၂ ရက်က ပြောကြားခဲ့သည်။ အမေရိကန် ဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် တာလီဘန်စစ်သွေးကြွအဖွဲ့ကို ဖြုတ်ချခဲ့သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က လူ ၃၀၀၀ ကျော်ကို သေဆုံးစေခဲ့သည့် တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည့် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ကို တာလီဘန်အဖွဲ့က ပုန်းအောင်းခိုလှုံခွင့်ပေးသည်ဟု မဟာမိတ်အဖွဲ့က ဆိုထားသည်။

မိမိတို့သည် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိအောင် ကြိုးပမ်းနေခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်များရုပ်သိမ်းရေး သဘောတူညီမှုရရှိရန် ကြိုးပမ်းနေခြင်းမဟုတ်ကြောင်း အမေရိကန်ဆိုင်ရာ အာဖဂန် သံအမတ်ကြီး ဇယ်လ်မေခါလီဇက်က တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အာဖဂန်အာဏာပိုင်တစ်ဦးက အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီသည် တာလီဘန်အုပ်စုနှင့် တိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း အရိပ်အမြွက်ပြောကြားခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

# ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက် လက်ခံနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားပြီဖြစ်ကြောင်း တောင်ကိုရီးယား ပြော

**ဆိုးလ် ဩဂုတ် ၄**

တောင်ကိုရီးယားနိုင်ငံကို ကုန်သွယ်ရေးဆိုင်ရာ ဦးစားပေးစာရင်းမှ ဖယ်ရှားရန် ဆုံးဖြတ်လိုက်သည့် ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်သည် လက်ခံနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားပြီဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ်က ပြောကြားလိုက်ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်က ပြုလုပ်ခဲ့သည့် တောင်ကိုရီးယားဝန်ကြီးများ အဖွဲ့အစည်းအဝေး၌ ဝန်ကြီးချုပ် လီနက်ယွန်းက ဂျပန်၏ ယင်းဆုံးဖြတ်ချက်သည် တောင်ကိုရီးယားအပေါ် ဒုတိယအကြိမ် လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် နည်းပညာမြင့် တင်ပို့ကုန်ပစ္စည်းများအပေါ် ထိန်းချုပ်သည့် စည်းကမ်းတင်းကျပ်မှုများကို လုပ်ဆောင်ခဲ့ပြီး တောင်ကိုရီးယားဝန်ကြီးချုပ်က အဆိုပါဆောင်ရွက်ချက်များသည် လွတ်လပ်စွာကုန်သွယ်ခွင့်ကို ခြိမ်းခြောက်လျက်ရှိသည့် အပြင် အမေရိကန်ပြည်ထောင်စု ပါဝင်သည့် သုံးနိုင်ငံလုံခြုံရေးဆိုင်ရာ မဟာမိတ်ဆက်ဆံမှုကိုလည်း ထိခိုက်စေကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဆိုင်ရာ ဦးစားပေးစာရင်းမှ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားလိုက်သည့် ဂျပန်၏ ဆုံးဖြတ်ချက်မှာ တရားမျှတမှုမရှိကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ အခြားနိုင်ငံများ၏ ထောက်ခံမှုရအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် လီနက်ယွန်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

---

# မော်စကိုတွင် အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြမှု၌ ပါဝင်သူ ၆၀၀ ကျော်ကို ဖမ်းဆီး

**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ခွင့်ပြုချက်မရရှိဘဲ လူထုစုဝေးချီတက်မှုနှင့် ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သူ ၆၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ခွင့်ပြုချက်မရရှိဘဲ မော်စကိုမြို့လယ်ကောင်၌ လူ ၁၅၀၀ ကျော် ချီတက်စုဝေးဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ကြေညာချက် တစ်စောင်တွင် ဖော်ပြခဲ့သည်။ သို့သော် အသေးစိတ်အကြောင်းအရာများကို ဖော်ပြခဲ့ခြင်း မရှိပေ။

ဆန္ဒဖော်ထုတ်မှုတွင် လူပေါင်း ၃၅၀ ကျော်ပါဝင်ခဲ့ပြီး ၎င်းတို့အနက် လူ ၃၀ ကျော်အား အများပြည်သူတည်ငြိမ်အေးချမ်းမှုကို ထိပါးနှောင့်ယှက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ကနဦးထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ Libertarian ပါတီက ဆန္ဒပြလှုပ်ရှားမှုကို ဦးဆောင်ခဲ့ပြီး ဆန္ဒပြပွဲများအတွင်း အတိုက်အခံကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို အာဏာပိုင်များက ပိတ်ပင်လိုက်သည့်အတွက် ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆန္ဒပြသူတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနေစဉ်။

ပိတ်ပင်ခံခဲ့ရသည့် အတိုက်အခံကိုယ်စားလှယ်လောင်း များသည် စက်တင်ဘာလတွင် ပြုလုပ်မည့် မြို့တော်ကောင်စီရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းရာတွင် လက်မှတ်အတုများထိုးခဲ့ကြသည်ဟု စွပ်စွဲခံထားရသူများဖြစ်သည်ဟုဆိုသည်။ ပြီးခဲ့သည့် ဇူလိုင် ၂၇ ရက်ကလည်း ဆန္ဒပြမှုများအတွင်း လူတစ်ထောင်ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

# ကမ္ဘာတစ်ဝန်းဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးငယ် ၁၂၀၀၀ အထိ သေဆုံးခဲ့ရကြောင်း ကုလအစီရင်ခံစာ ဖော်ပြ

**ဂျီနီဗာ ဩဂုတ် ၄**

၂၀၁၈ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှုများကြောင့် ကလေးငယ်များသေဆုံးရမှုမှာ ၁၂၀၀၀ ကျော်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုနှင့် ကိုယ်လက်အင်္ဂါချို့တဲ့မှု အရေအတွက်မှာလည်း စံချိန်တင်အောင် များပြားခဲ့ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအဖွဲ့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးငယ်များ ထိခိုက်ခံစားရမှုနှင့်ပတ်သက်၍ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ကလေးငယ် ၇၀၀၀ ကျော်ခန့်သည် တပ်သားအဖြစ် စုဆောင်းခံရပြီး ရှေ့တန်းစစ်မြေပြင်များဆီသို့ စေလွှတ်ခြင်းခံခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ ထိုသို့ စုဆောင်းခံရသည့် ကလေးငယ်များအနက် ဆိုမာလီယာ၊ နိုင်ဂျီးရီးယားနှင့် ဆီးရီးယားတို့တွင် အများဆုံးဖြစ်ပြီး ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်းရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဖရိကအနောက်ပိုင်းမာလီနိုင်ငံ၌ ပြီးခဲ့သည့်နှစ်က ကျောင်းပေါင်း ၈၂၇ ကျောင်းပိတ်ထားခဲ့ရပြီး ကလေးငယ် ၂၄၀၀၀၀ ကျော်မှာ ပညာရေးနှင့် အဆက်ပြတ်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

---

# တက္ကဆက်ပြည်နယ် ဝေါလ်မတ်ဈေးဝယ်စင်တာအတွင်း သေနတ်ပစ်ခတ်မှုကြောင့် လူ ၂၉ ဦးထက်မနည်းသေဆုံး

**တက္ကဆက် ဩဂုတ် ၄**

အမေရိကန် ပြည်ထောင်စုတက္ကဆက်ပြည်နယ်ရှိ ဝေါလ်မတ်ဈေးဝယ်စင်တာအတွင်း ဩဂုတ် ၃ ရက်က သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ရာ လူ ၂၉ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ လူအများအပြား သေနတ်ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာတွင် ဒုတိယအကြိမ် ဝေါလ်မတ် ဈေးဝယ်စင်တာကို ပစ်ခတ်မှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ သေနတ်သမားအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။





သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဈေးဝယ်စင်တာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဖုန်းကင်မရာဖြင့် ရိုက်ကူးထားသည့် သတင်းဓာတ်ပုံများတွင် ဈေးဝယ်စင်တာအတွင်းရှိ ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသူအများအပြားကိုတွေ့ရပြီး ကြောက်ရွံ့ထိတ်လန့်နေကြသည့် ဈေးဝယ်သူအချို့မှာ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဈေးဝယ်စင်တာအပြင်ဘက်သို့ ထွက်ပြေးသွားခဲ့သည့် ပုံရိပ်များကို ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လူ ၂၉ ဦး သေဆုံးသည့်အပြင် ထိခိုက်ဒဏ်ရာရရှိသူ ၂၆ ဦးရှိခဲ့ကြောင်း ရဲချုပ်ဂရက် အလန်က အတည်ပြုခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေရသူများထဲတွင် အသက် ၂ နှစ်အရွယ်မှ ၈၂ နှစ်အရွယ်အထိ ပါဝင်ကြောင်းသိရသည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဈေးဝယ်စင်တာအတွင်း၌ ဈေးဝယ်သူ ၁၀၀၀မှ ၃၀၀၀ ခန့်အထိရှိနေခဲ့ကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။သေနတ်ပစ်ခတ်မှု လုပ်ဆောင်ခဲ့သူမှာ အသက် ၂၁ နှစ်ရှိပြီဖြစ်သည့် ပက်ထရစ်ခရူစီယပ်စ်ဆိုသူ လူဖြူအမျိုးသားတစ်ဦးဖြစ်ပြီး တက္ကဆက်ပြည်နယ်မှဖြစ်ကြောင်း၊ ၎င်းကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ကိုးဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၌ ဩဂုတ် ၄ ရက် နံနက်အစောပိုင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးခဲ့ပြီး ၁၆ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သံသယရှိသူမှာ ရဲများနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး နောက်တွင် အခင်းဖြစ်ပွားရာ၌သေနတ်ထိမှန် သေဆုံးသွားခဲ့သည်။ သေနတ်သမားသည် တစ်ကိုယ်တော် လှုပ်ရှားခဲ့ခြင်းဖြစ်ပြီး သေနတ်ရှည်တစ်လက်ကို အသုံးပြုခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် စားသောက်ဆိုင်များနှင့် ဘားများရှိရာ ဧရိယာအနီးတွင် ဖြစ်ပွားခဲ့သည်။ မျက်မြင်သက်သေတစ်ဦး၏ ပြောပြချက်အရ သေနတ်သမားသည် ဘားဆိုင်တစ်ခုသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ရာ ဝင်ခွင့်မပြုခဲ့သည့်အတွက် သေနတ်ဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ သေနတ်သမားမည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ရန် ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်က ပြည်ပမှသင်္ဘောတစ်စင်းကို ထပ်မံဖမ်းဆီး

**တီဟီရန် ဩဂုတ် ၄**

ပင်လယ်ကွေ့ဒေသအတွင်း၌ အီရန်က ပြည်ပသင်္ဘောတစ်စင်းကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဒေသမီဒီယာက ဩဂုတ် ၄ ရက်တွင် ဖော်ပြခဲ့သည်။ အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား တင်းမာမှုများ အရှိန်အဟုန်မြင့်နေချိန်တွင် ယင်းကဲ့သို့ ဖမ်းဆီးထိန်းသိမ်းမှုသည် တစ်လအတွင်း သုံးကြိမ်မြောက် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

မှောင်ခိုတင်သွင်းခဲ့သည့် လောင်စာဆီ လီတာပေါင်း ၇၀၀၀၀၀ ခန့်ကို တင်ဆောင်လာသည့်သင်္ဘောကို ဖာဆီကျွန်းအနီးတွင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကားလျက် အိုင်အာအင်န်အေ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အဆိုပါ သင်္ဘောဖမ်းဆီးမှု ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် သင်္ဘောပေါ်လိုက်ပါလာသည့် ပြည်ပသင်္ဘောအမှုထမ်းခုနစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့နှင့် နီးစပ်သည့် Fars သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# သက်တမ်းကုန်ဆုံးသွားသော နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်

**ကလျာမိုးမြင့်**

ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဖြစ်ကြတဲ့ ရုရှားနဲ့ အမေရိကန်တို့ဟာ တာလတ်ပစ်နျူကလီးယားထိန်းချုပ်ရေးသဘောတူစာချုပ်ကို သူချိုးဖောက်တယ်၊ ငါချိုးဖောက်တယ်နဲ့ အပြန်အလှန်စွပ်စွဲလာခဲ့ကြရာကနေ ယခုအခါမှာတော့ အဲဒီစာချုပ်ကနေ နုတ်ထွက်လိုက်ကြပြီဖြစ်တာကြောင့် စာချုပ်ဟာ ဩဂုတ် ၂ ရက် (သောကြာနေ့) မှာ သက်တမ်းကုန်ဆုံးသွားခဲ့ပါပြီ။



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

သဘောတူစာချုပ် ပျက်ပြယ်သွားခြင်းဟာ အဲဒီနှစ်နိုင်ငံကို လက်နက်ပြိုင်ဆိုင်မှုတွေ ကြီးထွားလာစေနိုင်တဲ့အတွက်ကြောင့် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သတိပေးလျက်ရှိပါတယ်။

**စွပ်စွဲမှုများ**

၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ဆိုဗီယက်ယူနီယံနဲ့ အမေရိကန်ပြည်ထောင်စုတို့အကြား တာလတ်နဲ့ တာတိုပစ် နျူကလီးယားလက်နက်တွေ ဖျက်သိမ်းရေးအတွက် ဝါရှင်တန်မှာ ခေါင်းဆောင်ကြီးတွေ လက်မှတ်ရေးထိုးခဲ့ကြတဲ့ သဘောတူစာချုပ်ဟာ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဖော်ပြချက်တစ်စောင်ကို ထုတ်ပြန်လိုက်ပါတယ်။

အဲဒီနေ့မှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကလည်း ရုရှားဟာ သဘောတူစာချုပ်ကို ဆက်တိုက်ချိုးဖောက်နေခဲ့တာကြောင့် အမေရိကန် နုတ်ထွက်လိုက်တယ်လို့ ပြောကြားခဲ့ပါတယ်။ စာချုပ်သက်တမ်းကုန်ဆုံးမှုမှာ အဓိကတာဝန်ရှိတဲ့သူဟာ ရုရှားဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ရုရှားဟာစာချုပ်ပါ စည်းကမ်းတွေကို လိုက်နာခြင်းမရှိဘဲ ဒုံးကျည်ပေါင်း မြောက်မြားစွာကို ထုတ်လုပ်မှု၊ စမ်းသပ်ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့တဲ့အပြင် အခုဆိုရင် ဒုံးကျည်တွေကို များပြားလှစွာသော တပ်ရင်းတွေမှာ ချထားတယ်လို့ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့ပါတယ်။

**သူရပ်ရင်ကိုယ်ရပ်မယ်**

အိမ်ဖြူတော်က ရုရှားနဲ့ လက်မှတ်ရေးထိုးထားတဲ့ အဲဒီသဘောတူစာချုပ်ပါ ကတိကဝတ်အတိုင်း လိုက်နာစောင့်ထိန်းနေတာကို ရပ်ဆိုင်းတော့မယ်လို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီကတည်းက ကြွေးကြော်နေခဲ့တာပါ။ အပြန်အလှန်အနေနဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း အမေရိကန်ဘက်ကရပ်ရင် ၎င်းဘက်ကလည်း ရပ်လိုက်ရုံပဲလို့ ကြေညာခဲ့ပါတယ်။ နှစ်နိုင်ငံအကြား တင်းမာမှုတွေ မြင့်တက်လာခဲ့တဲ့ မကြာသေးခင်နှစ်တွေ အတွင်းမှာပဲ တစ်ဖက်နဲ့တစ်ဖက် စာချုပ်ကို ချိုးဖောက်နေတယ်ဆိုပြီး အပြန်အလှန် စွပ်စွဲခဲ့ကြပါတယ်။

**အကျိုးစီးပွားထိခိုက်**

သဘောတူစာချုပ်ပါ စည်းကမ်းတွေကို ချိုးဖောက်ပြီး ရုရှားက ဒုံးကျည်စနစ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေတာတွေက အမေရိကန်နဲ့ မဟာမိတ်တွေကို တိုက်ရိုက်ခြိမ်းခြောက်ရာရောက်နေတဲ့အတွက် အမေရိကန်ရဲ့အကျိုးစီးပွားကို ထိခိုက်စေတယ်လို့ မစ္စတာပွန်ပီအိုက ပြောကြားလိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရုရှားကလည်း အမေရိကန်ဟာ လေကြောင်းကာကွယ်ရေးလေ့ကျင့်မှုတွေရဲ့ ပစ်မှတ်အဖြစ် တာလတ်ပစ် ဒုံးကျည်တွေကို ဆက်လက်ထိန်းသိမ်းနေပြီး ခရူဇ်ဒုံးကျည်တွေကို ပစ်ခတ်နိုင်တဲ့ ဥရောပလေကြောင်းကာကွယ်ရေးစနစ်ဖြန့်ကြက်ခြင်းအားဖြင့် စာချုပ်ကိုချိုးဖောက်နေခဲ့တယ်လို့ စွပ်စွဲနေဆဲပါပဲ။

**ပြိုလဲစေနိုင်**

အဲဒီစာချုပ်ကနေ နုတ်ထွက်လိုက်ခြင်းအားဖြင့် အမေရိကန်ဟာ ၎င်းနဲ့အံဝင်ခွင်ကျမဖြစ်တဲ့ နိုင်ငံတကာသဘောတူစာချုပ်အားလုံးကို ဖျက်ဆီးပစ်မယ့်လမ်းကြောင်းဆီကို သွားနေတယ်ဆိုတာကို အခိုင်အမာဖော်ပြလိုက်သလိုပဲလို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့သီးခြားထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒီအခြေအနေတွေဟာ လက်ရှိလက်နက်ထိန်းချုပ်ရေးစနစ်ကို အမှန်တကယ် ပြိုလဲသွားစေနိုင်တယ်လို့ သတိပေးထားပါတယ်။

နျူကလီးယား လက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်လိုက်တဲ့အတွက်ကြောင့် ပေါ်ထွက်လာတဲ့ရလဒ်အနေနဲ့ သဘောတူစာချုပ် သက်တမ်းကုန်ဆုံးသွားတဲ့နောက် ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးမှာ သင့်လျော်တဲ့ ကြိုတင်ခန့်မှန်းတွက်ချက်မှု အဆင့်သတ်မှတ်ချက်တစ်ခုကို ထိန်းသိမ်းထားဖို့နဲ့ အခြေအနေတွေကို တည်ငြိမ်စေမယ့် အရေးပေါ် ဆောင်ရွက်မှုတွေလုပ်ဖို့ လိုအပ်လာပြီဖြစ်တယ်လို့ ထုတ်ပြန်ချက်ထဲမှာပါရှိပါတယ်။

**စွန့်လွှတ်ဖို့တိုက်တွန်း**

အမေရိကန်အနေနဲ့ ၎င်းတို့ဖန်တီးထားတဲ့ တာလတ်အဆင့်ရှိ ဒုံးကျည်တွေချထားတာကို စွန့်လွှတ်ဖို့ ရုရှားက တိုက်တွန်းလိုတယ်။ ဒီကိစ္စကို ပင်တဂွန်မှာလည်း စိတ်အားထက်သန်စွာ ဆွေးနွေးခဲ့ပြီးဖြစ်လို့ ရုရှားကို နမူနာယူပြီး ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုကို ခိုင်မာသေချာစေဖို့ လိုအပ်တဲ့ ခြေလှမ်းအဆင့်တွေ အားလုံးကို လုပ်ဆောင်သွားဖို့ ပြောကြားလိုတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြထားပါတယ်။ ပြီးတော့လည်း အပြန်အလှန်ယုံကြည်မှုကို ပြန်လည်ထိန်းသိမ်းရေးနဲ့ နိုင်ငံတကာလုံခြုံရေးကို ပိုမိုခိုင်မာစေရေးအတွက် အမေရိကန်နဲ့ သာတူညီမျှရှိပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ဖို့ တံခါးဖွင့်ထားဦးမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

**ကမ္ဘာလုံးဆိုင်ရာလုံခြုံမှု**

အာဏာပိုင်တွေနဲ့ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်တဲ့ လေ့လာသူတွေက တာလတ်ပစ်နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ် သက်တမ်း ကုန်ဆုံးပျက်ပြယ်သွားခြင်းဟာ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစနစ်ကို ကြီးမားတဲ့ရိုက်ခတ်မှုတစ်ခုဖြစ်လာစေနိုင်တယ်လို့ သတိပေးနေပါတယ်။

စာချုပ်ကနေ အမေရိကန် နုတ်ထွက်လိုက်တဲ့ ဆုံးဖြတ်ချက်ဟာ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက် လုံခြုံရေးကိစ္စရပ်အပေါ် အဆိုးဆုံးအကျိုးသက်ရောက်မှုရှိနိုင်တယ်လို့ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျိလက်ဘရော့က TASS သတင်းအေဂျင်စီသို့ ဖြေကြားထားပါတယ်။

**ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်လာနိုင်**

စစ်ရေးမှာ တခြားသူတွေထက် တစ်ပန်းသာပြီး ရှေ့ရောက်နေစေဖို့ အမေရိကန်ရဲ့ ကြိုးပမ်းမှုက ထိပ်တိုက်ရင်ဆိုင်မှုတွေကိုသာ ပိုပြီးဖြစ်လာစေနိုင်ပြီး လက်နက်ပြိုင်ဆိုင်မှုအသစ်တစ်ရပ် ဖြစ်လာမယ့်အလားအလာလည်း ပိုပြီးမြင့်တက်လာဖွယ်ရှိနေတယ်။ ကျွန်ုပ်တို့ကို ထိုင်စောင့်နေတဲ့အရာတစ်ခုကတော့ လက်နက်ထိန်းချုပ်ရေးစနစ်ဟာ အစီအစဉ်ဇယားကနေ အချိန်အတိုင်းအတာတစ်ခုကြာအောင် ကွယ်ပျောက်သွားနိုင်တယ်ဆိုတာပဲ။ ဒါက လုံခြုံရေးစနစ်တစ်ခုလုံး ပြိုလဲသွားမယ်လို့ ဆိုလိုတာမဟုတ်ပေမယ့် ကမ္ဘာကြီးဟာ ပိုပြီး အန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ကျွမ်းကျင်သူတစ်ဦးက မှတ်ချက်ချခဲ့ပါတယ်။

**မတည်ငြိမ်မှုတွေ ပေါက်ဖွားနိုင်**

တာလတ်ပစ် နျူကလီးယားသဘောတူစာချုပ် ပျက်ပြယ်သွားခြင်းကြောင့် လက်နက်အမျိုးအစားသစ်တွေကို ဖန်တီးဖို့ စိတ်အားထက်သန်နေကြတဲ့ နိုင်ငံတွေ အကြားမှာ လက်နက်ပြိုင်ဆိုင်မှုတစ်ခု ပေါ်ပေါက်လာမယ်။ အဲဒီအခါကျရင် ပထမဆုံးအနေနဲ့ ဥရောပမှာလုံခြုံရေးဆိုင်ရာ မတည်ငြိမ်မှုတွေ ပေါက်ဖွားလာတော့မယ်လို့ ပညာရှင်တွေက ကြိုတင်ခန့်မှန်းသုံးသပ်မှုတွေနဲ့အတူ စိုးရိမ်မကင်းကြောင်း ဖော်ပြလျက်ရှိပါတယ်။

**ကိုးကား-ဆင်ဟွာ**

**“နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်လိုက်တဲ့အတွက်ကြောင့် ပေါ်ထွက်လာတဲ့ရလဒ်အနေနဲ့ သဘောတူစာချုပ် သက်တမ်းကုန်ဆုံးသွားတဲ့နောက် ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးမှာ သင့်လျော်တဲ့ ကြိုတင်ခန့်မှန်းတွက်ချက်မှု အဆင့်သတ်မှတ်ချက် တစ်ခုကို ထိန်းသိမ်းထားဖို့နဲ့ အခြေအနေတွေကို တည်ငြိမ်စေမယ့် အရေးပေါ် ဆောင်ရွက်မှုတွေလုပ်ဖို့ လိုအပ်လာပြီဖြစ်”**

# ယဉ်ကျေးမှုမြို့တော်မန္တလေးမှ မျက်ပါးရွှေဆိုင်းလုပ်ငန်း

**• • • • • • • သန်းဇော်မင်း(မြန်/ဆက်) • • • • • • •**

ယဉ်ကျေးမှုမြို့တော် မန္တလေးတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများအပြင် ရိုးရာလက်မှုလုပ်ငန်းများ အများအပြားတည်ရှိလျက်ရှိသည်။ အဆိုပါ ရိုးရာလက်မှုလုပ်ငန်းများမှ ရှင်သန်ဆဲဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော မျက်ပါးရွှေဆိုင်းလုပ်ငန်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မျက်ပါးရပ်တွင် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ရိုးရာလက်မှုရွှေဆိုင်းလုပ်ငန်းသည် မန္တလေးမြို့တွင်သာ တည်ရှိပြီး လက်ရှိတွင် လုပ်ငန်းလုပ်ကိုင်သူ ၂၀၀ ခန့်ရှိသည်။ ရွှေအစစ်ကို အလွန်ပါးလွှာသော အလွှာလေးများဖြစ်အောင် ပြုလုပ်သောအလုပ်ဖြစ်သဖြင့် ရွှေမျက်ပါးခတ်ခြင်း (သို့) ရွှေဆိုင်းခတ်ခြင်းဟု ခေါ်ဆိုကြသည်။

ရွှေဆိုင်းပညာရပ်သည် အနော်ရထာမင်းလက်ထက်ကတည်းကရှိခဲ့ပြီး မွန်လူမျိုးတို့ထံမှ လက်ဆင့်ကမ်းသယ်ဆောင်လာသည်ဟု ခေတ်အဆက်ဆက် ရွှေဆိုင်းပညာရှင်တို့က လက်ဆင့်ကမ်းပြောဆိုခဲ့ကြသည်။ မြင့်မြတ်သောဘုရား၊ စေတီပုထိုးများတွင် ကပ်လှူပူဇော်ခြင်းဖြစ်၍ ရွှေဆိုင်းများပါးလွှာအောင်လုပ်ရန် တူထုခြင်းမတိုင်မီ လက်အုပ်ချီ ဂါရဝပြုလေ့ရှိကြောင်း၊ ယင်းနေရာတွင် ဆရာအစဉ်အဆက်ကို ပူဇော်အလေးထားသောအားဖြင့် အောင်သပြေနှင့် ညောင်ရေအိုးထားရှိခြင်း၊ ပန်းကန်ပြားပေါ်တွင် ငွေသားတင်ထားခြင်းနှင့် အုန်းပွဲ၊ ငှက်ပျောပွဲလှူခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ရွှေဆိုင်းစက္ကူပြုလုပ်မှုတွင် ထုတ်လုပ်သည့်စက္ကူအမျိုးအစားပေါ်မူတည်၍ ကုန်ကြမ်းအဖြစ် ဝါး(သို့)ကောက်ရိုးကိုအသုံးပြုပြီး ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံ ပြောင်းလဲရကြောင်း။ ထိုမှ တစ်ဆင့် အမျှင် (Fibre)၊ အဆီ(Wax) ကို ညှစ်ထုတ်သည်။ ဝါးကို နှီးဘဝပြောင်း၍ မဖောက်ထုံးနှင့် သုံးနှစ်ခန့် စိမ်ရကြောင်း၊ ထို့နောက်တွင်မှ ထုရိုက်သည့် လုပ်ငန်းစဉ်များပြုလုပ်ရသည်။ မြန်မာ့လက်မှုပညာရပ်တစ်ခုဖြစ်သော ရွှေဆိုင်းခတ်ပညာရပ်သည် ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တွင်သာ တွေ့ရှိနိုင်ပြီး မိရိုးဖလာလက်မှုပညာဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပခရီးသွား လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။



ရွှေဆိုင်းလုပ်ငန်းသို့ လာရောက်လေ့လာကြသူများ



ပါးလွှာသောရွှေဆိုင်းများဖြစ်လာရန် အချက်ပေါင်းများစွာ အင်အားသုံးထုရိုက်ကြရသည်။



ပထမအဆင့်အနေဖြင့် နန်းဆွဲပြီး အပြားခတ်ထားသော ရွှေပြားများကို လိုချင်သော အတိုင်းအတာအလိုက် ဖြတ်တောက်ရသည်။



ဒုတိယအဆင့်တွင် စက္ကူပေါ်တင်ပေးရသည်။



ဒုတိယအဆင့်ပြီးနောက် တူထုခြင်းထပ်မံလုပ်ဆောင်ရပြီး တတိယအဆင့်၊ စတုတ္ထအဆင့်တို့တွင်လည်း စက္ကူပေါ်တင်ခြင်း တူဖြင့်ရိုက်ခြင်းတို့ လုပ်ဆောင်ရပါသည်။



ပဉ္စမအဆင့်၊ ဆဋ္ဌမအဆင့်တို့တွင် ရွှေတင်ခြင်းနှင့် ရွှေပြင်ခြင်းလုပ်ငန်းစဉ်။



သတ္တမအဆင့် ရွှေပြင်ခြင်း။



ရွှေတစ်ကျပ်သားခန့်ကို ရွှေဆိုင်းအချပ်ရေ ၇၀၀ ဝန်းကျင်ထွက်ရှိသော နောက်ဆုံးအဆင့် ဆောင်ရွက်နေစဉ်။



ရွှေဆိုင်းများကို အဆင့်ဆင့် ဖန်တီးပေးနေကြသော မန္တလေးမြို့ မျက်ပါးရပ်မှ လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# မြန်မာရွှေ့ပြောင်းကလေးများ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် မြန်မာ-ထိုင်းအဆင့်မြင့်အရာရှိများ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**မဲဆောက် ဩဂုတ် ၄**

မြန်မာရွှေ့ပြောင်းကလေးများ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိများ ပထမအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့ Centre Hotel အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့ပါဝင်သော ဌာနဆိုင်ရာ အဖွဲ့ဝင် ၂၆ ဦးနှင့် ထိုင်းနိုင်ငံမှ Social Development and Human Security Ministry ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Anukul Reedkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးကြသည်။



မြန်မာရွှေ့ပြောင်းကလေးငယ်များ ကာကွယ်စောင့်ရှောက်ပေးရေး စည်းဝေးဆွေးနွေးကြစဉ်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသည့်ကလေးကို မဲဆောက်ဆေးရုံက မွေးစာရင်းထောက်ခံချက်ပေးခြင်း၊ ထိုင်းနိုင်ငံစည်ပင်သာယာရုံးမှ မွေးစာရင်း လက်မှတ်ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံ ဥပဒေအရ မြန်မာသံရုံးမှာ မှတ်ပုံတင်ပြီးမှ မြန်မာနိုင်ငံဘက်ခြမ်းမှာ လျှောက်ထားရသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် မဲဆောက်တွင် မွေးဖွားသည့် မြန်မာနိုင်ငံသား ကလေးများအတွက် သံရုံးမှ ချိတ်ဆက်ပြီး ဆောင်ရွက်ရန် အခက်အခဲတစ်ရပ်ဖြစ်နေခြင်း၊ မြန်မာနိုင်ငံ ခရိုင်နှင့် မြို့နယ်ကလေးသူငယ် စောင့်ရှောက်ရေးကော်မတီနှင့် တာ့ခ်ခရိုင်နှင့် မဲဆောက် ကလေးသူငယ် စောင့်ရှောက်ရေးကော်မတီတို့ ပူးပေါင်းပြီး ကလေးသူငယ် အခွင့်အရေးရရှိရေး၊ ဥပဒေအကာအကွယ်ပေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးရေးဆိုင်ရာများ ဆွေးနွေးကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မုံရွာတက္ကသိုလ်၌ ဘူမိဗေဒကျောက်ဥယျာဉ်ဖွင့်လှစ်ရန် ဒေသကျောက်မျိုးများ စုဆောင်း

**မုံရွာ ဩဂုတ် ၄**

မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနရှေ့၌ ဘူမိဗေဒကျောက်ဥယျာဉ်တစ်ခုကို တည်ဆောက်ထားရှိရန် စီစဉ်နေပြီး ယင်းကျောက်ဥယျာဉ်၌ ကျောက်အမျိုးအစားစုံလင်စွာ ထားရှိနိုင်ရေးအတွက် ဒေသတွင်းကျောက်မျိုးများကို စုဆောင်းလျက်ရှိကြောင်း သိရသည်။

"အခုရောက်ရှိတဲ့ ကျောက်တွေက ဘူမိဗေဒဌာနမှာ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ ကျောင်းပြီးလို့ လုပ်ငန်းခွင်မျိုးစုံမှာရောက်နေတဲ့ ကျောင်းသားကျောင်းသူဟောင်းတွေက ကိုယ်တိုင်ရှာဖွေကြတယ်။ တချို့က စက်အား၊ လူအားတွေနဲ့စုပေါင်းပြီး လှူဒါန်းကြတာဖြစ်တယ်။ ကျောက်ဥယျာဉ်ကို အလျားပေ ၄၀၊ အနံပေ ၇၀ အကျယ်ရှိတဲ့ အဆောက်အအုံတစ်ခု တည်ဆောက် ထားရှိမှာဖြစ်တယ်"ဟု မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ဇော်မြင့်နီက ပြောသည်။

ယခုလက်ရှိတွင် ဘူမိဗေဒကျောက်ဥယျာဉ်၌ ထားရှိရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်းဒေသ၌ ထွက်ရှိသည့် ကျောက်စရစ်အမျိုးအစားနှင့် မုံရွာမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းမှ ထွက်ရှိသော မီးတောင်ကျောက်အမျိုးအစားများကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



မုံရွာတက္ကသိုလ်အတွင်း စုဆောင်းရောက်ရှိလာသော ဒေသကျောက်များ

# ခွာနာလျှာနာရောဂါကာကွယ်ဆေးစက်ရုံ တည်ဆောက်ပြီးပါက တစ်နှစ်လျှင် ထိုးဆေးလုံးရေတစ်သန်းထုတ်လုပ်နိုင်မည်



**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ နိုင်ငံအဆင့် ခွာနာလျှာနာရောဂါရှာဖွေစစ်ဆေးရေးဓာတ်ခွဲခန်းနှင့် ကာကွယ်ဆေးထုတ်လုပ်သော စက်ရုံတည်ဆောက်မှုပြီးစီးပါက ခွာနာလျှာနာရောဂါကာကွယ်ဆေး တစ်နှစ်လျှင် ထိုးဆေးလုံးရေတစ်သန်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မွေးမြူရေးဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနမှ သိရသည်။

အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးရုံးဝင်းအတွင်း ခွာနာလျှာနာရောဂါ ရှာဖွေစစ်ဆေးရေး ဓာတ်ခွဲခန်းနှင့် ကာကွယ်ဆေးထုတ်လုပ်သော စက်ရုံကို ၂၀၂၁ ခုနှစ်တွင် ပြီးစီးရန် လျာထားပြီး ခွာနာလျှာနာ ရောဂါစစ်ဆေးခြင်းအတွက် လက်ရှိအဆောက်အအုံဟောင်းကို ပြင်ဆင်ခြင်းနှင့် ကာကွယ်ဆေးထုတ်လုပ်မှုစက်ရုံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ (ဓာတ်ပုံ)

အဆိုပါစက်ရုံ၌ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးတစ်မျိုးတည်းကိုသာ ထုတ်လုပ်သွားမည်ဖြစ်သည်။ ယခင်စက်ရုံဟောင်းလည်ပတ်စဉ်က ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်တို့အတွက် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးကို နှစ်စဉ် နှစ်သိန်းထုတ်လုပ်လျက်ရှိရာ လိုအပ်ချက်ပေါ်မူတည်၍ ထုတ်လုပ်ပေးလျက်ရှိသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏အကူအညီဖြင့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်မှု မြှင့်တင်ရေးစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာရှင်များနှင့် ဂျပန်အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ပညာရှင်များ နည်းပညာပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ကာကွယ်ဆေးများကို နှစ်စဉ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၁၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၂၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၈ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၄ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၇၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ・ ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၁၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၂-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၄၀၀၃ | ၄၄၀၈၆၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၁၅၇၇ | ၅၃၆၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၉၈ | ၂၄၀၁၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၉၃၄ | ၂၇၅၅၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



**စီးပွားရေးအခြေခံက ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်။ ကလေးသူငယ်တစ်ယောက်ကို ပညာသင်ပေးတာဟာ ရင်းနှီးမြှုပ်နှံမှုပဲဖြစ်တယ်။ ဝန်ထမ်းတွေကို သင်တန်းပေးတာလည်း ရင်းနှီးမြှုပ်နှံမှုပဲဖြစ်တယ်။ များများရင်းနှီးလေလေ ရေရှည်အတွက် အကျိုးများလေလေဖြစ်တယ်။ ဒါကြောင့်လည်း နိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေလိုအပ်ကြောင်းလက်ခံကြတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံမှာဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံမှာဖြစ်စေ ရင်းနှီးမြှုပ်နှံမှုတိုးပွားခြင်းကို မဟာဗျူဟာတစ်ရပ်အနေနဲ့ သတ်မှတ်ဖော်ထုတ်လျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံမှုလို့ ပြောတဲ့နေရာမှာ ပြည်တွင်းကအရင်းအနှီးတွေသာမက ပြည်ပ က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာလည်း အကျိုးဝင်ပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဆိုတာ တွေ့ရတယ်။ အစိုးရ အဆက်ဆက်မှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေဖွဲ့စည်းပြီး ကြိုးစား ဆောင်ရွက်ခဲ့တယ်။ ကြိုးစားဆောင်ရွက်နေဆဲဖြစ်တယ်။ အထူးခြားဆုံးပြောင်းလဲမှုဟာ အစိုးရသစ်တာဝန်ယူပြီး နှစ်နှစ်အကြာမှာ ဖြစ်ပေါ်လာခဲ့တယ်။ ယခင် ခေတ်အဆက်ဆက်က ရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနေရာကို ဝန်ကြီးတွေက တာဝန်ယူပြီး တစ်ဖက်မှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်တွေကို ပူးတွဲတာဝန်ယူခဲ့ကြရတယ်။ ကျွန်တော် ကော်မရှင်အဖွဲ့ဝင်တစ်ဦးအနေနဲ့ တာဝန်ယူစဉ် ဥက္ကဋ္ဌများဟာ ဘဏ္ဍာရေးဝန်ကြီး၊ စီမံကိန်းဝန်ကြီး၊ သမ္မတရုံးဝန်ကြီး၊ စီမံဘဏ္ဍာဝန်ကြီးတွေ ဥက္ကဋ္ဌတာဝန်ယူခဲ့ကြတယ်။ တစ်နည်းပြောရရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌရဲ့ တာဝန်ဟာ အချိန်ပိုင်းသဘော ဖြစ်နေခဲ့တယ်။ မကြာသေးမီက အစိုးရသစ်အနေနဲ့ တစ်ချိန်တစ်ခါမှ မရှိခဲ့တဲ့ပြုပြင်မှုကို ဆောင်ရွက်ခဲ့တယ်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ပုံစံအသစ်နဲ့ စီမံအုပ်ချုပ်နေ**

ဥက္ကဋ္ဌလုပ်သူကို ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးခဲ့တာမို့ အချိန်ပြည့်ဥက္ကဋ္ဌ ဖြစ်လာခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုကို ပိုပြီးအာရုံစိုက်နိုင်လာတယ်။ အတွင်းရေးမှူးကတော့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ခေတ်ကလို တာဝန်ယူတယ်။ ဦးစီးဌာနရဲ့ဝန်ထမ်းတွေဟာ ကော်မရှင်ရဲ့အတွင်းရေးမှူးအဖွဲ့အဖြစ် တာဝန်ယူခြင်းဖြစ်တယ်။ ဒါကြောင့် လက်ရှိအချိန်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ပုံစံအသစ်နဲ့ စီမံအုပ်ချုပ်လျက်ရှိတာ တွေ့ရတယ်။ အဖွဲ့ဝင်များအနေနဲ့ ဝန်ကြီး၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အငြိမ်းစားအရာရှိကြီးတွေ၊ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေနဲ့ စုပေါင်းဖွဲ့စည်းထားတာ။ အတွေ့အကြုံ အခြေခံတွေ မတူတဲ့သူတွေနဲ့ ဖွဲ့စည်းထားတာမို့ ဘက်စုံထောင့်စုံက သုံးသပ်နိုင်တယ်။ အားပေးနိုင်တယ်။

ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း တာဝန်ယူတဲ့အချိန်ကစပြီး ကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုတဲ့ အဖွဲ့အစည်းဖြစ်ဖို့၊ စီးပွားရေးလုပ်ငန်းတွေကို အားပေးတဲ့အဖွဲ့အစည်းဖြစ်ဖို့ တိုက်တွန်းခဲ့တယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် "မ သုံးလုံး" ဖြစ်ဖို့လိုအပ်တယ်လို့မြင်မိတယ်။ ပထမ "မ" က မြန်မြန်လာဖို့ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှု မြန်ဆန်အောင်ဆောင်ရွက်ဖို့လိုအပ်တယ်။ ဒုတိယ "မ" က ရင်းနှီးမြှုပ်နှံမှုပမာဏဟာ "များ" ဖို့လိုတယ်။ ဒေါ်လာသန်းချီတဲ့ရင်းနှီးမြှုပ်နှံမှုတွေလိုအပ်တယ်။ နောက်ဆုံး "မ" ကတော့ "မှန်" တဲ့ ရင်းနှီးမြှုပ်နှံမှု။ "မှန်" တဲ့ရင်းနှီးမြှုပ်နှံမှုလို့ပြောရင် လူမှုရေးတာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ဆိုလိုတာဖြစ်တယ်။ ပတ်ဝန်းကျင်မထိခိုက်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ လူ့အခွင့်အရေးမစော်ကားတဲ့ ရင်းနှီးမြှုပ်နှံမှု၊ အဂတိလိုက်စားမှုကိုအားပေးအားမြှောက်မပြုတဲ့ရင်းနှီးမြှုပ်နှံမှု။ ဒါတွေကို ကြိုဆိုရမှာဖြစ်တယ်။ ဒါကြောင့်လည်း လူမှုရေးတာဝန်ကျေမှု (CSR) လုပ်ငန်းတွေကို မဖြစ်မနေတိုက်တွန်းခဲ့တာ။ အခုဆိုရင် မြန်မာနိုင်ငံမှာ ရင်းနှီးလိုတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေဟာ အသားတင်အမြတ်ရဲ့ ၂ ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်းအထိ သုံးစွဲဖို့ ကတိပေးရတယ်။ ဒီလို ဆောင်ရွက်တာဟာ အခြားနိုင်ငံတွေမှာ မလုပ်နိုင်တဲ့ဆောင်ရွက်မှုဖြစ်တယ်။ အခုအချိန်မှာ CSR အပြင် ကုမ္ပဏီတွေကို ကုလသမဂ္ဂအဖွဲ့အစည်းက ဖော်ထုတ်ခဲ့တဲ့ UN Global Compact (UNGC) အဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ အားပေးတိုက်တွန်းလိုက်တယ်။ အခုလို ပါဝင်တဲ့လုပ်ငန်းတွေဟာ အခြေခံမူ ၁၀ ချက်ကို လိုက်နာဆောင်ရွက်ဖို့ ကတိပေးရတယ်။

**အင်တာနက်ကတစ်ဆင့် ဆောင်ရွက်နိုင်အောင် စီစဉ်ထား**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ One Stop Service (OSS)ကို အကောင်အထည်ဖော်လျက် ရှိတယ်။ အဓိပ္ပာယ်က ရင်းနှီးလိုတဲ့လုပ်ငန်းဟာ ဌာနတွေ တစ်ခုပြီးတစ်ခုသွားစရာမလိုတော့ဘဲ တစ်ကြိမ်တည်း တစ်ထိုင်တည်း အလုပ်တွေပြီးအောင် ဆောင်ရွက်လျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေမှုရှိစေဖို့ ခေတ်မီနည်းပညာတွေ သုံးစွဲလျက်ရှိတယ်။ လူကိုယ်တိုင်လာစရာမလိုဘဲ အင်တာနက်က တစ်ဆင့် ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိတယ်။

> **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ One Stop Service (OSS) ကို အကောင်အထည်ဖော်လျက်ရှိတယ်။ အဓိပ္ပာယ်က ရင်းနှီးလိုတဲ့လုပ်ငန်းဟာ ဌာနတွေ တစ်ခုပြီးတစ်ခု သွားစရာမလိုတော့ဘဲ တစ်ကြိမ်တည်း တစ်ထိုင်တည်း အလုပ်တွေပြီးအောင် ဆောင်ရွက်လျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေမှုရှိစေဖို့ ခေတ်မီနည်းပညာ တွေသုံးစွဲလျက်ရှိတယ်။ လူကိုယ်တိုင် လာစရာမလိုဘဲ အင်တာနက်ကတစ်ဆင့် ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိ"**

ဝန်ကြီးဌာနအသီးသီးက တာဝန်ယူနေသူတွေပါဝင်တာမို့ ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းတွေဟာ ပိုမိုချောမွေ့လျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုကောင်းမွန်စေဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ တွဲဖက်ပြီးစီစဉ်ဆောင်ရွက်နေတာဖြစ်တယ်။ ထူးခြားတဲ့အောင်မြင်မှု တစ်ရပ်ကတော့ ကုမ္ပဏီများနဲ့ပတ်သက်တဲ့ဥပဒေအသစ်ကို ဖော်ထုတ်နိုင်မှုဖြစ်တယ်။ ဥပဒေအာမခံချက်ကိုပေးနိုင်တာမို့ ရင်းနှီးမြှုပ်နှံသူတွေအတွက် မက်လုံးဖြစ်လာတာတွေ့ရပါတယ်။ ကော်မရှင်ရဲ့ ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာအောင် ကြိုးစားလျက်ရှိတယ်။ သတင်းအချက်အလက်တွေကို အချိန်မီ ထုတ်ဝေဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်နေတယ်။ ဒါပေမယ့် ပြီးပြည့်စုံမှုရှိပြီလို့တော့ ပြောနိုင်မှာမဟုတ်ပါဘူး။ လုပ်စရာတွေရှိသေးတယ်။ ပြုပြင်စရာတွေရှိသေးတာကို လက်ခံတယ်။ ပြုပြင်ဖို့လည်း ဆန္ဒရှိတယ်။ ပိုမိုကောင်းဖို့စေတနာကောင်းနဲ့ တင်ပြတာတွေကို အရေးတယူ စဉ်းစားနေတာဖြစ်တယ်။ အားလုံးကောင်းတယ်လို့ မပြောနိုင်ပါဘူး။ လုပ်စရာတွေက အများကြီးရှိပါသေးတယ်။ တခြားနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေ ဘာလုပ်နေတယ်ဆိုတာကိုလည်း လေ့လာလျက်ရှိတယ်။ မှန်တာပြောရရင် နိုင်ငံတိုင်းကရင်းနှီးမြှုပ်နှံမှုကို အလုအယက်လိုချင်ကြတာ။ အပြိုင်အဆိုင်လုပ်ရမှာမို့ သူများထက်သာအောင်လုပ်ဖို့ လိုအပ်တယ်။ ရင်းနှီးမြှုပ်နှံသူတွေက သူတို့အတွက် အကျိုးအမြတ်အများဆုံးရမယ့်နေရာကိုသွားမှာပဲ။ မက်လုံးပေးတဲ့နေရာကို ရွေးချယ်မှာဖြစ်တယ်။ ဒါကြောင့် သူများထက်သာအောင်လုပ်ဖို့ လိုတယ်။

တစ်ဖက်ကလည်း ကော်မရှင်အနေနဲ့ စိတ်ဝင်စားတဲ့အဆိုပြုချက်တွေကိုဆန်းစစ်ပြီး လက်ခံနေရုံနဲ့မဖြစ်ဘူး။ ကိုယ့်နိုင်ငံမှာ ရင်းနှီးချင်စိတ်ရှိအောင် ကိုယ်ကအပြင်ထွက်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း ဥက္ကဋ္ဌလုပ်သူက နိုင်ငံခြားသွားပြီး ဆွဲဆောင်နေခဲ့တာ။ ဒီအလုပ်ဟာ အလွန်အရေးပါတဲ့အလုပ်ဖြစ်တယ်။ ကိုယ့်နိုင်ငံမှာဘာအခွင့်အရေးတွေရှိတယ်။ လာပြီးရင်းနှီးရင် ဘယ်လိုခံစားခွင့်တွေရမယ်ဆိုတာတွေကို အသိပေးဖို့လိုအပ်တယ်။ ဒီနေရာမှာ လူမှုရေးမီဒီယာရဲ့အခန်းကပိုပြီး အရေးကြီးလာတယ်။ ကော်မရှင်ရဲ့ Website ကို အခြားနိုင်ငံက ကော်မရှင်တွေရဲ့ဖော်ထုတ်မှုတွေထက်သာအောင် ကြိုးစားရမှာ ဖြစ်တယ်။

**ဘယ်လိုလုပ်ရင်ပိုပြီးကောင်းမလဲအဖြေရှာ**

အတိတ်ကာလကိုပြန်သုံးသပ်ရင် တာဝန်မကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေရှိခဲ့တာကို တွေ့ရတယ်။ ဒါကြောင့်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေက အခုအချိန်ဒီလိုမဖြစ်အောင် ကြိုးစားလျက်ရှိတယ်။ အမှန်တော့ ဒီအဖွဲ့အစည်းတွေရဲ့ ခံယူချက်ဖြစ်စေချင်တဲ့ စေတနာတွေဟာကော်မရှင်နဲ့ တစ်ထပ်တည်းရှိပါတယ်။ ဒါကြောင့်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လိုပါတယ်။ အမှန်တော့ ကိုယ့်နိုင်ငံတိုးတက်စေချင်တဲ့ ဆန္ဒ၊ တာဝန်ကျေပွန်တဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုလိုစိတ်တွေဟာ အတူတူပဲဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိအောင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိတယ်။ အားမရတာတွေရှိနိုင်တယ်။ ဒါပေမယ့် လုပ်စရာရှိတာတွေ လုပ်သင့်တာတွေကို တတ်နိုင်သမျှ ကြိုးစားလျက်ရှိတာကိုတော့ အသိအမှတ်ပြုစေချင်တယ်။ အပြစ်တွေကိုသာ ထောက်ပြနေရုံမဟုတ်ဘဲ ဘယ်လိုလုပ်ရင် ပိုပြီးကောင်းမလဲဆိုတာတွေကို ဝိုင်းဝန်းပြီးကြိုးစားဖို့လိုအပ်ပါတယ်။ ကော်မရှင်ရဲ့ဆောင်ရွက်မှုတွေဟာ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီးအသီးသီးက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ဖို့လိုအပ်တယ်။ ညှိနှိုင်းဆောင်ရွက်မှုဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ အခုအချိန်မှာ ထင်ထားသလိုရင်းနှီးမြှုပ်နှံမှုတွေဝင်မလာတာကို တွေ့နေရတယ်။ စီးပွားရေးစဉ်းစားချက်သက်သက်မဟုတ်ဘဲ နိုင်ငံရေးရဲ့ ရိုက်ခတ်မှုတွေဟာလည်းအရေးပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိတ်ပူမှုတွေ၊ စိုးရိမ်မှုတွေရှိတာကို အသိအမှတ်ပြုပြီး တတ်နိုင်တဲ့အာမခံချက်တွေပေးဖို့ လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေဟာ တည်ငြိမ်မှုကိုလိုလားကြတယ်။ တရားဥပဒေစိုးမိုးမှုကို အားကိုးတယ်။ ဒါကြောင့်လည်း ကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်သူတွေအတွက် အာမခံမှုတွေပေးနိုင်ဖို့ လိုအပ်တယ်။

**မှားတာကြောက်နေရင် အလုပ်ဖြစ်မှာမဟုတ်ဘူး**

စိန်ခေါ်မှုတစ်ရပ်က ကြိုးနီစနစ်။ တချို့ကိစ္စတွေမှာ မလိုအပ်တဲ့စည်းကမ်းတွေ၊ စည်းမျဉ်းတွေဟာ ရှိနေဆဲဖြစ်နေတယ်။ အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်သူတွေ လွယ်လွယ်ကူကူလုပ်နိုင်ဖို့ ကြိုးစားဖန်တီးလျက်ရှိတဲ့ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တွက်ချက်တဲ့အခါ အဆင့် ၁၇၀ မှာ ရှိနေတယ်။ ဒီအခြေအနေ ထက် ကောင်းမွန်တိုးတက်အောင် လုပ်ဖို့လိုအပ်တယ်။ ဒီအလုပ်လုပ်တဲ့ နေရာမှာဝန်ကြီးဌာနအသီးသီးရဲ့ အကူအညီ တွေလိုအပ်တယ်။ ဖြေလျှော့မှုတွေ အခုထက်ပိုပြီးလုပ်ရမှာဖြစ်တယ်။ ဒီနေရာမှာ လုပ်ရဲကိုင်ရဲတဲ့ စိတ်တွေရှိရမယ်။ အကြောက်တရားနဲ့လုပ်နေလို့ မဖြစ်ဘူး။ မှားတာကြောက်နေရင် ဘာမှအလုပ်ဖြစ်မှာမဟုတ်ဘူး။ စီးပွားရေးလုပ်တဲ့သူတွေကို သံသယစိတ်ရှေ့တန်းတင်ပြီး လုပ်နေရင် အဆင်ပြေမှာမဟုတ် ဘူး။ ရင်းနှီးမြှုပ်နှံသူကို လက်ခံကြိုဆိုတဲ့ ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရမှာ ဖြစ်တယ်။ ကော်ဇောနီခင်းနိုင်အောင် လုပ်ရမယ်။

အမှန်တော့ ရင်းနှီးမြှုပ်နှံမှုရဲ့အခြေခံဟာ ယုံကြည်မှုပဲဖြစ်တယ်။ ကိုယ့်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုသူတွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံပြီး လိုအပ်တဲ့အကူအညီတွေ ပေးသွားရမှာသာဖြစ်တယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံသူအနေနဲ့လည်း တာဝန်ကျေရမှာဖြစ်တယ်။ ဥပဒေကို လေးစားလိုက်နာရမယ်။ ပတ်ဝန်းကျင် မပျက်စီးအောင်ထိန်းသိမ်းကာကွယ်ဖို့လိုတယ်။ ပေးထားတဲ့ အခွင့်အရေးကို အလွဲသုံးစားမလုပ်သင့်ဘူး။ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိရင် အရာရာကိုကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကော်မရှင်အနေနဲ့ ယုံကြည်မှုတည်ဆောက်မှုလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ။

---

## ရမည်းသင်းမြို့၌ စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဖွင့်ပွဲကျင်းပ

**ရမည်းသင်း ဩဂုတ် ၄**

ရမည်းသင်းမြို့၌ ယမန်နေ့က လူမှုထူးချွန် စာကြည့်တိုက်တွင် စွန့်ဦးတီထွင် စီးပွားရေးသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းကို ရမည်းသင်းမြို့နယ် စိန်လသာ သင်တန်းကျောင်းတာဝန်ခံ ဦးဇော်မင်းစိုး၊ ပျော်ဘွယ်မြို့နယ်မှ ဦးဇော်ဇော်ဝင်းနှင့် နေပြည် တော် တပ်ကုန်းမြို့မှ ဦးကျော်စွာလွင်တို့က ဒေသ တွင်း စီးပွားရေးလုပ်ငန်းရှင်များ ရေရှည်အောင်မြင် နိုင်ရန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စေရေး၊ လုပ်ငန်းလည်ပတ်မှုစနစ်တကျရှိစေရေး၊ ကိုင်တွယ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုပညာရပ်တို့ကို လက်တွေ့ကျကျ သင်ကြားပို့ချမည်ဖြစ်သည်။

စွန့်ဦးတီထွင် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက် သင်ကြားကြပြီး လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ မိမိကိုယ်တိုင်စီမံခန့်ခွဲခြင်း နည်းပညာ၊ ယုံကြည်မှုရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည့် ဒေသတွင်း စွန့်ဦးတီထွင်လူငယ်များဖြစ်စေရန် စာတွေ့၊ လက်တွေ့ ခြောက်ရက် သင်ကြားပေးမည့် သင်တန်းဖြစ်ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲ ပထမနေ့က သင်တန်းပို့ချနေမှုကို တွေ့ရစဉ်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

---

## လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**ဗန်းမော် ဩဂုတ် ၄**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ယမန်နေ့က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ဖိုးဒေဝ ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်က သက်ငယ်မုဒိမ်းနှင့် မုဒိမ်းမှုဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်စဉ်များကို ရှင်းလင်းခဲ့ပြီး ရှောင်ကြဉ်ရမည့် အချက်များနှင့် မှုခင်းဖြစ်ပွားရသည့် အဓိကအချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ မျှမျှတတပေးဝေနိုင်ရေး ဆွေးနွေး

**ပွင့်ဖြူ ဩဂုတ် ၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် မြို့နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးရေ မျှမျှတတ ဖြန့်ဝေဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက သီးနှံများ စိုက်ပျိုးရာတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများအားလုံး စိုက်ပျိုးရေမျှတစွာ ပေးဝေသွားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအချင်းချင်း ပူးပေါင်းကူညီ ဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းတို့က ယခုဆွေးနွေးပွဲသည် မြို့နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးရေ ပြတ်လပ်မှုများမရှိစေရန် ဆည်ရေပေးဝေနေမှုစနစ်ကို မျှတစွာ ဖြန့်ဝေသွားနိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာနှင့် တောင်သူ ဟန်ချက်ညီနေမှသာ အောင်မြင်မှုရရှိစေမည်ဖြစ်ကြောင်းနှင့် တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်ကောင်းမွန်ရေးအတွက် အရည်အသွေးပြည့်ဝသော သီးနှံများထုတ်လုပ်တင်ပို့ရောင်းချနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေလိုအပ်မှု လျှော့ချနိုင်ရန် ဈေးကွက်ဝင်ပြီး သက်တမ်းတိုသော ပဲတီစိမ်း၊ နှမ်း၊ နေကြာ စသည့် သီးနှံများကို အစားထိုး ပြောင်းလဲစိုက်ပျိုးကြစေလိုကြောင်းနှင့် ထိုသို့ စိုက်ပျိုးရာတွင်လည်း စားသုံးသူ ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးနည်းစနစ်နှင့် အော်ဂဲနစ် စိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံတောင်သူကိုယ်စားလှယ်များက မြို့နယ်အတွင်းရှိ စိုက်ပျိုးတောင်သူများ ရာသီအလိုက် သီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေလုံလောက်မျှတစွာ ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလိုသည့် ရေဖြန့်ဝေမှုစနစ်များနှင့် ပြုပြင်ပေးရန် လိုအပ်သည့် ရေလက်တံမြောင်းများကို စိုက်ပျိုးရေ အခက်အခဲမဖြစ်စေရေး အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်တို့ကို အကြံပြုဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တောင်သူများ တင်ပြလာသည့် စိုက်ပျိုးရေပေးဝေမှု လုပ်ငန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဆက်လက်ဆွေးနွေးတင်ပြပြီး အတည်ပြုချက်ရယူကာ ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ မျှမျှတတပေးဝေနိုင်ရေး ဆွေးနွေးကြစဉ်။

# ဖြူးချောင်းဆည်တွင် ငါးမြစ်ချင်းငါးမျိုး သုံးသိန်းခွဲကျော် စိုက်ထည့်



**ဖြူး ဩဂုတ် ၄**
ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဖြူးချောင်းဆည်တွင် ငါးမြစ်ချင်း ငါးမျိုး ၃၅၀၀၀၀ ကျော် စိုက်ထည့်ခြင်းကို ဖြူးချောင်းဆည်၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေး၊ ပဲခူးတိုင်းဒေသကြီး ငါးသားဖောက်စခန်းတာဝန်ခံ ဦးသူရမိုးအောင်၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်းမှ ဦးစီးအရာရှိများဖြစ်ကြသော ဦးမြဝင်းကို၊ ဦးဇော်မြင့်ဦးနှင့် ဒုတိယဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများ၊ ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မင်းမင်းစိုးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်

**မြို့နယ်(ပြန်/ဆက်)**

# သစ်သားဖြင့်ပြုလုပ်သုံးစွဲသော အိမ်သုံးပရိဘောဂများကို စတီးသံပန်းများဖြင့် အစားထိုးအသုံးပြုမှုများလာ

**စဉ့်ကူး ဩဂုတ် ၄**
မြန်မာတို့သည် ရှေးအစဉ်အဆက်ကတည်းက အိမ်အသုံးအဆောင်ပရိဘောဂပစ္စည်းများကို သစ်သားများဖြင့်ပုံဖော်ကာ သုံးစွဲလာခဲ့ကြသည်။ ယခုအခါ သစ်တောပြုန်းတီးမှုများရှိလာပြီး သစ်သား(ကျွန်းသား)ရှားပါးလာသည့်အတွက် စဉ့်ကူးမြို့နယ်၌ အိမ်အသုံးအဆောင်ပရိဘောဂပစ္စည်းများကို စတီးသံပန်းများဖြင့် အစားထိုး အလှဆင်ကာ လွယ်ကူပေါ့ပါးစွာ သုံးစွဲမှုများလာကြောင်း စတီးသံပန်းလက်မှုပညာရှင်များထံမှ သိရသည်။

"ကျွန်တော် အရင်က အိမ်သုံးပရိဘောဂပစ္စည်းတွေကို ကျွန်းသားနဲ့ပြုလုပ်ပြီး အသက်မွေးခဲ့သူပါ။ အခုအခါမှာ သစ်တောသစ်ပင်တွေလည်း ပြုန်းတီးလာပြီး အသားရှားပါးလာတာရယ်၊ ပြည်သူတွေကလည်း စတီးသံပန်းနဲ့ပြုလုပ်တဲ့ အိမ်အသုံး အဆောင်တွေကို ကြိုက်နှစ်သက်လာမှုတွေကြောင့် အသားနဲ့ လာရောက်အပ်နှံ လုပ်ခိုင်းတဲ့သူတွေ မရှိတော့တာကြောင့် အလုပ်ပြောင်းပြီး စတီးသံပန်းအလှဆင်လုပ်ငန်းကို သင်ယူပြောင်းလဲလုပ်ခဲ့ရပါတယ်"ဟု စတီးသံပန်း ပရိဘောဂအလှဆင်ပညာရှင်တစ်ဦးက ပြောပြသည်။

ယခုအခါ အိမ်သုံးပရိဘောဂများကို အသားဖြင့် ပြုလုပ်သုံးစွဲမှုမရှိသလောက်နည်းပါးလာပြီး ခုတင်၊ ရေအိုးစင်၊ ကုလားထိုင်၊ စားပွဲ၊ တံခါး စသည်ဖြင့် အိမ်သုံးလူသုံးပရိဘောဂများကို စတီးသံပန်းများဖြင့်သာ ပြုလုပ်သုံးစွဲလာကြပြီး အသားဖြင့် ပြုလုပ်ရောင်းချသော ပရိဘောဂလက်သမားများ စတီးသံပန်း အလှဆင်ပညာဘက်သို့ ပြောင်းလဲသင်ယူအသက်မွေးမှုများလာကြောင်းနှင့် အသားဖြင့် ပြုလုပ်အသက်မွေးသူပရိဘောဂလက်သမားများ ရှားပါးလာနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# စိုက်ပျိုးစရိတ်သက်သာ၍ အရှုံးမရှိ ရောင်းချနိုင်သည့် နံနံစေ့များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နှစ်စဉ်ပုံမှန်ဝယ်ယူ

**မန္တလေး ဇူလိုင် ၄**
မြန်မာတောင်သူများအတွက် စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့်အပြင် ရောင်းချရာတွင်လည်း အရှုံးမရှိသည့် လယ်ယာထွက်ကုန်သီးနှံ နံနံစေ့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဟင်းခတ်အမွှေးအကြိုင် ပစ္စည်းအဖြစ် အသုံးပြုရန် နှစ်စဉ် မန္တလေးဈေးကွက်မှ ပုံမှန်ဝယ်ယူနေကြောင်း သိရသည်။



အဆိုပါနံနံစေ့များကို မြန်မာနိုင်ငံအလယ်ပိုင်း ရွှေဘို၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်းနှင့် ဝက်လက် မြို့နယ်တို့တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး နှစ်စဉ် ဇန်နဝါရီလကုန်ပိုင်းတွင် ပုံမှန်ထွက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြပြီး ပြည်တွင်း၌ ဟင်းခတ်အမွှေးအကြိုင်အဖြစ် မဆလာပြုလုပ်ရာတွင် ၈၀ ရာခိုင်နှုန်းခန့် အသုံးပြုကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မြန်မာပြည်က ထွက်တဲ့ နံနံစေ့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက နှစ်စဉ် ဝယ်ယူမှုတွေ ရှိပေမယ့် ဒီနှစ်မှာတော့ သင်္ကြန်မတိုင်ခင်က ရပ်နားထားခဲ့ပြီး အခုရက်ပိုင်းကျမှ ပြန်လည်ဝယ်ယူမှုတွေ ရှိလာတယ်။ မြန်မာတောင်သူတွေအဖို့တော့ စိုက်ပျိုးရာမှာလည်း လွယ်ကူပြီး စိုက်စရိတ်လည်း သက်သာတဲ့အပြင် ရောင်းချတဲ့အခါမှာလည်း အစေ့ထွက်တဲ့အထိ စောင့်စရာမလိုဘဲ နံနံပင်ပေါက်ကိုပါ အချိန်တိုအတွင်း ရောင်းချနိုင်တဲ့အတွက် ငွေဖြစ်မြန်တဲ့ သီးနှံဖြစ်တဲ့အပြင် သိုလှောင်ရာမှာလည်း ပိုးလုံးဝမကျတဲ့အတွက် ကြိုက်ဈေးမရရင် သုံးလေးနှစ်လောက်အထိ လှောင်ထားပြီး ရောင်းချနိုင်လို့ အရှုံးမရှိတဲ့ သီးနှံဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်၌ ယခုနှစ်တွင် ထွက်ရှိလာသည့် နံနံစေ့အသစ်များကို ရှစ်ပိဿာဝင် တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နံနံစေ့အဟောင်းကို ငွေကျပ် ၁၂၅၀၀ ဖြင့် လည်းကောင်း၊ ဝယ်ယူမှုများရှိနေပြီး အဆိုပါ နံနံစေ့များကို လွန်ခဲ့သော ငါးနှစ်ခန့်က အိန္ဒိယနိုင်ငံကပါ ဝယ်ယူလာသဖြင့် ၎င်းအချိန်က ဝယ်လက်ဆုံမှုကြောင့် ရှစ်ပိဿာဝင် တစ်တင်းလျှင် ငွေကျပ် ၂၄၀၀၀ နှုန်းအထိ ရောက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နံနံစေ့ကို ပုံမှန်အတိုင်း ဝယ်လိုအားရှိနေသော်လည်း ပေါက်ဈေးမှာ ယမန်နှစ်ထက် အနည်းငယ်ပိုမိုရရှိနေကြောင်းနှင့် နံနံစေ့အပြင် စမုန်နက်နှင့် စမုန်စပါးတို့ကိုလည်း အဆိုပါနိုင်ငံမှ ဝယ်ယူလျက်ရှိရာ လက်ရှိတွင် စမုန်နက် တစ်ပိဿာလျှင် ငွေကျပ်၃၂၀၀ နှုန်းဖြင့်လည်းကောင်း၊ စမုန်စပါး တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပူတာအိုမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပူတာအို ဩဂုတ် ၄**
ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အထက်ဆန်ဂေါင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့က ကျင်းပခဲ့သည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်သူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဘို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြပြီး စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အသိပညာ ပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပထမအကြိမ် သိပ္ပံနည်းကျ မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်သရုပ်ပြ စိုက်ပျိုး

**ခန္တီး ဩဂုတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ပထမအကြိမ် သိပ္ပံနည်းကျ မိုးစပါးယှဉ်ပြိုင် စမ်းသပ်သရုပ်ပြစိုက်ပျိုးခြင်းကို ယမန်နေ့က တောင်သူ ဦးအောင်ပိုင်၏ ကွင်းအမှတ်(၄)၊ စိုက်ပျိုးကေ သုံးကေတွင် ဆင်းကေရီ(၃)၊ ရွှေရင်အေး၊ မှော်ဘီနှင့် နေပြည်တော်(၂) မျိုးစပါးမျိုးစေ့များကို စပ်းသပ်စိုက်ပျိုးခဲ့ကြသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်နန်းအမ်းတော်က တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရန်၊ အထွက်တိုး နည်းပညာအတိုင်း လိုက်နာကျင့်သုံးစိုက်ပျိုးကြရန်၊ ပိုးမွှားရောဂါ ကျရောက်ခဲ့သည်ရှိသော် စိုက်ပျိုးရေးဌာနနှင့် အချိန်မီပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းပညာပေးရှင်းလင်းခဲ့သည်။

**ချန်လော (ခန္တီး)**

# ကြာအင်းဆိပ်ကြီးမြို့ရှိ ရေဘေးရှောင်ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆန်ဖိုးငွေများ ထောက်ပံ့

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ အမှတ် (၆) ရပ်ကွက်ရှိ မြေနိမ့်ပိုင်းတွင် လူနေအိမ်များ ရေဝင်ရောက်



ကရင်ပြည်နယ် လူမှုရေးဝန်ကြီးက ရေဘေးရှောင်ပြည်သူများကို အားပေးစကား ပြောကြားစဉ်။

နစ်မြုပ်လျက်ရှိရာ ရေဘေးရှောင်ပြည်သူများ ရေဘေးရှောင်စခန်းတွင် ယာယီနေထိုင်လျက်ရှိသည်။ အဆိုပါ ရေဘေးရှောင်ပြည်သူများအား စားသောက်မှု အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ်အစိုးရ အဖွဲ့က ဆန်ဖိုးထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားပြီး ရေဘေးရှောင်ပြည်သူ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၃၃၀ အတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၆၉၃၀၀၀ ကို ပေးအပ်ရာ အမှတ် (၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ညွန့်က လက်ခံယူပြီး လူမှုရေးဝန်ကြီးက ရေသန့်ဘူးများ ဆက်လက်ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက လက်ခံယူသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် အမှတ် (၆) ရပ်ကွက်ရှိ ရေကြီးနစ်မြုပ်မှုအခြေအနေများနှင့် ရေဘေးရှောင်စခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# မြဝတီ-ဘားအံ-နေပြည်တော်-ဘားအံ-မြဝတီ ခရီးကြမ်းကားမောင်းပြိုင်ပွဲကျင်းပရေး ဆွေးနွေး

**ကော့ကရိတ် ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က မြဝတီ-ဘားအံ-နေပြည်တော်-ဘားအံ-မြဝတီ ခရီးကြမ်းကားမောင်းပြိုင်ပွဲကျင်းပရေး ဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး နိုင်နိုင်ထွန်း၊ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင် လမ်းဦးစီးမှူး၊ ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဦးစီးမှူး၊ ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ အရာရှိများ တက်ရောက်ကြပြီး ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ မြဝတီ-ဘားအံ-နေပြည်တော်-ဘားအံ-မြဝတီ ခရီးကြမ်းကားမောင်းပြိုင်ပွဲဝင် မောင်းနှင်မည့် လမ်းကြောင်း တစ်လျှောက် လုံခြုံရေးတာဝန်ချထားမှု၊ ပြိုင်ပွဲဝင်ကားများ လမ်းကြောင်းတစ်လျှောက် ကောင်းမွန်စွာ ယှဉ်ပြိုင်မောင်းနှင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ပြိုင်ပွဲဝင်ကားများ မောင်းနှင်ဖြတ်သန်းသွားလာမည့် လမ်းတံတားနှင့် လုံခြုံရေးဆောင်ရွက်မည့် လမ်းကြောင်းနေရာများသို့ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း (ပြန်/ဆက်)**

# လေဘေးသင့်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ကြေးပေးအပ်

**သထုံ ဩဂုတ် ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ဩဂုတ် ၂ ရက်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်နှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက မွန်ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားခဲ့မှုအခြေနေများကို ရှင်းလင်းကာ လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။



မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းစဉ်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်နှင့် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်တို့က အစိုးရအဖွဲ့မှ ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က သထုံမြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ခြေ ၁၂၇ အိမ်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။

**သက်ဦး (သထုံ)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ကျင်းပ

**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ချက်ပြုတ်သရုပ်ပြပွဲ၊ ပညာပေးဟောပြောပွဲကို ပဲခူးမြို့ ဥဿာမြို့သစ် (၂) ရပ်ကွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ဩဂုတ် ၂ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးမြို့နယ်အတွင်းရှိ မြို့သစ်ရပ်ကွက်၊ ဟံသာဝတီရပ်ကွက်၊ ဘုရားကြီးမြို့၊ အင်းတကော်မြို့၊ ဥဿာမြို့သစ် (၁) ရပ်ကွက်တို့ရှိ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသောအစာများ၊ ရောဂါကာကွယ်စေသောအစာများ၊ အင်အားဖြစ်စေသည့် အစာများစသည့် အာဟာရအုပ်စု သုံးမျိုးပါဝင်သည့် တန်ဖိုးနည်းပြီး အာဟာရပြည့်ဝစေမည့် အစားအသောက်များကို လက်တွေ့ချက်ပြုတ် သရုပ်ပြသကြသည်။ (ဝဲပုံ)

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လွင်လွင်ရီက နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာဗဟုသုတများ ဆွေးနွေးမေးမြန်းခြင်း၊ မိခင်များနှင့် ကလေးများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အာဟာရမှုန့်များ ကျွေးမွေးခြင်း၊ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်များနှင့် ကလေးမိခင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် အချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့များအား တာဝန်ရှိသူတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ငါးမွေးမြူရေးကန်များ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မြန်မာ့ရိုးရာခြင်းလုံးအားကစားရုံ အင်းစိန်မြို့နယ်၌ ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီမှ ကြီးမှူး၍ မင်းဓမ္မယဉ်ကျေးမှုအနုသုခုမ ရိုးရာခြင်းလုံးအားကစားရုံအား ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တောင်ဘက်မုခ်ဦးအနီးရှိ မင်းဓမ္မခန်းမ၌ ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးမောင်မောင်မြင့်အေးက "မင်းဓမ္မခန်းမကြီးကို ဘုရားကြီးရဲ့ ဝတ္တကမြေပေါ်မှာ တည်ဆောက်ထားတာပါ။ ရည်ရွယ်ချက်ကတော့ ခန်းမငှားမယ်။ အလှူငွေရမယ်။ ဘုရားကြီးကိုလည်း နှစ်စဉ်ဝါဆိုခြင်းနဲ့ ခြင်းအလုခတ်ပူဇော်တာရယ်ကြောင့် ရိုးရာခြင်းလုံးအားကစားကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ခြင်းရုံအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ခြင်းဝါသနာရှင်အားလုံး အဖွဲ့လိုက်ပဲဖြစ်ဖြစ်၊ အသင်းလိုက်ပဲဖြစ်ဖြစ် အချိန်ပိုင်းနဲ့ နေ့စဉ် မိုးလုံလေလုံ လာရောက်လေ့ကျင့်ခတ်နိုင်ပါတယ်" ဟု ပြောသည်။

အဆိုပါ ခြင်းရုံဖွင့်ပွဲသို့ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့ တက်ရောက်၍ လောကချမ်းသာအဘယလာဘမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့ နာယက ဦးညွန့်မောင်နှင့် ဦးစိန်လှိုင်တို့က လက်ခံယူခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သစ်ပင်စိုက်ပျိုးပေးနေစဉ်။

# မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က "ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး သဘာဝတရားကြီးကို မျှတအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ရေကြီးရေလျှံမှုမဖြစ်အောင် ချောင်းတွေ၊ မြောင်းတွေ၊ သစ်ပင်တွေကို ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပြုခဲ့ပါတယ်။ နွေရာသီတုန်းက အပူချိန် အလွန်မြင့်မားတဲ့ ဒဏ်တွေကို ကျွန်တော်တို့မြို့ဟာ ခံစားခဲ့ရပြီး အခု မိုးရာသီရဲ့ အနေအထားကို ကြည့်မယ်ဆိုရင်လည်း ရေကြီးရေလျှံမှုတွေကို ကြုံနေရပါတယ်။ ဒီအခြေအနေတွေကို မထိန်းညှိနိုင်ဘူးဆိုရင် သဘာဝတရားကြီးကနေ ကျွန်တော်တို့ကို တုံ့ပြန်မှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး သဘာဝတရားကြီး မျှတအောင်၊ ကမ္ဘာမြေကြီးကို သစ်ပင်တွေနဲ့ အေးချမ်းအောင် ပြန်လည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သစ်ပင်များ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ရွှေဘိုတက္ကသိုလ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

**ရွှေဘို ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ယခုလို သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍစုံကို အားလုံးပူးပေါင်း ဝိုင်းဝန်းဆွေးနွေးပေးကြသည့်အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် ယခုကဲ့သို့ သက်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုများကို အလေးအနက်ထား အားပေးကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသည် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၁၃/၂၀၁၉) အစီအစဉ် (၄၂) ၏ သဘောတူခွင့်ပြုပြီးဖြစ်သည့် Capacity Development Fund -CDF အစီအစဉ်ဖြင့် ရေဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေါက်တာခင်မာချို ဦးဆောင်သည့် Mekong Economics / Myanmar Research Team သည် သက်ဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များ၊ အသက်မွေးပညာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများထံမှ လိုအပ်ချက်များ၊ အကြံပြုသုံးသပ်ချက်များကို ရရှိရန် မျှော်လင့်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဘိုမြို့ လိပ်ချင်းကျေးရွာအနီး ရေ့ပြေးအဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းစီမံကိန်းတွင် လယ်ယာမြေများ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ အချိန်ကုန်၊ ငွေကုန်သက်သာအောင် စိုက်ပျိုးရေးနည်းစနစ်များကို မှန်ကန်စွာအသုံးချပြီး စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်စေရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရေး၊ ဈေးကွက်ကောင်းများ ရရှိစေရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရေး အစည်းအဝေး ကျင်းပစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဩဂုတ် ၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

မယ်စဲ့မြို့နယ် ဟိုဂျစ်ကျေးရွာအုပ်စု ဟိုဖကျေးရွာရှိ အိမ်ခြေ ၁၇ အိမ်၊ စာသင်ကျောင်းတစ်ကျောင်း၊ လူဦးရေ ၁၀၀ ခန့်ကို အကျိုးပြုမည့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်၊ ရေတားတမံ၊ ရေပိုက်လိုင်း (၂/၀) မိုင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်ထူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်မည့်အစီအမံများကို မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အထက(ဟိုစဲ့)တွင် နေမင်းစံကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် Grade-6 ကျောင်းသား ကျောင်းသူများ ဂီတအနုပညာဘာသာရပ်သင်ကြားခြင်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် ငွေကျပ် တစ်သိန်း၊ ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းတို့ကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမက(ခွဲ) ဟိုစဲ့မြို့သစ်သို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ကျောင်းအတွက် လိုအပ်သည့် ကျောင်းသုံးဗီရို၊ မိတ္တူကူးစက်၊ ကလေးကစားကွင်း၊ Kit Box နှင့် KG ကလေးငယ်များအတွက် ကွပ်ပျစ်ပြုလုပ်ရန် စုစုပေါင်း ငွေကျပ် ၁၂ သိန်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**

# ချင်းပြည်နယ်ကိုယ်စားပြု Chin United Football Club အား ချင်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြု

**ဟားခါး ဩဂုတ် ၄**

MPT Myanmar National League II 2019 ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရရှိခဲ့သည့် ချင်းပြည်နယ်ကိုယ်စားပြု Chin United Football Club အား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုပွဲတည်ခင်းဧည့်ခံသည့် ညစာစားပွဲနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံ ဆုဖလားအပ်နှံခြင်းအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ခိုင်ကမ်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က Myanmar National League II 2019 ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးကြသော Chin United Football Club အသင်းပိုင်ရှင် ဒေါ်တင့်တင့်နှင့် အသင်းတာဝန်ရှိသူများ၊ အားကစားသမားများအားလုံး ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပြည်သူလူထုကိုယ်စား အထူးဝမ်းသာဂုဏ်ယူကြောင်း၊ ဘောလုံးအားကစားနည်းသည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးအားကစားဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသားအားကစားနည်းအဖြစ် ပြည်သူလူထုစိတ်ဝင်စားမှုအရှိဆုံး အားကစားနည်းဖြစ်ကြောင်း၊ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့် ပုံရိပ်လွှာအဖြစ် ထင်ဟပ်လျက်ရှိကြောင်း၊ ချင်းပြည်နယ်၏ ဘောလုံးအဆင့်အတန်း ပိုမိုမြင့်မားလာအောင် ယခုလို ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုအသိအမှတ်ပြုကြောင်းနှင့် Chin United Football Club မှ ဘောလုံးသမားများအနေဖြင့် ယခုထက်ပိုမို၍ ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်သော စွမ်းဆောင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က Chin United Football Club အသင်းပိုင်ရှင်အားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က Chin United Football Club အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **ခရိုင် (ပြန်/ဆက်)**




# ကရင်ပြည်နယ်အစိုးရဌာနများအတွက် အခြေခံမိုဘိုင်းဆက်သွယ်ရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဘားအံ ဩဂုတ် ၄**

ဌာနဆိုင်ရာအချင်းချင်းနှင့် အများပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် မိုဘိုင်းနည်းပညာကို အသုံးပြုမှု မြင့်တက်လာစေရန်၊ ဒေသန္တရအုပ်ချုပ်ရေးအလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုသုတေသနစာတမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက IT နည်းပညာနှင့် e-Government တို့ကို အဓိကထားဆွေးနွေးခဲ့သည့်အတွက် ပြည်သူ့ရေးရာမူဝါဒကို အလေးထားသည့်အားဖြင့် ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဘားအံ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အခြေခံမိုဘိုင်းဆက်သွယ်ရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ဦးဆောင်ကျင်းပသည့် Another Development မှ အမှုဆောင်ဒါရိုက်တာ နော်ကယ်ရယ်မို့မို့အေးက အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို Another Development ၊ ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်၊ Norwegian People's AID၊ MIDO တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ အခြေခံမိုဘိုင်းဖုန်းအသုံးပြုခြင်း၊ အခြေခံအင်တာနက် အသုံးပြုခြင်း၊ လုံခြုံစိတ်ချရသည့် မိုဘိုင်းဖုန်းနှင့် အင်တာနက်၊ ပြည်သူ့ဆက်ဆံရေးနည်းပညာ၊ အစိုးရဌာနများအကြား ပြည်သူ့ဆက်သွယ်ရေးနည်းလမ်းများကို အဓိကထားဆွေးနွေးသွား မည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် အခြေခံအဆင့်သာ ဖြစ်သည့်အတွက် ယင်းထက် ပိုမိုသာလွန်ကောင်းမွန်သည့် နည်းပညာများဖြင့် ဌာနဆိုင်ရာများကို အကူအညီပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ရန်ကုန်မိုးပျံရထားလမ်းစီမံကိန်း ၂၀၂၇ ခုနှစ်တွင် ပြီးစီးမည်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်မည့် ရန်ကုန်မိုးပျံရထားလမ်းစီမံကိန်းကို ၂၀၂၇ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို လှိုင်သာယာဘူတာမှ လှိုင်မြစ်ကိုဖြတ်ပြီး ရန်ကုန်အရှေ့ပိုင်း ပါရမီဘူတာအထိ ဆက်သွယ်ဖောက်လုပ်မည်ဖြစ်ကာ ၂၀၂၁ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါမိုးပျံစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ကုန်ကျမည်ဖြစ်ပြီး ဘူတာရုံ ၁၃ ခု၊ ဘူတာရုံများတွင် ပါဝင်မည့် ဓာတ်လှေကား၊ လက်မှတ်ရုံ၊ စက်ကြိုး၊ နားနေဆောင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြေပြင်ကွင်းဆင်း စစ်ဆေးတာနဲ့ ဒီဇိုင်းရေးဆွဲတာကို လက်ရှိမှာ ဆောင်ရွက်နေတယ်။ ၂၀၂၁ ခုနှစ်မှာ စီမံကိန်း စတင်မယ်။ ဒီစီမံကိန်းကို စီမံကိန်းပိုင်ရှင်အဖြစ်နဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ရန်ပုံငွေထဲက ချေးငွေနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေက အခြေခံစံနမူနာတွေကို ယူသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း စီမံကိန်းစတင်ဆောင်ရွက်မယ့် မြို့နယ်တွေနဲ့ လူထုတွေ့ဆုံမှုတွေ လုပ်ပြီးတော့ သူတို့ရဲ့ အသံကို နားထောင်တယ်။ သူတို့ဘက်က ဘာဖြစ်ချင်တာလဲဆိုတာလည်း အရေးကြီးတယ်လေ။ သူတို့ဘက်ကိုလည်း မနစ်နာအောင် ဆောင်ရွက်ထားတာတွေလည်း ရှိပါတယ်။ ဒီစီမံကိန်းနဲ့ ပတ်သက်လို့လည်း ဆွေးနွေးညှိနှိုင်းမှုတွေ ဆက်တိုက်လုပ်နေတယ်"ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်ရုံး)မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

လှိုင်သာယာဘူတာမှ ရန်ကုန် - ပုသိမ်ကားလမ်းအတိုင်းသွား၍ ဘုရင့်နောင်တံတားတောင်ဘက်ခြမ်းမှ လှိုင်မြစ်ကို ဖြတ်၍ အုတ်ကျင်းဘူတာမှ ပါရမီလမ်းအတိုင်း မရမ်းကုန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ တိုးကြောင်ကလေးဘူတာအထိ လည်းကောင်း၊ ယင်းအပြင် ဒလမှ မင်္ဂလာဒုံအထိ လည်းကောင်း ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

**သူရိန်ကျော်**

# ရမ်းဗြဲမြို့နယ်၌ ကျေးရွာခုနစ်ရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**ရမ်းဗြဲ ဩဂုတ် ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများက လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ကျေးရွာအသီးသီး၌ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင်မြင်နေပြီဖြစ်သဖြင့် ယမန်နေ့မွန်းလွဲပိုင်းကစတင်ပြီး ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာ ခုနစ်ရွာသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခု လျှပ်စစ်မီး ၂၄ နာရီ ရရှိပြီးဖြစ်သော ကျေးရွာခုနစ်ရွာမှာ ကုန်းဘောင်(၁) စံပြကျေးရွာ၊ ခွဆုံကျေးရွာ၊ နားမူးတွေကျေးရွာ၊ ရွာကြီးကျေးရွာ၊ ရပတင်ကျေးရွာ၊ ဝက်ကိုက်ချောင်းကျေးရွာနှင့် ပုန်းဆိုးပြိန်ကျေးရွာတို့ဖြစ်ပြီး အဆိုပါလျှပ်စစ်မီးရရှိပြီးကျေးရွာများသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုးက ကျေးရွာတစ်ရွာချင်းအလိုက်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ကြို့ပင်ကောက်မြို့နယ်အတွင်း စွမ်းအားမြင့်မီးဖိုအလုံး နှစ်သောင်းကျော် အခမဲ့ ဖြန့်ဝေပေးမည်



**ကြို့ပင်ကောက် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ လျှပ်စစ်မီး မရရှိသေးသော ကျေးရွာနေပြည်သူများထံသို့ စွမ်းအားမြင့်မီးဖိုအလုံး နှစ်သောင်းကျော်ကို အခမဲ့ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရ သည်။

မြို့နယ်အတွင်းရှိ သစ်တောများ ပြုန်းတီးမှုကာကွယ်နိုင်ရေး၊ ထင်းသုံးစွဲမှုလျှော့ချနိုင်ရေး၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးတို့အတွက် ရည်ရွယ်ပြီး စွမ်းအားမြင့်မီးဖိုအလုံး နှစ်သောင်းကျော်ကို အခမဲ့ဖြန့်ဝေပေးသွားရန် ဩဂုတ်လအတွင်း စတင်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဌေးက ပြောသည်။

**သုံးစွဲပုံနည်းစနစ်များ ပညာပေးဆောင်ရွက်သွားမည်**

အဆိုပါ မီးဖိုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လျှပ်စစ်မီးမရရှိသေးသည့် ထင်းအဓိကထား သုံးစွဲနေရသောကျေးရွာများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း စွမ်းအားမြင့်မီးဖိုဖြန့်ဝေရန် ကျေးရွာအုပ်စု ၄၇ အုပ်စုမှ ရွာခွဲပေါင်း ၂၂၅ ရွာရှိ အိမ်ထောင်စုပေါင်း ၂၀၅၀၄ စုသို့ ဖြန့်ဝေပေးရန် ဩဂုတ် ၇ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းတွင် ပါဝင်သူများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မီးဖိုများရရှိလာပါက မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး ပညာပေးဝန်ထမ်းပေါင်း ၂၇ ဦးဖြင့် ကျေးရွာများအရောက် သုံးစွဲပုံနည်းစနစ်များ ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးခုရှိ သစ်တောရေိယာအတွင်း ပုဂ္ဂလိကစက်မှုကုန်ကြမ်း ဝါးစိုက်ခင်း ဧက ၂၄၀၀ လျှောက်ထားလျက်ရှိ

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောရေိယာများအတွင်း ပုဂ္ဂလိကစက်မှုကုန်ကြမ်းဝါးစိုက်ပျိုးရန် လုပ်ငန်းရှင် ၄၂ ဦးမှ ဧက ၂၄၀၀ စိုက်ပျိုးရန် လျှောက်ထားမှုများရှိကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုး၏ ပြောကြားချက်အရ သိရသည်။

ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအတွင်း တောပျက်များနှင့်သစ်ပင်ပေါက်ရောက်မှု နည်းသည့်နေရာများတွင် သစ်တောသစ်ပင်များ ဝါးတောများဖြင့် ပြန်လည်ဖုံးအုပ်လာစေရန်၊ ပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် တိုင်းပြည်တစ်ပြည်တွင် ပြည်ပဝင်ငွေတိုးပွားလာစေရန်၊ ပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင်လာခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသကဲ့သို့ ရေဝေရေလဲဒေသများကိုလည်း ထိန်းသိမ်းကာကွယ်ခြင်းအား အထောက်အကူပြုစေရန် ပုဂ္ဂလိကစက်မှုကုန်ကြမ်း ဝါးစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

ထပ်မံလျှောက်ထားမှုအနေဖြင့် ကနီမြို့နယ် မျိုင်းကြိုးဝိုင်းအတွင်း တောင်သူ ၂၀ က ဧက ၁၀၀၀ ကို လည်းကောင်း၊ ကောလင်းမြို့နယ် မုတ်ဝကြိုးဝိုင်းပြင်ပကာကွယ်တောအတွင်း တောင်သူ ၁၄ ဦးက ဧက ၇၀၀ ကိုလည်းကောင်း၊ အင်းတော်မြို့နယ်အတွင်းရှိ ဂဟဲကြိုးအဝိုင်းတွင် တောင်သူ ခြောက်ဦးက ဧက ၆၀၀ ကိုလည်းကောင်း၊ စီးမော်အဆိုပြု ကြိုးဝိုင်းပြင်ပကာကွယ်တောအတွင်း တောင်သူတစ်ဦးက ဧက ၅၀ ကို လည်းကောင်း၊ အင်းတော်မြို့နယ် သစ်တောနယ်မြေအတွင်း တောင်သူတစ်ဦးက ဧက ၅၀ ကိုလည်းကောင်း စိုက်ပျိုးနိုင်ရေးလျှောက်ထားကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာအကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | ရွှေတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆေးတိုက်၊ လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ | Diclofenac |
| ဘေးထွက်ဆိုးကျိုးများအနေဖြင့် ဓာတ်မတည့်ခြင်း၊ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ရင်ပူခြင်း၊ မျက်စိအမြင်ဝါးခြင်း၊ ဗိုက်နာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း သွေးကြောပေါက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ အသားဝါခြင်း၊ သွေးကြောတွင်းသွေးခဲခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်း စသည်တို့ ဖြစ်စေနိုင်ပါသည်။ | | | | | |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**






Diclofenac ရောနှောသည့် ဆေးထုပ်နမူနာ

# လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကမ္ဘာ့ရှားပါးကြယ်လိပ် တစ်နှစ်လျှင်အကောင်ရေ ၁၀၀၀ ကျော်ပေါက်ဖွားနေ

**ပုဂံ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ပုဂံမြို့လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် မြန်မာ့ကြယ်လိပ်များအား ခြံလှောင်မွေးမြူထားရှိသည်။ ရည်ရွယ်ချက်မှာ မြန်မာတစ်နိုင်ငံတည်းမှာသာရှိသည့် ဌာနေဖွားမျိုးစိတ်ဖြစ်ပြီး နေရင်းဒေသများတွင် မျိုးသုဉ်းရန် အလွန်စိုးရိမ်ရသော အခြေအနေတွင် ရှိနေခြင်းတို့ကြောင့် မျိုးဆက်မပျက်သုဉ်းစေရေးအတွက် မွေးမြူပေါက်ဖွားလာစေရန် တိုးပွားလာသောသားပေါက်ငယ်များကို ၎င်းတို့၏ နေရင်းဒေသများသို့ စေလွှတ်ပေးရန်၊ဝါသနာရှင်များ၊ ပညာရှင်များ၊ သုတေသန ပြုလုပ်နိုင်ရန်နှင့် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် ရည်ရွယ်မွေးမြူထားခြင်းဖြစ်ကြောင်း လောကနန္ဒာ ဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ရှင်းပြသည်။

လောကနန္ဒာဘေးမဲ့တော ဥယျာဉ်၌ ကြယ်လိပ်အထီး ၄၂ ကောင်၊ အမအကောင် ၄၀ စုစုပေါင်း ၈၂ ကောင်ကို ၂၀၀၁ ခုနှစ်တွင် စတင် မွေးမြူခဲ့ကြောင်း သိရသည်။ စတင်မွေးမြူစဉ်က ဆယ်ဂဏန်း၊ ရာဂဏန်းမျှသာ ပေါက်ပွားနှုန်းရှိခဲ့သော်လည်း ယခုအခါ နှစ်စဉ်ထောင်နှင့်ချီ ပေါက်ဖွားလာနေပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်တွင်လည်း ကြယ်လိပ် သားပေါက် ၁၃၁၅ ကောင် ပေါက်ဖွားလာခဲ့ကြောင်း ပေါက်ဖွားနှုန်း ၄၈ ရာခိုင်နှုန်းရှိကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောသည်။

ဒေသတွင်း မေလနောက်ဆုံးပတ် မိုးရွာသွန်းခြင်းနှင့်အတူ ကြယ်လိပ်ဥကျင်းများအတွင်းမှ ကြယ်လိပ်ငယ်များသည် မြေများကိုတူး၍ အပြင်သို့ တိုးထွက်လာကြပြီး မိုးရွာသွန်းမှုရပ်သွားသောအခါ ဥကျင်းများရှိရာကြယ်လိပ်ခြံတစ်ဝင်းလုံး ရေများများဆက်တိုက်လောင်းပေးရကြောင်း၊ ထိုအခါမှ မြေကျင်းထဲရှိ လိပ်ပေါက်ငယ်များ ဆက်လက်ထွက်လာကြကြောင်း ရေလောင်းသော်လည်း လိပ်ပေါက်ငယ်များ ဆက်ထွက်မလာပါက လိပ်ဥကျင်းများ တူးဖော်ပေးရကြောင်း သိရသည်။

လိပ်ဥကျင်းအတွင်းမှ မထွက်နိုင်သည့် အကြောင်းရင်း သုံးချက်တွေ့ရှိရကြောင်း၊ မိခင်လိပ်မကြီးက ဥဥချရန်ကျင်းတူးပြီး တွင်းပြန်ဖုံးသည့်အခါ ခဲများက အပေါ်မှပိတ်ဆို့နေခြင်း၊ သစ်မြစ်များက ဥကျင်းများပေါ်မှအမြစ်ထွက်နေခြင်း၊ ဥဥချိန်မှုလဖို့ထားသော မြေထုထက်မြင့်သွားခြင်းတို့ကြောင့် လိပ်ဥကျင်းအချို့သားပေါက်များ မတက်လာနိုင်ကြောင်း သိရသည်။

ကြယ်လိပ်ပေါက်အားလုံး ရေသောက်နိုင်ရန်နှင့် ကျန်းမာရေးအတွက် တစ်ရက်ခြား ရေစိမ်ပေးရကြောင်းသိရပြီး ကျောခွံများ မာစေရန်အတွက် ခေါ်ဖြင့် သေးသေးမွှားမွှားစဉ်းထားသော အသီးအရွက်များတွင် ကယ်လ်ဆီယံမှုန့်ကို ဖြူးပေး၍ ငါးရက်ခြားတစ်ကြိမ် ကျွေးရကာ သဘာဝအစာဖြစ်သည့် ကယ်လ်စီယံဓာတ်ပါသော ရှားစောင်းလက်ဝါးများကိုလည်း ဖြည့်စွက်စာအဖြစ် ကျွေးရသည်။

၂၀၁၉ခုနှစ်အထိ ၁၉ နှစ်တာကာလအတွင်း ပေါက်ပွားနှုန်းကောင်းပြီး သေဆုံးနှုန်း နည်းသောကြောင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ လက်ရှိတွင် အရွယ်စုံ ကြယ်လိပ် ၅၈၀၆ကောင်ရှိနေသည်။ နေရင်းဒေသများသို့ စေလွှတ်ပေးခဲ့သည့် ကြယ်လိပ်အကောင်ရေ ၁၆၅၀ နှင့် ဆိုပါက ၇၄၅၆ ကောင်အထိ တိုးပွားလာခဲ့ပြီဖြစ်ရာ မြန်မာဌာနေဖွားမျိုးစိတ်ဖြစ်သည့် မြန်မာ့ကြယ်လိပ်များသည် ကောင်းစွာ မျိုးပွားလာနိုင်မှုနှင့်အတူ နိုင်ငံ့ဂုဏ်ကိုလည်း ဆောင်နိုင်တော့မည်ဖြစ်သည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# စစ်တောင်းမြစ်ရေမြင့်တက်လာချိန် ကူးတို့လှေများ အန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ဆောင်ရွက်ကြရန်လို

**ရေတာရှည် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကို မြောက်မှတောင်သို့စီးဆင်းလျက်ရှိသည့် စစ်တောင်းမြစ်သည် ဩဂုတ်လဆန်းပိုင်းမှစတင်ကာ အထက်ပိုင်းဒေသများတွင် မိုးများရွာသွန်းလျက်ရှိ၍ နေ့စဉ်ရေမြင့်တက်လျက်ရှိရာ ဒေသခံများက မြစ်ကို ဟိုဘက် ဒီဘက် ဖြတ်ကူးကြရသည့်အခါ အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုကြောင်း သုံးသပ်ပြောကြားမှုများရှိနေသည်။

"မြစ်အရှေ့ဘက်ကမ်း ဒေသတွေမှာနေကြတဲ့သူတွေအနေနဲ့ အကြောင်းအမျိုးမျိုးနဲ့ မြို့ကိုလာမယ်ဆိုရင် မြစ်ကူးကူးတို့နဲ့ ကူးကြရတာများပါတယ်။ မြစ်ကူးကူးတို့တွေမှာက လက်နဲ့လှော်တဲ့လှေရှိမယ်။ စက်တပ်ထားတဲ့ လှေတွေရှိမယ်။ တချို့က တစ်စင်းတည်းပဲ့တယ်။ တချို့ကျတော့ လှေခွံနှစ်ခုကိုပေါင်းပြီး အပေါ်ကနေကုန်းပေါင်တင်တယ်။ ဆိုင်ကယ်တွေ၊ လူတွေ၊ ကုန်တွေတင်ကြတာရှိတယ်။ သစ်သားနဲ့ လုပ်ထားတဲ့လှေတွေဖြစ်တဲ့အတွက် နွေကာလက ချိပ်ကြိုးမကပ်တဲ့ လှေတွေဆိုရင် ရေမလုံဘူးစိမ့်ဝင်နေတာ။ လမ်းခုလတ်မှာ ရေခပ်ထုတ်နေရတာတွေလည်း မြင်တွေ့ရတော့ ခရီးသည်တွေအတွက် အန္တရာယ်ရှိပါတယ်။ နောက်တစ်ခုက မြစ်လယ်မှာတစ်ခုခုဖြစ်ပြီဆိုရင် ရေကြောင်းဆိုင်ရာ အသက်ကယ်အင်္ကျီတို့ ဆိုတာလည်းမရှိဘူး။ ဖြစ်မှဆိုတာထက် မဖြစ်ခင်ကတည်းက ကြိုတင်စီမံဆောင်ရွက်ထားသင့်ပါတယ်"ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက သုံးသပ်ပြောသည်။



ကျွဲရိုင်းပြင်ကျေးရွာအနီး မြစ်ကူးစက်လှေတစ်စင်းကို မြင်တွေ့ရစဉ်။

ရေတာရှည်မြို့နယ်တွင် စစ်တောင်းမြစ်ကူးတံတားတည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားမှုများသာရှိရာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ဒေသမှ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများဖြင့် နေ့စဉ်ကူးလူး သွားလာမှုများပြားလျက်ရှိရာ မိုးရာသီကာလတစ်လျှောက် မြစ်ကူးကူးတို့ဖြင့် သွားလာကြသည့်အခါ အန္တရာယ်ဖြစ်ပွား မှုမရှိစေရေးကို အလေးထားဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေခြင်း ဖြစ်သည်။ **သန်းလွင်**

# ကျောက်ကြီးမြို့နယ် ရေဘေးကူညီမှုအတွက် တပ်မတော် ဖိုက်ဘာစက်လှေတစ်စင်းရောက်ရှိ

**ကျောက်ကြီး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ ယမန်နေ့က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၂) စစ်ဗျူဟာအဖွဲ့ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး အောင်စိုးမင်း စီစဉ်ညွှန်ကြားမှုဖြင့် တပ်မတော်ဖိုက်ဘာစက်လှေတစ်စင်း ကျောက်ကြီးမြို့ ရေဘေးကူညီ ကယ်ဆယ်ရေးအတွက် ရောက်ရှိလာသည်။

ကျောက်ကြီးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ၈၆၀ စင်တီမီတာ အန္တရာယ်ရေမှတ် ၉၃၀ စင်တီမီတာရှိရာ ယခုအခါတွင် စစ်တောင်းမြစ်ရေသည် ၈၄၀ စင်တီမီတာရောက်ရှိပြီး ကျောက်ကြီးချောင်းရေမှာ ၃ ဒသမ ၇ ပေခန့် မြင့်တက်လာ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုဝင်အချို့ ပြောင်းရွှေ့ခဲ့ပြီး စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိရန် နီးကပ်လာသည်။ ထို့ကြောင့် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ယာယီစစ်ဗျူဟာမှူး၏ စီစဉ်ကွပ်ကဲမှုဖြင့် ဖိုက်ဘာစက်လှေပါ နယ်မြေခံတပ်ရင်းများမှ အရာရှိစစ်သည်များက ကျောက်ကြီးချောင်းရေဝင်ရောက်မှု ကို ကူညီကယ်တင်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိသည်။

**ကိုသားကြီး(ကျောက်ကြီး)**



ကျောက်ကြီးမြို့နယ်၌ ဖိုက်ဘာစက်လှေတစ်စင်း ရောက်ရှိလာစဉ်။

## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လူလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက် / ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

**လျှော့ချပြုပြင် ပြန်သုံးလို့**

**ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံလုံးဆိုင်ရာ Cloud နှင့် AI နည်းပညာပြိုင်ပွဲအတွက် ဩဂုတ် ၁၀ ရက်အထိ စာရင်းပေးသွင်းနိုင်

**ရန်ကုန် ဩဂုတ် ၄**

နည်းပညာနယ်ပယ်တွင် အလားအလာရှိသူများအား မွေးထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံကို AI ကမ္ဘာနှင့် ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပထမဆုံးအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ Cloud နှင့် AI နည်းပညာပြိုင်ပွဲဖြစ်သည့် Myanmar National Cloud & AI Contest ကို ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ ပါမောက္ခချုပ်များကော်မတီ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ပညာရေးဝန်ကြီးဌာန သုတေသနနှင့် ဆန်းသစ်တီထွင်မှုဦးစီးဌာနတို့ ပူးပေါင်း၍ ဟွာဝေးမြန်မာ၏ ကူညီထောက်ပံ့မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စာရင်းပေးသွင်းရမည့်ကာလကို ဇူလိုင် ၅ ရက်မှ စတင်ကာ ဩဂုတ် ၁၀ ရက်အထိ သတ်မှတ်ထားကြောင်း၊ ဝက်ဘ်ဆိုက်လိပ်စာ https://activity-intl.huaweicloud.com/mmai_contest.html ၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်မတိုင်မီ စာရင်းသွင်းပြီးသော ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင် Cloud နှင့် AI နည်းပညာ Solutions များကို ပေးပို့ရမည်ဖြစ်ကြောင်း၊ ပေးပို့လာသည့် Solutions များထဲမှ ဆန်ခါတင်အဆင့် ပြိုင်ပွဲဝင်အဖွဲ့ ၁၀ ဖွဲ့၏ အမည်စာရင်းကို ဩဂုတ်လကုန်တွင် ကြေညာသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်အဖွဲ့များ၏ လက်တွေ့သရုပ်ပြ ယှဉ်ပြိုင်ခြင်းနှင့် ဆုရွေးချယ်ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြိုင်ပွဲတွင် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြားစီးပွားရေးလုပ်ငန်းများ စသဖြင့် ကြိုက်နှစ်သက်ရာကဏ္ဍအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် Solutions များကို Windows၊ Linux၊ Android၊ iOS နှင့် အခြားသင့်လျော်သည့် OS များ အသုံးပြုကာ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်ကြောင်း၊ ယခုပြိုင်ပွဲမှ နည်းပညာ အလားအလာရှိသူများအား မွေးထုတ်ပေးခြင်းဖြင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နောက်ဆုံးပေါ် နည်းပညာသစ်များဖြစ်သည့် IoT၊ 5G၊ cloud နှင့် AI တို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုများ ပိုမိုလျင်မြန်လာခဲ့ရာ မြန်မာနိုင်ငံ၌လည်း အဆိုပါ နည်းပညာသစ်များကို အသုံးပြုခြင်းဖြင့် သမားရိုးကျ IT နည်းပညာအဆင့်များကို ဖြတ်ကျော်ကာ အရှိန်အဟုန်ဖြင့် တိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟွာဝေးမြန်မာ၏ CEO Mr. Ding Zhaoyi က "ဒီနေ့ခေတ် စီးပွားရေးလုပ်ငန်းအများစုဟာ AI နဲ့ Cloud နည်းပညာတွေကြောင့် ပိုပြီး ဖွံ့ဖြိုးတိုးတက်လာကြပါတယ်။ ဒီနောက်ဆုံးပေါ်နည်းပညာတွေက စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးရဲ့ လုပ်ငန်းလည်ပတ်မှုနဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ လူ့အဖွဲ့အစည်းအတွက် အဓိကဝန်ဆောင်မှုလုပ်ငန်းတွေမှာ အလိုအလျောက်လုပ်ငန်းလည်ပတ်နိုင်မှုစွမ်းရည်တွေ ပိုပြီးအားကောင်းလာစေဖို့ AI နည်းပညာကို ပိုပြီး မှီခိုလာလိမ့်မယ်လို့ AI နဲ့ Machine Learning နည်းပညာ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။ ဟွာဝေးက မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ ပူးပေါင်းပြီး AI နဲ့ cloud နည်းပညာ မျိုးဆက်သစ်တွေကို မြေတောင်မြှောက်ပေးသွားမှာပါ"ဟု နည်းပညာပြိုင်ပွဲအတွက် ပံ့ပိုးပေးခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါ Myanmar National Cloud & AI Contest နှင့် ပတ်သက်၍ အသေးစိတ်အချက်များကို ဟွာဝေးမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/huaweitechmm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ထို ဖေ့စ်ဘုတ်စာမျက်နှာတွင် ပြိုင်ပွဲဆိုင်ရာ လေ့လာစရာများကိုလည်း တင်ပေးလျက်ရှိသည်ကို တွေ့ရသည်။

**သူရဖြိုး**

# 1.6 Gbps အမြန်နှုန်းရှိသော 5G ကို Mytel က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၄**

လက်ရှိအသုံးပြုနေသော 4G ကွန်ရက်ထက် အဆများစွာ ပိုမိုမြန်ဆန်ကာ 1.6 Gbps အမြန်နှုန်းအထိရှိသော 5G ကွန်ရက်ကို ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်သော Mytel က မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ဇူလိုင် ၃၁ ရက်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ 5G ကွန်ရက် စမ်းသပ်မှုကို ဇူလိုင် ၃၁ ရက်က Mytel ရုံး၌ ပြုလုပ်ခဲ့ပြီး အမြန်နှုန်းစမ်းသပ်မှုကို C band(3.5 GHz)ဖြင့် စမ်းသပ်ခဲ့ကြောင်း၊ စမ်းသပ်နေစဉ်အတွင်း အမြင့်ဆုံးရောက်ရှိသွားသော အမြန်နှုန်းမှာ 1.6 Gbps အထိရှိပြီး ထိုမြန်နှုန်းမှာ 4G ကွန်ရက်ထက် များစွာမြန်ဆန်ကြောင်း၊ ထိုစမ်းသပ်မှုကို 4G ကွန်ရက်ဖြင့် ပြုလုပ်မည်ဆိုပါက 150 Mbps ခန့်သာ ရှိမည်ဖြစ်ကြောင်း သိရသည်။

"အခုလို 5G ကွန်ရက်ကို Mytel သုံးစွဲသူတွေအတွက် အသုံးပြုနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ပထမဆုံး ဆက်သွယ်ရေး အော်ပရေတာတစ်ခု ဖြစ်လာတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ 5G ကွန်ရက်ကို အသုံးပြုကြည့်တဲ့အခါ တကယ်ကို တစ်မူထူးခြားတဲ့ ခံစားမှုမျိုးရမှာပါ။ များမကြာမီအချိန်အတွင်းမှာလည်း လူအသွားအလာများတဲ့ နေရာတွေမှာ ကျွန်တော်တို့ရဲ့ 5G ကွန်ရက်ကို ထောက်ပံ့ပေးသွားဖို့ရှိပါတယ်"ဟု Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

အဆိုပါစမ်းသပ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် Mytel သည် မကြာမီအချိန်အတွင်း 5G ကွန်ရက်ကို ဈေးကွက်ထဲတွင် တရားဝင် ရောင်းချပေးသွားနိုင်တော့မည်ဖြစ်ကြောင်း၊ Mytel အနေဖြင့် ယခုကဲ့သို့ ကွန်ရက်နည်းပညာသစ်ကို မြန်မာနိုင်ငံသို့ ယူဆောင်လာပေးနိုင်ခဲ့သလို နောင်အနာဂတ်တွင်လည်း Mytel အနေဖြင့် ဆန်းသစ်သော နည်းပညာများနှင့် ထူးခြားကောင်းမွန်သော တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ရန် အစဉ်ကြိုးစားလျက်ရှိပြီး ခေတ်မီဆန်းသစ်သော တီထွင်မှုများကို သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးပေးသွားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မြန်မာရုပ်ရှင်များကို မဟာ app မှတစ်ဆင့် အကန့်အသတ်မရှိ ကြည့်နိုင်မည့် ဝန်ဆောင်မှုကို MPT စတင် မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၄**

MPT ၏ အင်တာနက်လိုင်းကို အသုံးပြုနေသူများအနေဖြင့် မဟာမိုဘိုင်းအက်ပလီကေးရှင်းမှတစ်ဆင့် မြန်မာရုပ်ရှင်များကို ကြည့်ရှုရန်အတွက် နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး စာရင်းသွင်းဝန်ဆောင်မှု အစီအစဉ်သစ်ကို MPT က ဇူလိုင် ၂၉ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ထိုအစီအစဉ်အရ MPT သုံးစွဲသူများအနေဖြင့် မဟာ မိုဘိုင်းအက်ပလီကေးရှင်းတွင်ရှိသော မြန်မာရုပ်ရှင်နှင့် ဗွီဒီယိုများကို ဒေါင်းလုပ်ပြုလုပ်ခြင်း သို့မဟုတ် တိုက်ရိုက်ကြည့်ရှုခြင်းများကို အကန့်အသတ်မရှိ လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT အသုံးပြုသူများအနေဖြင့် မဟာမိုဘိုင်းအက်ပလီကေးရှင်းတွင် ဇာတ်ကားတစ်ကားအလိုက် ငှားရမ်းခ ကျပ် ၁၅၀ ပေးဆောင်ပြီး မိမိတို့ ငှားရမ်းထားသည့် ရုပ်ရှင်များကို ခုနစ်ရက်အထိ ကြည့်ရှုနိုင်မည့် ဝန်ဆောင်မှုကို MPT က ၂၀၁၈ ခုနှစ်က စတင်မိတ်ဆက်ထားခဲ့သည်။ ယခုအစီအစဉ်သစ်အရ MPT အသုံးပြုသူများအနေဖြင့် ဇာတ်ကားတစ်ကားချင်း ငှားရမ်းခပေးဆောင်ရမည့်အစား တစ်ရက်လျှင် ၉၉ ကျပ်၊ တစ်ပတ်လျှင် ၅၄၉ ကျပ်နှင့် တစ်လလျှင် ၁၉၉၉ ကျပ် နှုန်းထားများဖြင့် မည်သည့်ရုပ်ရှင်ကိုမဆို အကန့်အသတ်မရှိ ကြည့်ရှုနိုင်မည်ဖြစ်ကာ ဒေါင်းလုပ်ဆွဲ၍လည်း သိမ်းဆည်းထားနိုင်မည်ဖြစ်ကြောင်း၊ မဟာ အက်ပလီကေးရှင်းတွင် ခေတ်ဟောင်း မြန်မာရုပ်ရှင်များ၊ ယနေ့ခေတ် မြန်မာရုပ်ရှင်နှင့် ဗွီဒီယိုများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မဟာမိုဘိုင်းအက်ပလီကေးရှင်းကို MPT ၏ လိုတရ Web portal (http://mh.lotayamm.com)တွင် ဒေတာဖိုး ကုန်ကျမှုမရှိဘဲ ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်ကာ အန်းဒရွိုက်ဖုန်း အသုံးပြုသူများအနေဖြင့် Google Play Store သို့မဟုတ် မဟာ အက်ပလီကေးရှင်း၏ ဝက်ဘ်ဆိုက်တွင်လည်း ဒေတာဖိုးအကုန်အကျခံ၍ ဒေါင်းလုပ်ဆွဲရယူနိုင်ကြောင်း၊ ဒေါင်းလုပ်ဆွဲပြီးလျှင် MPT ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်အကောင့် သို့မဟုတ် Facebook အကောင့်တို့ဖြင့် စာရင်းသွင်းပြီး နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အစီအစဉ်တစ်ခုခုကို ရယူကာ ရုပ်ရှင်များကို တိုက်ရိုက်ကြည့်ရှုနိုင်သည့်အပြင် ဒေါင်းလုပ်ဆွဲ၍လည်း အက်ပလီကေးရှင်းဖြင့် ပြန်ကြည့်နိုင်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ဟွာဝေး၏ စမတ်ဖုန်းအမျိုးမျိုးအတွက် Huawei Day 2019 ပရိုမိုးရှင်းအစီအစဉ် ပြုလုပ်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၄**

ဟွာဝေး၏ထုတ်ကုန် စမတ်ဖုန်းအသုံးပြုသူများအတွက် လတိုင်းပြုလုပ်နေကျဖြစ်သည့် Huawei Day ပရိုမိုးရှင်းအစီအစဉ်၏ ဩဂုတ်လ ပရိုမိုးရှင်းကို ဩဂုတ် ၁ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း ပြုလုပ်လျက်ရှိပြီး ယခု အစီအစဉ်တွင် ယခင်လများနှင့်မတူသော ဖုန်းအမျိုးအစားအလိုက် ငွေပြန်အမ်းသည့် Cash Back အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ Cash Back အစီအစဉ်တွင် Nova 3i ဖုန်း ဝယ်ယူသူများအား ကျပ် ၄၀၀၀၀၊ Y9 2019 ဖုန်း ဝယ်ယူသူများအား ကျပ် ၄၀၀၀၀၊ Y7 Pro 2019(32GB Version) ဝယ်ယူသူများအား ကျပ် ၃၀၀၀၀၊ Y6 Pro 2019 ဖုန်း ဝယ်ယူသူများအား ကျပ် ၁၅၀၀၀၊ Y5 2019 ဝယ်ယူသူများအား ကျပ် ၆၀၀၀၊ MediaPad T3 10 ဝယ်ယူသူများအား ကျပ် ၁၆၀၀၀၊ MediaPad T3 8 နှင့် T3 7 ဝယ်ယူသူများအား ကျပ် ၁၀၀၀၀ စီ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Huawei Day ပရိုမိုးရှင်းအချိန်အတွင်း စမတ်ဖုန်းဝယ်ယူသူများအနေဖြင့် Cash Back အစီအစဉ်အပြင် Huawei Watch GT ၁၄ လုံး၊ Water Cooler 24 လုံးနှင့် Cooking Pot အလုံး ၄၀ ကို ကံစမ်းခွင့်လည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပရိုမိုးရှင်းရက်များအတွင်း ဟွာဝေးစမတ်ဖုန်း ဝယ်ယူသူများအား Free Bud Lite နားကြပ်၊ Bluetooth Speaker နှင့် Huawei Bag များကိုလည်း လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ကာ တန်ဖိုး ကျပ်နှစ်သိန်းနှင့်အထက် ဝယ်ယူသူများအား အဆိုပါ သတ်မှတ်ထားသည့် လက်ဆောင်များအပြင် Power Bank တစ်လုံးစီကိုလည်း ထပ်မံ၍ လက်ဆောင်ပေးအပ်သွားမည်ဖြစ်ကြောင်း Huawei Consumer Business Group မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## New Product

# ကင်မရာစွမ်းဆောင်ရည်မြင့်တဲ့ Xiaomi စမတ်ဖုန်းမော်ဒယ်သစ် Mi 9T

MI 9T စမတ်ဖုန်းဟာ နိုင်ငံတကာဈေးကွက်မှာ ဇွန်လအတွင်းက စတင်မိတ်ဆက်ပြသခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဇူလိုင်လကုန်ပိုင်းတုန်းက စတင် ဝင်ရောက်လာတာဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ အလယ်အလတ်တန်းမှာရှိပြီး စွမ်းဆောင်ရည်ပြည့်ဝသလို အထူးသဖြင့် ကင်မရာပိုင်းစွမ်းရည်မြင့်တဲ့ Mi 9T ဟာ Global/Official ဖုန်းလည်း ဖြစ်တာကြောင့် ဈေးကွက်ထဲကို မရောက်လာခင်ကတည်းက စိတ်ဝင်စားမှုများနေခဲ့တဲ့ ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပါတယ်။

MI 9T ရဲ့ မျက်နှာပြင်အရွယ်အစားဟာ ၆ ဒသမ ၃၉ လက်မရှိပြီး Super AMOLED Screen ဖြစ်တဲ့အပြင် Resolution က 1080x2340 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်ပြီး HDR အရည်အသွေးကို ပေးစွမ်းနိုင်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်နိုင်မယ့် Corning Gorilla Glass 5 နဲ့ ဖုံးအုပ်ထားပါတယ်။ ဖုန်းရဲ့မျက်နှာပြင်မှာ ဆယ်လ်ဖီကင်မရာတွေ၊ စပီကာပေါက်တွေ မပါတော့ဘဲ ရာနှုန်းပြည့်နီးပါး Full Screen အနေနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Screen သာမက ဖုန်းကိုယ်ထည်ရဲ့နောက်ကျောဘက်ကိုလည်း မှန်သားနဲ့ပဲ ပြုလုပ်ထားပြီး ဘေးဘောင်တွေက အလူမီနီယမ်ဖြစ်လို့ ဒီဇိုင်းပိုင်းလည်း လှပပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 9.0(Pie)ကို MiUI 10 နဲ့တွဲပြီး အသုံးပြုထားပါတယ်။ Chipset နဲ့ CPU အနေနဲ့တော့ Snapdragon 730 Chipset ပေါ်မှာ Octa-core (2x2.2 GHz Kryo 470 Gold & 6x1.8 GHz Kryo 470 Silver) CPU တွေကို သုံးထားပြီး RAM က 6GB ရှိလို့ ဂိမ်းအမျိုးမျိုးနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မင်မိုရီပိုင်းအနေနဲ့တော့ 64GB နဲ့ 128 GB လို့ နှစ်မျိုးခွဲထွက်ထားပြီး မင်မိုရီကတ် ထပ်စိုက်လို့မရတာကတော့ ဒီဖုန်းရဲ့ အားနည်းချက်ဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ MI 9T ရဲ့နောက်ကျောဘက် ပင်မ ကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ Wide ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ Telephoto ကင်မရာနဲ့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ Ultrawide ကင်မရာတွေ ပါဝင်တဲ့ Triple ကင်မရာဖြစ်တာကြောင့် စွမ်းဆောင်ရည်ပြည့်ဝပါတယ်။ ဒါ့အပြင် ပုံအရည်အသွေးတွေကို ပိုကောင်းစေမယ့် AI လုပ်ဆောင်ချက်တွေလည်း ပါတာကြောင့် လတ်တလော ဈေးကွက်အတွင်းက ကင်မရာအကောင်းဆုံး ဖုန်းတွေထဲမှာလည်း တစ်လုံးအပါအဝင်ဖြစ်ပါတယ်။ အလင်းရောင်အားနည်းတဲ့ နေရာတွေမှာတောင် အရည်အသွေးမြင့်ဓာတ်ပုံတွေ ရိုက်နိုင်မှာဖြစ်သလို ဗီဒီယိုကိုလည်း 2160 pixels Full HD အရည်အသွေးနဲ့ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

ဆယ်လ်ဖီကင်မရာကလည်း ၂၀ မဂ္ဂါပစ်ဇယ်ရှိလို့ 1080 Pixels အရည်အသွေးနဲ့ ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပြီး ဆယ်လ်ဖီဝါသနာရှင်တွေအတွက်ရော၊ ဗီဒီယိုကောလ်ခေါ်ဆိုမှုတွေအတွက်ရော အဆင်ပြေစေမှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာဟာ ဖုန်းရဲ့မျက်နှာပြင်ပေါ်မှာ မရှိတော့ဘဲ ကင်မရာလုပ်ဆောင်ချက်တစ်ခုခုကို သုံးမယ့်အခါမှ ဖုန်းကိုယ်ထည်ရဲ့ အပေါ်ဘက်က ထွက်လာမယ့် Motorized Pop-up ကင်မရာဖြစ်ပါတယ်။

Mi 9T ဖုန်းမှာ ထူးခြားချက်အနေနဲ့ Finger Print Sensor ဟာလည်း Xiaomi ဖုန်း အများစုလို နောက်ကျောဘက်မှာမဟုတ်ဘဲ မျက်နှာပြင်ပေါ်မှာပဲ Under display အနေနဲ့ ပါဝင်လာပါတယ်။ USB စနစ်ကလည်း Type-C 1.0 reversible connector ဖြစ်ပြီး OTG စနစ်ကိုလည်း ထောက်ပံ့ပေးထားတာ တွေ့ရပါတယ်။

ဘက်ထရီပိုင်းမှာတော့ 4000 mAh ရှိတဲ့ Li-Po ဘက်ထရီ ပါဝင်လို့ စွမ်းဆောင်ရည်မြင့်တဲ့အပြင် 18 W နှုန်းနဲ့ အားသွင်းနိုင်တဲ့ အမြန်အားသွင်းစနစ်လည်း ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ နိုင်ငံတကာဈေးကွက်မှာ အနက်၊ အနီနဲ့ အပြာ သုံးမျိုးထွက်ထားပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ အနက်နဲ့ အပြာကိုသာ တွေ့ရပါတယ်။ ဈေးနှုန်းက မင်မိုရီ 64GB အတွက် ကျပ် ၄၉၀၀၀၀ ခန့်နဲ့ မင်မိုရီ 128GB အတွက် ကျပ် ၅၃၀၀၀၀ ဝန်းကျင် ရှိပါတယ်။ Global အလုံးတွေဖြစ်တဲ့အတွက် ဖုန်းတိုင်းမှာ Xiaomi ရဲ့ တရားဝင်အာမခံ တစ်နှစ်စီ ပါဝင်ပါတယ်။



**ကျော်ဇင်ဦး**

# ငါးသိုင်းချောင်းမြို့၌ ဝဲန်ရေကာတာ စိုးရိမ်ရေမှတ်ကျော်နေ၍ ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေ

**ငါးသိုင်းချောင်း ဩဂုတ် ၄**

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ဝဲန်မြစ်ရေသည် ဩဂုတ် ၂ ရက်မှ စတင်ကာ အဆိုပါမြို့ရှိ ဝဲန်ရေကာတာ၏ စိုးရိမ်ရေမှတ် ၂၇ ပေအထက် ပေဝက်ခန့် ကျော်လွန်၍ ၂၇ ဒသမ ၆၅ ပေသို့ ရောက်ရှိနေသောကြောင့် ရေကြည်မြို့နယ်အတွင်း ဝဲန်ရေကာတာ တာမိုင်အရှည် စုစုပေါင်း ၂၂ မိုင်၌ ရေကင်းချထားခြင်း အပါအဝင် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ဝဲန်ရေကာတာပေါ်ရှိ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ရေကင်းလေးခု၌ လူအင်အားနှင့် အရေးပေါ်အခြေအနေ လုပ်ငန်းသုံးပစ္စည်းများ အသင့် စုဆောင်းထားရှိခြင်းနှင့် နေ့ညမပြတ် အနီးကပ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေတွင် ဒေသခံပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ စိုးရိမ်ရေအမှတ်သို့ စတင်ရောက်ရှိကြောင်း အချက်ပြသင်္ကေတ (အလံစိမ်း)များ စိုက်ထူအသိပေးခြင်းကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် ပုသိမ်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဋ္ဌေး ဦးဆောင်သော တာဝန်ရှိသူများကလည်း ဌာနရေကင်းများနှင့် ရေကာတာကြံ့ခိုင်မှုအခြေအနေ၊ အရေးပေါ်အခြေအနေသုံး ပစ္စည်းနှင့် လူအင်အား စုဆောင်းထားရှိမှုအခြေအနေများကို ဩဂုတ် ၂ ရက်က လိုက်လံစစ်ဆေးကြည့်ရှုခဲ့ပြီး ရေကင်းရှိ ဝန်ထမ်းများအား ရိက္ခာများထောက်ပံ့ခြင်း၊ အားပေးစကားပြောကြားခြင်းတို့ လှည့်လည်ဆောင်ရွက်ခဲ့သည်။

လတ်တလောအခြေအနေတွင် စိုးရိမ်ရေမှတ်အထက် ရေကျော်လျက်ရှိသော်လည်း ဝဲန်ရေကာတာ၏ ကြံ့ခိုင်မှုမှာ ကောင်းမွန်နေဆဲဖြစ်ကြောင်း၊ ၂၀၁၅ ဩဂုတ် ၈ ရက်က ငါးသိုင်းချောင်းမြို့ ဝဲန်ရေကာတာ၌ စံချိန်တင် စိုးရိမ်ရေအမှတ် ၃၁ ဒသမ ၀၅ ပေအထိပင် ရောက်ခဲ့ဖူးကြောင်း၊ လက်ရှိအချိန်တွင် မြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်သာ ကျော်နေပြီး ဘဏ္ဍာနှစ်အလိုက် ရေကာတာကြံ့ခိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အချိန်မီ ပြီးစီးခဲ့သဖြင့် စိုးရိမ်ရသောအခြေအနေ မရှိကြောင်း၊ ဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ ရေကာတာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်က ပြောကြားထားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



ဝဲန်ရေကာတာပေါ်၌ ရေကင်းချထားသည့် အခြေအနေကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးနေစဉ်။

## ဖယ်ခုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ဖယ်ခုံ ဩဂုတ် ၄**

ဖယ်ခုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကုန်းဆုံကျေးရွာအုပ်စု ကုန်းဆုံဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။



ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမြတ်သူ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုလတ်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သင်းသင်းထက်၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦး၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံတို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မူးယစ်ဆေးဝါးပြဿနာများအကြောင်းတို့ကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်သော ကုန်းဆုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

## တောင်ပြုန်းပွဲတော် ကျင်းပနိုင်မည်မဟုတ်ဆိုသော ကောလာဟလသတင်းများ မမှန်ကန်

**မတ္တရာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ တောင်ပြုန်းပွဲတော်ကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၈ ရက်မှ ဝါခေါင်လပြည့်နေ့(ဩဂုတ် ၈ ရက်မှ ၁၅ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ယခုနှစ်တွင် H1N1 ရောဂါကြောင့် ပွဲတော်ကို ကျင်းပနိုင်မည်မဟုတ်ဟု ကောလာဟလသတင်းများ ထွက်ပေါ်နေသည်မှာ မမှန်ကြောင်းနှင့် ပွဲတော်အတွက် ဆိုင်ခန်းပေါင်း ၉၀၀ ခန့်တွင် အားလုံးနီးပါးလည်း ရောင်းချပြီးဖြစ်ကာ ဆိုင်ခန်း ၃၀ ခန့်သာ ကျန်ရှိ၍ မပျက်မကွက် ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထံမှ သိရသည်။

"တောင်ပြုန်းပွဲကို ပိတ်မှာလို့ ကောလာဟလတွေ ကြားနေရတယ်၊ ကျင်းပရေးကော်မတီက ပွဲတော်လာသူတွေ အထိတ်တလန့်မဖြစ်အောင် အာဏာပိုင်အဖွဲ့အစည်းတွေနဲ့အတူ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကောင်းဆုံး စီစဉ်ထားပါတယ်၊ ဆိုင်ခန်းအားလုံးနီးပါးလည်း ရောင်းချပြီးပါပြီ၊ ပွဲတော်က ကျင်းပမှာဖြစ်လို့ ပျော်ပျော်ပါးပါး လာကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းကပြောသည်။



ယမန်နှစ်က တောင်ပြုန်းပွဲတော်ကို စည်ကားစွာ ကျင်းပခဲ့စဉ်။

၂၀၁၇ ခုနှစ်က H1N1 ကြောင့် တောင်ပြုန်းပွဲတော် ကျင်းပခွင့် မရရှိခဲ့သလို ယခုနှစ်တွင်လည်း ပွဲတော်ချိန်နှင့်တိုက်ဆိုင်စွာ H1N1 ဖြစ်ပွားမှုအချို့ကြောင့် ယခင်နှစ်များထက် ပွဲတော်လေလံရက် တစ်လခန့် နောက်ကျခဲ့ကြောင်း၊ ယခုနှစ် ပွဲကျင်းပရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ခွင့်ပြုချက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

တောင်ပြုန်းနန်းထိန်း မိသားစုဝင်တစ်ဦးကလည်း "ဒီနှစ်မှာ အရင်နှစ်တွေထက် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပြင်ဆင်မှုတွေ ပိုပြီးလုပ်ထားပါတယ်။ လက်ဆေးကန်တွေ၊ အမှိုက်ပုံးတွေ ချထားဖို့၊ မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့အကူအညီနဲ့ အမှိုက်ပုံးတွေ များများချထားနိုင်ဖို့၊ Mask တွေ အခမဲ့ ဖြန့်ဝေတာတွေလုပ်ဖို့ စီစဉ်ထားပါတယ်၊ ကျန်းမာရေးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်မှာပါ"ဟု ပြောသည်။

တောင်ပြုန်းပွဲတော်တွင် အုန်း ငှက်ပျော ဆိုင်ခန်း၊ ကရေကရာနှင့် စားသောက်ကုန်ဆိုင်ခန်း၊ ရိုးရာလက်မှုပစ္စည်း အရောင်းဆိုင်ခန်းများနှင့် အခြားဈေးဆိုင်ခန်းများကို တစ်ခန်းလျှင် ကျပ်နှစ်သိန်းနှင့်အောက် ဈေးနှုန်းလေးမျိုးခွဲ၍ ရောင်းချခဲ့ရာ ဆိုင်ခန်းပေါင်း ၉၀၀ ခန့်တွင် ၈၇၀ ခန့် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ရာသီတုပ်ကွေးရောဂါ H1N1 ကြောင့် သေဆုံးသူ ၈၃ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟို ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဩဂုတ် ၁ ရက်အထိ ထုတ်ပြန်ချက်အရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာခြောက်များထောက်ပံ့

**လှိုင်းဘွဲ့ ဩဂုတ် ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လှိုင်းဘွဲ့ချောင်းရေ မြင့်တက်နေမှုကြောင့် ကမ်းပါးအနီးတစ်ဝိုက်ရှိ ပြည်သူများအား ကမော့ကချုံးကျေးရွာအုပ်စုရှိ ရေဘေးရှောင်အဆောက်အအုံသို့ ပြောင်းရွှေ့နေရာချထားပေးရပြီး အဆိုပါ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ရိက္ခာခြောက်များကို တာဝန်ရှိသူများက ဩဂုတ် ၃ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေဘေးသင့်အိမ်ထောင်စု ၂၄ စုမှ လူဦးရေ ၁၄၁ ဦးအတွက် ကရင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တစ်ပတ်စာ ဆန်ရိက္ခာဖိုး ကျပ် ၂၉၆၁၀၀ နှင့် အခြေချစစ်ဗျူဟာ(လှိုင်းဘွဲ့)မှ ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဇော်က ခေါက်ဆွဲခြောက် နှစ်ဖာနှင့် ကြက်ဥလေးကတ်ကို ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**


## ပုပ္ပားတောင်ကလပ် နဂါးစောင်းတန်းနှင့် တောင်ကလပ်အောက်ခြေ၌ ဈေးသည်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် အမှိုက်ကောက်လှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုတွင် ပုပ္ပားတောင်ကလပ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာအေးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ တောင်ကလပ်မှ ပန်းသည်များ၊ မျောက်စာသည်များ၊ အုန်း/ငှက်ပျော ကန်တော့ပွဲဈေးသည်များ စုပေါင်းကာ ပုပ္ပားတောင်ကလပ် နဂါးစောင်းတန်းတစ်လျှောက်နှင့် တောင်ကလပ်အောက်ခြေရှိ စွန့်ပစ်အမှိုက်များနှင့် ပလတ်စတစ်အမှိုက်များကို သိမ်းဆည်းရှင်းလင်းခဲ့ကြပြီး အမှိုက်သယ်ယာဉ်ဖြင့် စနစ်တကျ သယ်ဆောင်ကာ သတ်မှတ်အမှိုက်ကျင်းအတွင်း စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရက်သတ္တပတ် စုပေါင်းအမှိုက်ကောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၂ ရက်မှ စတင်ပြုလုပ်ခဲ့ရာ ယနေ့ အမှိုက်ကောက်ခြင်းသည် တတိယနေ့ဖြစ်ပြီး နောက်ထပ်သုံးရက်တိုင်တိုင် နေ့စဉ် အမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၄ ရက် စုပေါင်းအမှိုက်ကောက်ရာတွင် တောင်ကလပ်ဂေါပက အဖွဲ့နှင့် ဈေးသည်များ စုစုပေါင်း အင်အား ၁၀၀ ခန့် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။



နဂါးစောင်းတန်း၌ သန့်ရှင်းရေးဆောင်ရွက်နေသော ဈေးသည်များ

**နေအောင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြော

**ကျောက်ထု ဩဂုတ် ၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ယောမြို့ကျေးရွာ အထက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အမှာစကားပြောကြားပြီး ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းက မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ခင်မောင်ရွှေက မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း ဟောပြောကြပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနိုင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**တနိုင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရန် မြို့နယ်မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်အောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်သက်ပိုင်က မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်ပတ်သက်၍ ကြုံတွေ့ရသော အခက်အခဲများနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အစည်းအဝေးတက်ရောက်ကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်မြောက်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းတို့အတွက် ဆိုင်ကယ် ၃၇ စီးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်တွင် ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက ချင်းပြည်နယ်မြောက်ပိုင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် သွားလာရေးလွယ်ကူ ချောမွေ့စေရန် ရန်ကုန်မြို့ မော်ဘီမြို့နယ်ရှိ ပြည်တွင်းပြည်ပ သာသနာပြု အောင်ဇမ္ဗူတောရ ဆရာတော်နှင့် အောင်ဇမ္ဗူသာသနာပြုအဖွဲ့က ဆိုင်ကယ် ၃၇ စီးကို မြို့နယ်သံဃနာယကဆရာတော်ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ထေရဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ သံဃာတော်အရှင်သူမြတ်တို့က မေတ္တသုတ် ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်တော်မူပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသန္တာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပုညသေဋ္ဌ အရှင်သူမြတ်က လှူဒါန်းမှုအပေါ် လျှောက်ထားပြီး ချင်းပြည်နယ် ဖလမ်းမြို့ ဗဟိုသာသနာပြုဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တ အရိယဝံသ အရှင်သူမြတ်က ဝမ်းမြောက်ကြောင်း လျှောက်ထားပြီး အလှူရှင်များက လှူဒါန်းမှုအပေါ် ရေစက်သွန်းချ အနုမောဒနာတရား နာယူသည်။

ချင်းပြည်နယ်မြောက်ပိုင်း ဟားခါးမြို့နယ်ရှိ ကျောင်း ၁၀ ကျောင်း၊ ဖလမ်းမြို့နယ်ရှိ ကျောင်းရှစ်ကျောင်း၊ တီးတိန်မြို့နယ်ရှိ ကျောင်းခြောက်ကျောင်း၊ ထန်တလန်မြို့နယ်ရှိ ကျောင်းနှစ်ကျောင်း၊ တွန်းဇံမြို့နယ်ရှိ ကျောင်းခုနစ်ကျောင်း၊ ကျီးခါးမြို့နယ်ရှိ ကျောင်းတစ်ကျောင်းနှင့် ရိခေါဒါရ်မြို့နယ်ရှိ ကျောင်းတစ်ကျောင်း တို့ဖြစ်ပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၃၅ ကျောင်းနှင့် သီလရှင်သာသနာပြုကျောင်း နှစ်ကျောင်း စုစုပေါင်း ၃၇ ကျောင်းအတွက် ဆိုင်ကယ် ၃၇ စီးနှင့် လှူဖွယ်ပစ္စည်းများကို မြို့နယ်သံဃနာယက ဆရာတော်နှင့် သံဃာတော်အရှင်သူမြတ်တို့ထံ အလှူရှင်တို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်**



လှူဒါန်းသည့် ဆိုင်ကယ်များကို တွေ့ရစဉ်။ ဓာတ်ပုံ - ကလေးခရိုင်(ပြန်/ဆက်)

# မလှိုင်မြို့ ဖိုးကြွယ်ကျေးရွာရှိ နှမ်းစိုက်တောင်သူများ မိုးရွာသွန်းမှုမရှိ၍ အခက်ကြုံနေ

**မလှိုင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်ဗျားအုပ်စု ဖိုးကြွယ်ကျေးရွာရှိ နှမ်းစိုက်တောင်သူများ မိုးရွာသွန်းမှုမရှိ၍ အခက်တွေ့နေကြောင်း အဆိုပါကျေးရွာရှိ နှမ်းစိုက်တောင်သူများထံမှ သိရသည်။

**မိုးရွာသွန်းမှုနည်း၍ နှမ်းစိုက်တောင်သူများ အခက်ကြုံ**

ယခုနှစ်မိုးရာသီတွင် မလှိုင်မြို့နယ်၌ မိုးရွာသွန်းသည့်ဒေသများရှိသကဲ့သို့ မိုးတစ်ကြိမ် နှစ်ကြိမ်သာ ရွာသွန်းပြီး မိုးလုံးဝမရွာသည့် ကျေးရွာများလည်း ရှိသည်။ မိုးရွာသွန်းမှုကောင်းသည့် ထန်းပင်ကန်ကျေးရွာ၊ လယ်ကြီးကျေးရွာ၊ ကူကြီးကျေးရွာများမှာ နှမ်းဖြစ်ထွန်းမှု ကောင်းမွန်ခဲ့ကြောင်း၊ မိုးရွာသွန်းမှုနည်းသည့် ဖိုးကြွယ်ကျေးရွာမှာ ယခုနှစ် မိုးခေါင်သဖြင့် နှမ်းစိုက်တောင်သူများ အခက်တွေ့နေရကြောင်း သိရသည်။

"မိုးမကောင်းတဲ့အတွက် တောင်သူတွေ စိုက်သာစိုက်ထားရတာ မျိုးတောင်ဆုံးမယ့် အနေအထားရှိပါတယ်။ နောက်သီးနှံက မြေပဲသီးနှံရှိတော့ရှိတယ်။ မြေပဲသီးနှံကလည်း မိုးကျမှ အဆင်ပြေမှာပါ။ ဒီမိုးမှမကျရင် အမတော်ကြေးထုတ်ပေးထားတဲ့ ငွေတွေတောင် ဆပ်နိုင်မယ့်အနေအထားမရှိပါဘူး။ အခုအချိန်မှာ ပြောင်းလည်းမဖြစ်ထွန်းလို့ နွားစာ၊ ဆိတ်စာကအစ မရရှိလို့ အခက်ကြုံနေပါတယ်" ဟု ဖိုးကြွယ်ကျေးရွာရှိ နှမ်းစိုက်တောင်သူ ဦးမင်းအောင်က ပြောသည်။

"စိုက်ပျိုးရေးလုပ်ငန်းတွေ အခက်အခဲနဲ့ ကြုံတွေ့နေပါတယ်။ မိုးသီးနှံအနေနဲ့ ကျွန်တော်တို့ဆီမှာ နှမ်းစိုက်ပါတယ်။ နှမ်းစိုက်တဲ့အချိန် မိုးမရွာလို့ မျိုးဆုံးမလိုဖြစ်နေတဲ့အပြင် မျိုးတောင်ပြန်ရနိုင်မယ့် အနေအထားမရှိပါဘူး။ နောင်လာမယ့်နှစ်အတွက်ပါ မျိုးက အခက်အခဲဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာတွေအတွက် စုံစမ်းလေ့လာပြီး လိုအပ်တာလေးတွေ ဆောင်ရွက်ပေးမယ်ဆိုရင် အဆင်ပြေနိုင်မယ့် အနေအထားရှိပါတယ်။ လိုအပ်တာကို ပံ့ပိုးမှုလေးတွေ လုပ်ပေးစေချင်ပါတယ်" ဟု ဖိုးကြွယ်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးအောင်ဇံက ပြောသည်။

ယခုနှစ် ဖိုးကြွယ်ကျေးရွာမှာ နှမ်းမျိုးစေ့တစ်ပြည်ကို ငွေကျပ် ၃၅၀၀ ပေးခဲ့ရကြောင်း၊ နှမ်းတစ်ပြည်တွင် တစ်ကေခန့် စိုက်ပျိုးနိုင်ကြောင်း၊ နှမ်းစိုက်ပျိုးရာတွင် နွားချေးကိုအသုံးပြုရပြီး နွားချေးတစ်လှည်းလျှင် ငွေကျပ် ၄၀၀၀ ကျသင့်ကာ နှမ်းတစ်ကေလျှင် နွားချေး ၁၀ လှည်းခန့် ထည့်သွင်းရသဖြင့် တစ်ကေလျှင် နွားချေးဖိုးမှာ ငွေကျပ် ၄၀၀၀၀ ခန့်ကုန်ကျကြောင်း တောင်သူများက ပြောသည်။

**ငွေကျပ် တစ်သိန်းဝန်းကျင်လောက် ကုန်ကျ**

ထို့ပြင် ထယ်ရေးကိုင်ရာတွင် နှမ်းတစ်ကေလျှင် နွားတစ်ရှဉ်းခ ငွေကျပ် ၁၀၀၀၀ ပေးငှားရပြီး တစ်ကေလျှင် နှမ်းစိုက်ပျိုးခြင်းကြောင့် ထယ်ရေးနှစ်စ (ဒေသအခေါ်) ထွန်ယက်ရသဖြင့် နွားတစ်ရှဉ်းခက ငွေကျပ် ၂၀၀၀၀ ကုန်ကျနေကြောင်း၊ နှမ်းကို မစိုက်ပျိုးခင်ကပင် ငွေကျပ် ၆၀၀၀၀ ကျော် ကုန်ကျနေပြီး နှမ်းစိုက်ချိန် ငွေအရင်းမှာ နှမ်းတစ်ကေလျှင် ငွေကျပ် တစ်သိန်းဝန်းကျင်ခန့် ကုန်ကြောင်း နှမ်းစိုက်တောင်သူများက ပြောသည်။

"အခုနှစ် မိုးခေါင်သွားပြီဆိုတော့ ကျွန်တော်တို့မှာ ရပေါက်ရလမ်းမရှိတော့ပါဘူး။ ချေးပြီးသုံးနေရပါတယ်။ ချေးသုံးထားတော့ ဒီအကြွေးတွေဆပ်ဖို့ ကျွန်တော်တို့ရဲ့ သားသမီးတွေ ပြည်ပသွားရောက်လုပ်ကိုင်ကြရပါတယ်။ အဲဒီလိုသွားရောက်လုပ်ကိုင်တဲ့အခါမှာ သူတို့ရတဲ့ပိုက်ဆံကို သွားစဉ်က ခရီးစရိတ်ချေးယူထားတဲ့ငွေကို အတိုးနဲ့ပြန်ဆပ်နေရတဲ့အတွက် အားလုံးအဖတ်မတင်ပါဘူး။ အခုနှစ် နိုင်ငံတော်ကလည်း တောင်သူတွေကို တစ်ဧက ငွေကျပ် တစ်သိန်းလောက်ချေးပါတယ်။ နောင်အခါတော့ ပြန်ဆပ်နိုင်မယ် မဆပ်နိုင်ဘူး မပြောနိုင်ပေမယ့် အခုလောလောဆယ် တစ်ဧက ငွေကျပ် တစ်သိန်းလောက် ချေးထားတဲ့အတွက် စရိတ်တွေကို နည်းနည်းဖာထေးပေးတယ်လို့ ယူဆလို့ရပါတယ်။ အခုလို မိုးခေါင်ပုံမျိုးနဲ့ ရှေ့ဆက်ဘယ်လိုသွားရမလဲဆိုတာ မပြောတတ်ပါဘူး" ဟု ဖိုးကြွယ်ရွာမှ နှမ်းစိုက်တောင်သူ ဦးမောင်ကြည်က ပြောသည်။

လယ်ဗျားအုပ်စု ဖိုးကြွယ်ကျေးရွာရှိတောင်သူများမှာ မိုးခေါင်သဖြင့် ရေမရရှိခြင်း၊ ဖိုးကြွယ်ရွာမှာ ဆည်မြောင်းဖြင့်ဝေခြင်းနှင့် ယခင် ၂၀၁၃ ခုနှစ်ခန့်က တူးဖော်ခဲ့သော ရေတွင်းများမှလည်း ရေမရရှိခြင်းကြောင့် နောင်စိုက်ပျိုးမည့် မြေပဲကဲ့သို့ သီးနှံများအတွက် ရေရရှိရန် ရေတွင်းတူးဖော်ခြင်းများ ဆောင်ရွက်ပေးနိုင်ရန် လိုလားလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဘိုဘို(မလှိုင်)**



မလှိုင်မြို့နယ် ဖိုးကြွယ်ကျေးရွာ၌ ကျေးရွာတောင်သူတစ်ဦးစိုက်ပျိုးထားသည့် နှမ်းခင်းကို တွေ့ရစဉ်။

# နိုင်ငံတစ်ဝန်း ဩဂုတ် ၃ ရက်အထိ ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ကြောင့် သေဆုံးသူ ၈၇ ဦးရှိ

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃ ရက်အထိ ဓာတ်ခွဲ အတည်ပြုပြီးနောက် ရောဂါပိုးတွေ့ရှိသူ ၄၅၇ ဦးရှိကာ ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သုံးဦး တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူ ၈၇ ဦးရှိပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ရောဂါပိုးတွေ့ရှိသူမရှိသေးကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 သံသယရှိသဖြင့် ယမန်နေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၁၀၉၉ ဦးအနက် ရောဂါဖြစ်ပွားသူ ၄၅၇ ဦးရှိပြီး စုစုပေါင်း သေဆုံးသူ ၈၇ ဦးအထိ တိုးလာနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၅၁၅ ဦးအနက် ရောဂါဖြစ်ပွားသူ ၂၃၀ ရှိကာ သေဆုံးသူ ၆၃ ဦးရှိပြီဖြစ်၍ H1N1 ကြောင့် သေဆုံးမှုအများဆုံးဖြစ်နေသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၃၇ ဦးအနက် သေဆုံးသူရှစ်ဦး၊ ကချင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၉ ဦး၊ သေဆုံးသူတစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၂၀၊ သေဆုံးသူ ငါးဦး၊ မကွေးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၁၉ ဦး၊ သေဆုံးသူနှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၁၀ ဦး၊ သေဆုံးသူသုံးဦး၊ မွန်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ကိုးဦး၊ သေဆုံးသူသုံးဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရောဂါဖြစ်ပွားသူခြောက်ဦး၊ သေဆုံးသူတစ်ဦး၊ ရခိုင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၈ ဦး၊ သေဆုံးသူ တစ်ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ထို့အပြင် ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါဖြစ်ပွားသူ နေပြည်တော်တွင် ၄၃ ဦး၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တွင် ခုနစ်ဦးစီ၊ မန္တလေးတိုင်းဒေသကြီးတွင် ငါးဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လေးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးဦးရှိပြီး စုစုပေါင်း ရောဂါဖြစ်ပွားသူ ၄၅၇ ဦးနှင့် သေဆုံးသူ ၈၇ ဦးရှိပြီဖြစ်သည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားသူများအနက် အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ ၅၂ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၂ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ၁၃ ရာခိုင်နှုန်း၊ အသက် တစ်နှစ်မှ ငါးနှစ်အထိ ၁၇ ရာခိုင်နှုန်းနှင့် အသက်တစ်နှစ်အောက်တွင် ခြောက်ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

**သီဟစည်သူ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းကို ၁၉-၈-၂၀၁၉ရက်မှ ၂၇-၉-၂၀၁၉ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သဖြင့် ပြင်ပမှ တက်ရောက်လိုသည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ သင်တန်းသား(၅၀)ဦး လက်ခံမည်ဖြစ်ရာ ၁၂-၈-၂၀၁၉ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန** - အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃

## စက်မှုဝန်ကြီးဌာန၊
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)ရှိ တောင်ပေါ်ယာဉ်ရပ်နားစခန်းနှင့် ထုတ်လုပ်ရေးရုံး (၅၀'×၂၀'×၁၄')အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့် စည်းကမ်းချက်ကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်တွင် ၅-၈-၂၀၁၉ရက်မှ ၃-၉-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၃-၉-၂၀၁၉ရက် မွန်းတည့် ၁၂:၀၀နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၀၉၆၁၈၊ ၃၄၀၉၆၃၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့မှ မြို့ကွက်သစ်ဇရိယာများတွင် ဂရန်ရရှိထားပြီးဖြစ်သော်လည်း မြေပြင်တွင် အဆောက်အအုံအခိုင်အမာဆောက်လုပ်ထားခြင်းမရှိသေးသည့် မြေကွက်လပ်များကို တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြီးသာယာလှပရေးအတွက် ဂရန်ရရှိပြီး မြေကွက်လပ်များ (တရားရုံးအမှုဖြစ်ပွားဆဲ၊ ကျူးကျော်မှုများမရှင်းလင်းနိုင်သေးသည့်ဂရန်များမပါ) တို့တွင် အခိုင်အမာအုတ်တံတိုင်းဝင်းခြံကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုမိန့်များရယူပြီး အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန်နှင့် ဂရန်သက်တမ်းကုန်ဆုံးချိန်အထိ ဆောင်ရွက်ခြင်းမရှိပါက ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၉-၈-၂၀၁၉ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချ/- တင်သွင်းမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့
(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၉-၂၀၁၉ရက် (တနင်္လာနေ့)၁၆:၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၃၅၆၄၊ ၀၅၉-၂၀၂၄၉၅ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။ www.tniregion.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံကြေညာပါမည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ည လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၁-၈-၂၀၁၉ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၈-၂၀၁၉ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံသုံးရုံတွင် ကျောင်းစိမ်းပိတ်များရက်လုပ်ရန်အတွက် လိုအပ်သော (၂/၈၀)စီချည်ကုံး အနက်ရောင် (ပြည်ပ)၄၆၇၀၀ပေါင်နှင့် ၂/၃၂စီလွန်ချည်ကုံး အစိမ်းရောင်(ပြည်ပ)၇၉၄၀၀ပေါင်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါအမှတ်** - ၀၈/ချည်ကုန်ကြမ်း /၂၀၁၈-၂၀၁၉
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်ရက်** - ၆-၉-၂၀၁၉ရက်(သောကြာနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်-

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကချင်ပြည်နယ်ကုသရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၈-၂၀၁၉ရက်
**ပိတ်သိမ်းမည့်ရက်** - ၁၉-၈-၂၀၁၉ရက် ညနေ ၄:၀၀နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၅၂၆၆၁၂၊ ၂၅၂၆၆၁၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေး ဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၈-၂၀၁၉ရက်
**ပိတ်သိမ်းမည့်ရက်** - ၁၉-၈-၂၀၁၉ရက် ညနေ ၄:၀၀နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၅၂၂၃၄၂၊ ၂၅၂၆၆၇၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အထက(ကမ်းနီ)သတ္တမတန်းမှ မိဝင်းသင်္ဂီအောင်၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၃/ကကရ(နိုင်)၂၃၀၇၃၅ ဖြစ်ပါကြောင်း။ **ဦးအေးနိုင်**

### အမည်မှန်

ဦးထွန်းနောင်-ဒေါ်မိအေးမြင့်တို့၏ သမီး မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မိလေယျာနဒီလှိုင်၏ အမည်မှန်မှာ နဒီလှိုင် ဖြစ်ပါကြောင်း။ **နဒီလှိုင်**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထွန်းအောင် ၁/မကန(နိုင်)၁၀၉၃၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၁၂၄၅၁၇၇**

### ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ နှောကုန်းကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မောင်လှိုင်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဝင်း ၅/ရဉန(နိုင်)၀၇၇၅၉၉ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မိုဟန်လားလ် ၁/မကန(နိုင်)၀၅၈၃၂၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၆၈၂၁၄၄**

### ဖခင်အမည်မှန်

တမူးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မခင်မျိုးသန့်၏ ဖခင်အမည်မှန်မှာ ဦးစိန်မင်းအောင် ၅/တမန(နိုင်)၀၅၇၆၇၁ ဖြစ်ပါကြောင်း။

### အမည်ပြောင်း၊ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မငွါးနာဂူအား မအားနာဂူဟု ပြောင်းလဲခေါ်ဆိုပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဆီးထွေ ၁/ပတအ(နိုင်)၀၁၄၈၇၄ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

တမူးမြို့နယ်၊ ခမိတ်ကျေးရွာနေ ဦးဇော်ဝင်းထိုက်၏သား မောင်အောင်ပြည့်ပြည့်ဖြိုးအား မောင်လမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

### မွေးသက္ကရာဇ်အမှန်

တနိုင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဂွါဒီးဆာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တမူးခရိုင်၊ခမ်းပါတ်မြို့၊ နန်းခေါက်ခေါက်ကျေးရွာနေ မောင်မိုးစက်မန်ရှန့်လျန်၏ ဖခင်အမည်မှန်မှာ ဦးဆေးခိုလှိုင် ၅/ဟမလ(နိုင်)၁၇၃၁၂၇ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်မျိုးအောင် ၁/မကန(နိုင်)၂၃၉၇၆၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၅၁၃၅၆၉**

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(C)မှ မကျော့ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၅/မရန(နိုင်)၂၈၂၀၆၇ ဖြစ်ပါကြောင်း။

## ကြေးတိုင်နှင့် မြေစာရင်းအရာရှိ ၁၅၀ သို့ ဖိတ်ကြားလွှာ

ဒို့တွေ ကြေး/မြေဌာနကို ၁၉၇၆ ခုနှစ်က စတင်ဝင်ရောက်အမှုထမ်းခဲ့တာမို့ အခု ၂၀၁၉ ခုနှစ် ဩဂုတ်လဟာ ဒို့ငယ်သူငယ်ချင်းများရဲ့ (၄၃)နှစ်မြောက်မွေးနေ့ဖြစ်တယ်။ နောက်ပြီး အလုပ်ကအငြိမ်းစားယူကြပြီးတဲ့နောက် ဒို့တွေ နှစ်စဉ်ပြန်လည်တွေ့ဆုံပွဲတွေလုပ်ခဲ့တာ ဒီနှစ်ဆိုရင် သတ္တမအကြိမ် ပြန်လည်တွေ့ဆုံမိတ်ဆုံစားပွဲလည်းဖြစ်တယ်။ ဘဝသက်တမ်းရဲ့ ကျန်နေသေးတဲ့ အခွင့်သာခိုက်လေးမှာ အခါအခွင့်ကြုံကြိုက်တုန်း အခင်အမင်မပျက် အစဉ်အလာလည်းမဖျက်ဘဲရင်မှာ တသသဖြစ်ခဲ့တဲ့ အတိတ်ဟောင်းတွေနဲ့ ပြန်ထွေးလုံးရစ်ပတ်ရင်း နှလုံးကြည်မွေ့စရာတစ်နေ့တာ အချိန်လေးဖြတ်သန်းကြရအောင် ဒို့(၁၅၀) သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံပွဲကို တက်ဖြစ်အောင် တက်ပေးကြပါလို့ အစီအစဉ်လေးနဲ့တကွ နှိုးဆော်အသိပေးလိုက်ပါတယ်။

**နေ့ရက်** - ၁၁-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉:၀၀နာရီမှ မွန်းလွဲ ၁:၀၀နာရီထိ
**နေရာ** - M3 Food Center အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်

(အခမ်းအနားတက်ရောက်လာသူအားလုံးကို လုံးဝအမှတ်တရဖြစ်စေမယ့် လက်ဆောင်ပစ္စည်းများပေးအပ်ပါမယ်။ ဖိတ်စာများကို စာတိုက်မှတစ်ဆင့် ပေးပို့ထားပါတယ်။ ဖိတ်စာမရောက်ပါကလည်း တစ်ဆင့်စကားနဲ့ ကြားသိရင်ဖြစ်စေ၊ ဒီကြော်ငြာလေးတွေ့ရင်ဖြစ်စေ တက်ရောက်နိုင်အောင်လို့ နှိုးဆော်အသိပေးလိုက်ရပါတယ်။)

**ကျင်းပရေးဦးစီးကော်မတီ**

## ရန်ကုန်တက္ကသိုလ်
## ဒဿနိကဗေဒကျောင်းသားဟောင်းများအဖွဲ့
## ဖွဲ့စည်းရေးအစည်းအဝေးဖိတ်ကြားခြင်း

၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့်ပွဲတော်အတွက် အကြိုလှုပ်ရှားမှုများနှင့်အခမ်းအနားများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒကျောင်းသားဟောင်းများအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၁၉၂၀ ခုနှစ်မှ ၂၀၁၉ ဒီဇင်ဘာလအတွင်း ရန်ကုန်တက္ကသိုလ်တွင် ဒဿနိကဗေဒဘာသာရပ်ကို အထူးပြု၍ (ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာ) သင်တန်းများ၌ တက်ရောက်ပညာဆည်းပူးခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများအားလုံး ဖွဲ့စည်းရေးအစည်းအဝေးသို့ အောက်ပါအစီအစဉ်အတိုင်း ပါဝင်တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**နေ့ရက်** - ၇-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)
**အချိန်** - နံနက် ၉:၃၀ နာရီ
**နေရာ** - အမရဆောင်-တိုးချဲ့(၁)၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

## ပေါင်မြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ပေါင်မြို့နယ်အသင်း(ရန်ကုန်)၏ ရန်ကုန်တွင်သီတင်းသုံးနေထိုင်ကြကုန်သော ပေါင်မြို့နယ်ဖွား သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံးနှင့် ရန်ကုန်ရောက် ပေါင်မြို့နယ်သားများအားလုံးအား ကြွရောက်ကြပါရန် ခင်မင်လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၈-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီ
**ကျင်းပမည့်နေရာ** - မွန်ပိဋကတ်တိုက် (မွန်ဓမ္မာရုံ) ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်

**ပေါင်မြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(C)မှ လွေးအိအိချော၏ ဖခင်အမည်မှန်မှာ ဦးလို့ထာ(ခ) ဦးလုမ်ထာ ၁၃/နခန(နိုင်)၀၅၈၆၃၉ ဖြစ်ပါကြောင်း။
**ဦးလို့ထာ(ခ)ဦးလုမ်ထာ**

### မိဘအမည်မှန်

မန်စီမြို့၊ အထက(မန်သာ)၊ Grade-6မှ မလောင်အွမ်၏အမည်မှန်မှာ မနန်းအိစံ ဖြစ်ကြောင်းနှင့် မိဘအမည်မှန်မှာ ဦးကိုမင်း ၅/ကသန(နိုင်)၀၀၆၈၁၉နှင့် ဒေါ်အေးယုန် ၉/မကန(နိုင်)၀၅၇၄၇၄ ဖြစ်ပါကြောင်း။
**ဦးကိုမင်း-ဒေါ်အေးယုန်**

### ဖခင်အမည်မှန်

ဦးအောင်ဖေနှင့် ဒေါ်လွေးအီစော တို့၏သမီး နမ့်ခမ်းမြို့၊ အထက(၁) ဆဋ္ဌမတန်း(B)မှ နန်းအေချို၏ အမည်မှန်မှာ လွေးအေချိုဖြစ်ပါကြောင်း။ **လွေးအေချို**

### မိခင်အမည်မှန်

မန်စီမြို့နယ်၊ မန်ဝိန်းလေးကျေးရွာနေ ဦးထွန်းအောင်၏သမီး အထက(ဟန်ထက်) KG တန်းမှ မအေးစန္ဒာကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ချစ်စိန် ၁/မစန(နိုင်)၀၅၅၄၅၄ ဖြစ်ပါကြောင်း။
**ဒေါ်ချစ်စိန်**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

မြဝတီမြို့၊ အမှတ် (၅)ရပ်ကွက် သုခလမ်းနေ ဒေါ်တင်သီတာထွန်း(ခ) ဒေါ်မီးမီး ၁၀/ဘလန(နိုင်)၀၅၉၅၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြဝတီမြို့၊ အမှတ် ၄ရပ်ကွက်၊ ဓိဋ္ဌာန်အောင်ဘုရားလမ်းနေ ဦးရဲဝင်းလေး ၃/ကဆက(နိုင်)၀၃၇၆၉၀ နှင့် ဒေါ်တင်သီတာထွန်း(ခ)ဒေါ်မီးမီးတို့သည် ၂၀၁၈ ခုနှစ် မေ ၁၇ရက်တွင် အထက်တန်းရှေ့နေ ဒေါ်ဝင်းနန္ဒာမိုး (စဉ်-၄၅၅၆၉)နှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါကြောင်းနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းခန်းကိစ္စရပ်များနှင့်ပတ်သက်၍လည်း နှစ်ဦးသဘောတူရှင်းလင်းပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်သီတာထွန်း(ခ)ဒေါ်မီးမီး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၈/၁၇)**
**အမှတ် (ခ/၄၉) (၅)ရပ်ကွက် ဦးအောင်ဇေယျလမ်း၊ မြဝတီမြို့၊**
**ဖုန်း-၀၉-၇၉၂၃၃၄၉၃၁**
**ဒေါ်စန္ဒာမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၀၈/၁၈)**
**အိမ်အမှတ် (၄/၂၁) ဘိုးရာဇာလမ်း**
**အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့၊**
**ဖုန်း-၀၉-၄၂၅၃၅၂၀၄၇**

### ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ကန်ပြား) တက္ကသိုလ်ဝင်တန်းမှ မတိုးတိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်သန်း ၈/မကန(နိုင်)၁၅၇၆၁၃ ဖြစ်ပါကြောင်း။ **ဦးမြတ်သန်း**

### ဖခင်အမည်မှန်

မိုင်းတုံမြို့၊ ဝမ်ဆာလားကျေးရွာနေ ဦးမိုးမင်းကို၏ ဖခင်အမည်မှန်မှာ ဦးဟာဆင် ၅/ဘတလ(နိုင်)၀၂၅၁၈၉ ဖြစ်ပါကြောင်း။
**ဦးဟာဆင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဖြတ်မြို့နယ်၊ ဝမ်ဟွေရပ်ကွက်နေ မြန်မာ့စာတိုက်လုပ်ငန်းတွင် ဆသရ-၃ တာဝန်ထမ်းဆောင်နေသူ ဒေါ်အေးမိစံနှင့် ဒေါ်မီးစံ ၁၃/မဖန(နိုင်)၀၁၈၈၆၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်အေးမိစံ(ခ)ဒေါ်မီးစံ**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်း (C)မှ မကိုင်ထန်၏ ဖခင်အမည်မှန်မှာ ပုံစံ၆၆/၆ အရ ဦးနန်းဖိန်နော်လီ ဖြစ်ပါကြောင်း။
**ဦးနန်းဖိန်နော်လီ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း (C)မှ မောင်ကျော်သူရ၏ ဖခင်အမည်မှန်မှာ ဦးလင်းလင်းကို ၈/မမန(နိုင်)၁၃၀၁၄၅ ဖြစ်ပါကြောင်း။
**ဦးလင်းလင်းကို**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆူးဝင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပဉ္စမတန်း(A)မှ မခင်မိုးအေးနှင့် တတိယတန်းမှ မရီရီဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဆယ် ၈/မမန(နိုင်)၁၂၃၉၇၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အေးမြသာယာ၊Grade-3မှ မောင်ထက်တေဇ၏ ဖခင်အမည်မှန်မှာ ဦးပေါလူ ၇/ပတတ(နိုင်)၀၇၆၅၄၈ ဖြစ်ပါကြောင်း။ **ဦးပေါလူ**

### ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထောင်မြို့ အထက တက္ကသိုလ်ဝင်တန်းမှ မအိမ္ဗွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၁၄/ကပန(နိုင်)၁၃၈၇၅၉ ဖြစ်ပါကြောင်း။**ဦးကျော်လွင်**

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ရွှေပင်ဆင့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းခန့်သူ၊ ကသာမြို့နယ်၊ နွားကူးအလက အဋ္ဌမတန်းမှ မောင်ထက်ဦးလှိုင်နှင့် Grade-1မှ မအိသန္တာမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/မနမ(နိုင်)၀၂၂၈၈၄ ဖြစ်ပါကြောင်း။
**ဦးခင်မောင်မြင့်**

### ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကျွန်းကြားကြီးကျေးရွာနေ မောင်မင်းချစ်သူ၏ ဖခင်အမည်မှန်မှာ ၂၀၁၈ခုနှစ် ရန်ကုန်အဝေးသင်တက္ကသိုလ် ဘွဲ့ထောက်ခံစာ (ယာယီ)အရ ဦးအောင်ဇော်ဦး ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်ဦး**

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ မုခ်ဦး၊
အုတ်တံတိုင်း ဒါယကာကြီး

## ဦးမြမောင် (ကျူပျော်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၁၉) D-2/3 နေ (ဦးမောင်ရေ-ဒေါ်ဂျမ်း)တို့၏သား၊ မြနန္ဒာကျောင်းတိုက် ဆရာတော်ဦးနန္ဒိယ၏ အလှူဒါယကာကြီး၊ မြနန္ဒာသာသနာပြု ဒေါ်နီနီအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးယုဝင်း-ဒေါ်မြဥမ္မာ၊ ဦးကိုကိုမောင်-ဒေါ်ခင်သီတာဖြိုး၊ ဦးညီညီမောင်(ခိုင်စိုး)-ဒေါ်မီမီလွင်၊ ဒေါ်မြသန္တာတို့၏ဖခင်၊ ရတနာမိုးယု၊ မွေးအိန္ဒြာမိုးယု၊ နန္ဒဝင်းထွဋ်၊ သီဟန်မိုးယု၊ နန္ဒရတနာတို့၏အဘိုး ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ဝင်(ငြိမ်း)မြနန္ဒာ ရာမမြို့ဦးကျောင်းတိုက် ဒါယကာကြီး၊ ရပ်ရှင်မင်းသားဟောင်းကြီး၊ ရွှေနဂါး၊ ဗီဒီယို ရွှေမင်းသား ဆေးဆိုးပန်းရိုက်၊ ကော်မာလုပ်ငန်း-ငါးထပ်ကြီးကျောင်းတိုက် ရာသက်ပန်ဆွမ်းအလှူရှင်၊ ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ မုခ်ဦး၊ အုတ်တံတိုင်း ဒါယကာကြီး ဦးမြမောင် (ကျူပျော်)သည် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၀၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီ

အသက်(၈၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ် ၁၆၈နေ(ဦးလှဖေ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဦးဘချစ်-ဒေါ်လှရင်)တို့၏သမီး၊ ဦးမြ(Ship Design and Construction Engineer)ဒေါပုံသင်္ဘောကျင်း(ငြိမ်း) ၏ချစ်လှစွာသောဇနီး၊ ဦးကျော်သန်း(မြကန်သာ သင်္ဘောကျင်း)-ဒေါ်မြမြရီ(လ/ထ ညွှန်မှူး၊ ရေကြောင်းဦးစီးဌာန)၊ ဦးမိုးရဲ ဇော်(အကောက်ခွန်-ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်မျိုးရီ(S.A.E စစ်ဆေးရေးဌာန Y.C.D.C)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇေယျာနောင်(Production Engineer, Nawarat Advance Prefab Myanmar)၊ မောင်ဇေယျာနိုင်(1st Yr,Botany, E.Y.U)၊ မရွှေယမင်းဦး(1st Yr, Law, E.Y.U)၊ မောင်ဥက္ကာကျော် (အထက-၂၊ ဗိုလ်တထောင်)တို့၏ဘွားဘွားကြီးသည် ၃-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဒေါက်တာဦးမြတ်ထွဋ် (ထားဝယ်)၊ အား/ကာ(ငြိမ်း)

ရွှေတိဂုံဘုရား ရေကြည်တော်ဝတ်အသင်း၊
ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားရောင်တော်ဖွင့် ဝေယျာဝစ္စ အဖွဲ့၊
ဂန္ဓာမိကလျာဏ ဆွမ်းကပ် အဖွဲ့နှင့်
ပီတိလူမှုကူညီရေးအသင်းတို့၏ နာယကကြီး

အသက်(၇၁)နှစ်

ထားဝယ်မြို့နေ (ဦးဖန်ငါ-ဒေါ်ဖူးစိန်)တို့၏သား၊ [ဦးဂွမ်ရှိန် (အား/ကာ ညွှန်ချုပ်-ငြိမ်း)-ဒေါ်ရီရီ]တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီမဥ္ဇူလမ်း၊ အမှတ်(၂၂/F)နေ ဒေါ်သီတာရှိန်၏ခင်ပွန်း၊ ဦးဇေယျာထွဋ်၊ ဒေါက်တာဒေါ်ဝေနှင်းထွဋ်-ဦးဇော်မင်းသက်၊ ဦးအောင်ဇော်ထွဋ်-ဒေါ်ခိုင်ဝတ်ရည်တို့၏ဖခင်သည် ၁-၈-၂၀၁၉ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက် ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်ထွဋ်(ခ) Peter Sein Mg

**Highland lodge Hotel**

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ [ဦးစိန်မောင် (စိန်မောင်ရုပ်ရှင်)-ဒေါ်တင်အေး]တို့၏သား၊ [ဦးစိုးမင်း(ခ)Harry Sein Mg ]-ဒေါ်ခင်လှတို့၏ညီ/မောင်၊ ဒေါ်မာမာစိန်မောင်၊ ဒေါ်မာလာစိန်မောင်၊ ဦးဘိုဘိုစိန်မောင်-ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်ချိုချိုစိန်မောင်တို့၏အစ်ကို၊ ဒေါ်သန်းသန်းနွယ်(ယခင် ပထဝီဌာန၊ ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့်၊ ဒေါ်လှစုနွယ်-ဦးပီတာအောင်၊ ဦးစိုးသန့်တို့၏ချစ်လှစွာသောဖခင်၊ Paige Ung နှင့် Alex Ungတို့၏အဘိုးသည် ၃၁-၇-၂၀၁၉ရက်တွင် Australia နိုင်ငံ Rockhampton မြို့တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့်**

**အသက်ကယ်ပါ**

---

သထုံမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်အမှတ်-၁၆၉၇
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်စီစီမြင့်(သထုံ) အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊သီရိလမ်း၊ အမှတ်၁၆(အေ)၊ မြေညီထပ်နေ (ဦးမြင့်သိန်း-ဒေါ်သန်းနွဲ့)တို့၏သမီး၊ (ဦးစောလွင်-ဒေါ်ပြုံးညွန့်)၊ ဒေါ်မေစီစန်းတို့၏တူမသည် ၂-၈-၂၀၁၉ရက်(သောကြာနေ့) နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ **အမှုဆောင်အဖွဲ့**

---

သီဟသုမေ္မမဏိဇောတရေ

## ဦးစိုးသိမ်း (မြို့နယ်ရဲတပ်ဖွဲ့မှူး-ငြိမ်း)၊ ဒိုက်ဦးအသင်း

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ်(၄၉/၅၃) နေ(ဦးလှဘော်-ဒေါ်အေးကြည်)တို့၏သား၊ သုမေ္မသီဂီဒေါ်ယဉ်ယဉ်နု(မြတ်မွန်ရတနာသင်္ကန်းတိုက်)၏ခင်ပွန်း၊ (ဦးဇေယျာသိမ်း)၊ ဦးသောင်းထွဋ်-ဒေါ်မြင့်မြင့်စိုး(စင်ကာပူ)၊ ဦးကျော်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ ဦးတင်စိုးကျော်(လ/ထ ညွှန်မှူး DMA)-ဒေါ်တင်ရွှေ(အလပြ)၊ ဦးကျော်ဇေယျ၊ ဦးလှမိုးသိမ်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၄-၈-၂၀၁၉ရက် နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) နေ့လယ်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဝင်းလှိုင်

ဒုတိယအင်ဂျင်နီယာချုပ်
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကချင်ပြည်နယ်

အသက်(၅၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာနေ ဦးချစ်-ဒေါ်တင်ကြည်တို့၏သား၊ ညောင်လေးပင်မြို့နေ ဦးကောက်-ဒေါ်ခင်ကြည်တို့၏သားသမက်၊ မောင်ဖြိုးမြတ် ဝင်းလှိုင်၏ဖခင်၊ ဒေါ်အေးအေးခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Praran-9ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်တပင်ကျေးရွာ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းလှိုင်

ဒုတိယအင်ဂျင်နီယာချုပ်
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကချင်ပြည်နယ်

အသက်(၅၃)နှစ်

သူငယ်ချင်းများနှင့်အတူ ကျရာတာဝန်ထမ်းဆောင်နေသော ဦးဝင်းလှိုင်သည် ၄-၈-၂၀၁၉ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**95 အလုပ်ဝင်ရောက်သူငယ်ချင်းများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးသက်နိုင်ဦး(ခ)ကိုကြီးမယ်ဒယ်

(သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်)

အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင် ၅လမ်း၊ တိုက် (၅၃/၁)နေ ဦးမောင်မောင်လေး-ဒေါ်တိုးတိုးဝင်း(FEID)တို့၏သား၊ ဦးသက်နိုင်စိုး-ဒေါ်လင်းလင်းမိုးတို့၏အစ်ကို၊ မောင်ဂလိုရီပိုင်စိုးလင်း၏ဘကြီးသည် ၄-၈-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၈-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ဘီးတောင်ရပ်၊ အကွက်အမှတ်(၂၀)၊ တရုတ်တန်းနှင့် ကြူတောမီးမြေကွက်အမှတ် ($\frac{၆}{၁၇၂}$)၊ ၀ဒသမ ၀၇၁ ဧကရှိ ဦးစိုးနိုင်အမည်ပေါက်မြေအား ဦးခင်မောင်လင်းမှ မြေငှားဂရန်အမည်ပြောင်းနှင့် သက်တမ်းတိုးလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက မြေယာဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၄၆၂၉၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတင်စိုးအမည်ပေါက် ပါမစ်မြေကွက်အား ဦးကျင်ဌေး၊ ဒေါ်သန်းသန်းအေး၊ (ဘ)ဦးကျင်ဝင်း၊ ဦးကံညွန့်၊ ၁၄/ရကန(နိုင်)၀၀၅၃၈၉၊ ၁၄/ရကန(နိုင်)၀၀၅၅၀၁မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တမူးမြို့၊ စန္ဒကူးရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၃/စန္ဒကူးရပ်)၊ ဦးပိုင်အမှတ်(၄၅)၊ မြေမျိုးနှင့်အတန်း(မြို့မြေ-II)၊ ဧရိယာ၀ဒသမ၁၁၇ဧကရှိ မြေကွက်အား ဦးအောင်ထွန်းဝေအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ခွင့်ပြုချထားပေးခဲ့ရာ အဆိုပါမြေကွက်အား ဒေါ်အမီကာဒေဗီ ၁/မကန(နိုင်)၀၀၆၂၁၄မှ ၂၅-၃-၂၀၁၉ရက်တွင် တမူးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်သဖြင့် မြေငှားဂရန်အမည်ပြောင်းလဲခွင့်ပြုပါရန် သက်ဆိုင်ရာအထောက်အထားများနှင့်အတူ တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလာသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဦး

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ အကောက်ခွန် ၂လမ်း၊ အမှတ် ၁၀နေ (ဦးဂေါ်ဟုတ်ဘွန်-ဒေါ်ရီ)တို့၏သမီး၊ (ဦးသိန်းဟန်၊ လ/ထ ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးလှမင်းဟန်-ဒေါ်တင်တင်ခိုင်၊ ဒေါ်မူမူဟန်၊ ဒေါ်သင်းသင်းဟန်တို့၏ချစ်လှစွာသောမိခင်၊ မဆုရတီထက်ဟန်၏အဘွားသည် ၄-၈-၂၀၁၉ရက် နံနက် ၁း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ရက်(စနေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Paschal ဦးမျိုးသန့်(ခ)ဦးချစ်ဦး

အထက်တန်းပြကျောင်းဆရာ(ငြိမ်း)
အထက(၄)ပုဇွန်တောင်၊ အထက(၁)ဗိုလ်တထောင်
အထက(၃)ပန်းဘဲတန်း

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ Naing Group Sule Tower (၂)ပထမထပ်၊ အခန်း(၃၈)နေ အင်ဒရူး ဦးစိန်မာဂရက်- ဒေါ်အေးသွယ်တို့၏သား၊ ဒေါ်လူစီ၏ခင်ပွန်း၊ Fr.Hubert ဦးမျိုးသန့်ဦး၊ အရှင်မဟိသရ(ခ)ဦးမျိုးသန့်လွင်၊ ဦးမျိုးသန့်စဉ်- ဒေါ်တင်ထွေးရီ၊ (ဦးမိုးကျော်)-ဒေါ်စန္ဒာမျိုးသန့်၊ ဦးသူရမောင်-ဒေါ်သန္တာမျိုးသန့် (U.S.A)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်အောင်ကျော်လမ်း၊ စိန့်မေရီကာသီဒြယ်နှင့် စိန့်ဂျွန်းမောင်ထော်လေး ကက်သလစ်ဘုရားရှိခိုးကျောင်း (ဗိုလ်ဆွန်ပတ်လမ်း)တို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းထွန်း

အထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ရန်ကုန်

အသက်(၇၈)နှစ်

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ရွှေတံခါးလမ်း၊ အမှတ် ၅၃နေ ဒေါ်နီနီလှိုင် [မြန်မာ့စီးပွားရေးဘဏ်၊ ဒုတိယကြီးကြပ်ရေးမှူး(ငြိမ်း)]ပြည်မြို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာအောင်သူထွန်း (ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့)-ဒေါက်တာသီသီဟန် (နေပြည်တော် ပြည်သူ့ဆေးရုံကြီး-ခုတင်-၁၀၀၀)၊ မောင်မြတ်သူထွန်း(MYAT THU FLORAL Services)-မလှိုင်းဇာခြည်ဦး၊ ဒေါက်တာဖွဲ့သူထွန်း(URC)-ဒေါက်တာမဆေး(အာရှတော်ဝင်ဆေးရုံ)တို့၏ဖခင်၊ မောင်ဖွဲ့ထက်နောင်၊ မငွေကြယ်စင်တို့၏အဘိုးသည် ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ သဖြင့် ၆-၈-၂၀၁၉ရက် ညနေ ၄နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးကျင်ဝင်း အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့(၆)ရပ်ကွက်၊ ပထမလမ်း၊ အမှတ် (၁၅)နေ (ဦးယုံ-ဒေါ်ချို)တို့၏သား၊ ဒေါ်ကျင်ရီ၏ခင်ပွန်း၊ ဒေါ်ခင်သိန်းအေး(ခ)ဒေါ်မွေးမွေး၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးမင်းလွင်၊ (ဦးအောင်ထွန်း)တို့၏အစ်ကို၊ ဦးဇင်မျိုးမောင်-ဒေါ်မျိုးပပသိန်း၊ ဗိုလ်ကြီးဇင်မျိုးထွန်း၊ ဦးအောင်မျိုးကျော်၊ ဦးမျိုးမြင့်လွင်-ဒေါ်ခင်စန္ဒာလွင်တို့၏ဖခင်၊ မောင်ကောင်းစည်သူခန့်၊ မောင်စွမ်းပြည့်စုံတို့၏အဘိုးသည် ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ငြိမ်းအေးဇရပ်၌ တရားတော်နာယူပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ (၃၃)လမ်းအထက်၊ ကျောက်တံတားသာသနာ့ဟိတ ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်မောင်မောင်ဝင်း အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ သခင်ခင်ဇော်(၁)လမ်း၊ အမှတ် ၅၄နေ ဦးစိန်ဝင်း[ဆပ်ပြာ စက်ရုံ(၁)(ငြိမ်း)]-ဒေါ်စန်းစန်းဝင်း(London)တို့၏သား၊ ဦးအောင်စိုးမြင့်-ဒေါ်လီလီချိုဝင်းတို့၏မောင်၊ Mr.Clinton Pedlow-Mrs. Annie Pedlow၊ ကိုသောင်းဒန်၊ မမီမီဝင်း၊ ကိုဘိုဘိုဝင်း-Mrs.Phut Engphayung တို့၏အစ်ကို၊ မောင်ဥက္ကာစိုး၊ မောင်အာကာစိုး-မသူဇာအောင်၊ မောင်ဝဏ္ဏစိုး-နန်းခင်သင်းအေး၊ Ms.Wilailak Ingphayung တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးလေး၊ ရန်ကုန်မြို့၊ မင်းဓမ္မ ဥယျာဉ်အိမ်ရာ၊ C-15,1006 နေ ဒေါ်ဝင်းဝင်းသန့်[တွဲဖက် ပါမောက္ခ၊ ဌာနမှူး(ဂျပန်) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်]၏ခင်ပွန်းသည် ၃-၈-၂၀၁၉ရက် (စနေနေ့) ည၇း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၈-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

# Volleyball Championship ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် SMM 3rd U-23 Asian Men's Club "Asia World Foundation" Volleyball Championship ပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

**ဆက်လက်ယှဉ်ပြိုင်ကစား**

ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ပါကစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ သီရိလင်္ကာအသင်းနှင့် မြန်မာအသင်း၊ တရုတ်(တိုင်ပေ)အသင်းနှင့် ကာတာအသင်း၊ ထိုင်းအသင်းနှင့် တရုတ်အသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ဗီယက်နမ်အသင်းနှင့် ကာဇက်စတန်အသင်း၊ အိန္ဒိယအသင်းနှင့် နယူးဇီလန်အသင်း၊ ဂျပန်အသင်းနှင့် ဆော်ဒီအာရေဗျအသင်း၊ ဟောင်ကောင်အသင်းနှင့် သြစတြေးလျအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ နေ့စဉ် နံနက် ၁၁ နာရီမှ စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာအသင်း၏ ရိုက်ခုတ်ချက်ကို သီရိလင်္ကာအသင်းမှ ခုခံကာကွယ်စဉ်။

# ရှမ်းယူနိုက်တက်အသင်း ရတနာပုံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဩဂုတ် ၄**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် Southern အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ရပြီး နန္ဒကျော် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အဝေးကွင်း၌ နှစ်ကြိမ်တိုင် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ဒုတိယနေရာတွင် ဆက်ရှိနေပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို တစ်မှတ်အကွာဖြင့် ဖိအားပေးလျက်ရှိသည်။



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ရတနာပုံအသင်းကလည်း ဒဏ်ရာရနေသည့် ဝင်းနိုင်ထွန်းမှလွဲ၍ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုး၊ သက်နိုင်၊ မြတ်ကောင်းခန့်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် ရှမ်းယူနိုက်တက်အသင်းသည် ပုံစံကောင်းရရန် ရုန်းကန်နေရပြီး ရတနာပုံအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ရတနာပုံအသင်း ဂိုးစရခဲ့ပြီး ရဲရင့်အောင် ခေါင်းတိုက်ချပေးသောဘောလုံးကို မြတ်ကောင်းခန့်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တရုတ်-အာဆီယံ ယူ-၁၂ ပြိုင်ပွဲ မြန်မာအသင်း သရေကျ

**ရန်ကုန် ဩဂုတ် ၄**

၂၀၁၉ တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တရုတ်နိုင်ငံ၌ ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်း သရေပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး သုံးဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပြီး လေးမှတ်ရရှိထားသည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စု (ခ)တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်နေပြီး အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၅ ရက် **(ယနေ့)** နံနက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အုပ်စုနောက်ဆုံးပွဲမှာ အရေးပါလျက်ရှိသည်။ **ရဲရင့်ရှိုင်း**

ဩဂုတ် ၃ ရက်အထိ အိမ်ထောင်စု ၄၁၉ စု၊ လူဦးရေ ၂၀၀၀ ကျော် ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိ စာမျက်နှာ - ၁၀

အာဆီယံ ယူ - ၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း ထွက်ခွာ စာမျက်နှာ - ၁၂

ရောဝတီတံတား (ရတနာပုံ )ပေါ်မှ ခုန်ချခဲ့သည့် အမျိုးသား၏ အလောင်း ပြန်လည်တွေ့ရှိ စာမျက်နှာ - ၁၃



အပူအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)
ဒေဝယက္ခ အကျိတ်ကြေအကာမြူမှုန့်ဆေး
အပူအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ
အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141